ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်၊ ကြာသပတေးနေ့။ Thursday, 5 October 2017 (၉၀၆၈)

# နိုင်ငံတကာတွင် ပျံ့နှံ့နေသောသတင်းအမှားများကို သတင်းအမှန်များဖြင့် ပြန်လည်တုံ့ပြန်နိုင်ရေး ဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၄**

“နိုင်ငံတကာကို ကျွန်တော်တို့က သတင်းအတုအယောင်တွေနဲ့ လိမ်ညာဖို့မရှိပါဘူး။ ရည်ရွယ်ချက်မရှိပါဘူး။ အားလည်း မပေးပါဘူး။ သို့သော် ကျွန်တော်တို့ရဲ့ အခြေအနေမှန်ကိုတော့ နိုင်ငံတကာကသိအောင် လုပ်ကိုင်ဖို့လိုအပ်နေတယ်လို့မြင်ပါတယ်။ နိုင်ငံတကာနဲ့ဖြစ်လာနေတဲ့ ပြဿနာဖြစ်လို့ပါ။ ကျွန်တော်တို့ဆီက အကြောင်းအရာသတင်းအချက်အလက်တွေကို သိအောင်၊ ပြန့်ပွားအောင် ကျွန်တော်တို့ စဉ်းစားစီစဉ်ပြီးတော့ဆောင်ရွက်နေတာရှိပါတယ်”ဟု ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

## မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း အားကောင်းနေဟု အစီရင်ခံစာတွင် ဖော်ပြထား

**ရန်ကုန် အောက်တိုဘာ ၄**

စိန်ခေါ်မှုများရှိနေသော်လည်း ယခုနှစ် ခန့်မှန်းမှုအရ မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ အားကောင်းနေသည်ဟု အောက်တိုဘာ ၄ ရက်က ထုတ်ပြန်သော ကမ္ဘာ့ဘဏ်၏ အရှေ့အာရှ-ပစိဖိတ်ဒေသ နောက်ဆုံးရ စီးပွားရေးအခြေအနေများ ထုတ်ပြန်ချက် အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါ အစီရင်ခံစာထုတ်ပြန်မှုကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာနိုင်ငံ ကမ္ဘာ့ဘဏ်ရုံးတွင် ပြုလုပ်ခဲ့ရာ စီးပွားရေးတိုးတက်မှုနှုန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်အဖွဲ့အစည်း၏ ဦးဆောင်ဘောဂဗေဒပညာရှင် Mr. Hans Anand Beck က “နိုင်ငံတော်အစိုးရရဲ့ မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေက ကောင်းတယ်။ ဖြေလျှော့မှု လုပ်ဆောင်ချက်တွေကလည်း ပြည်ပကရင်းနှီးမြှုပ်နှံလိုသူတွေအပေါ် ဆွဲဆောင်မှုရှိပါတယ်။ ပြီးတော့ ဒီနှစ်အတွင်းမှာ ဝင်ငွေကို တည်ငြိမ်အောင် ဆောင်ရွက်နိုင်တဲ့အပြင် ငွေကြေးဖောင်းပွမှုပြဿနာကိုလည်း အလယ်အလတ်အဆင့်ထိရောက်အောင် ထိန်းထားနိုင်တာ၊ ချိန်ညှိမှုတွေ လုပ်ထားတာဒါတွေက မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်လာမှုအပေါ် ကောင်းမွန်တဲ့သက်ရောက်မှုတွေ ဖြစ်လာစေပါတယ်”ဟု ပြောသည်။

၂၀၁၆ ခုနှစ်တွင် ၅ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့သော မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ယခုနှစ်တွင်

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❍



## ကျောက်ဆည် ဆင်ပွဲတော် ပြည်တွင်း၊ ပြည်ပဧည့်သည်များဖြင့် စည်ကားများပြား

**ကျောက်ဆည် အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင် ဆင်လျှုပွဲတော်နှင့် ဆင်အကအလှပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ခြေရှိ ဆင်ပြိုင်ပွဲကွင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ကျောက်ဆည်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ တက်ရောက်အားပေးပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဆင်အဖွဲ့များက အောင်စေပိုင်စေ သီချင်းဖြင့်ကပြသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်များအား မြို့မိမြို့ဖများက ကျောက်ဆည်မြို့ ဆင်လျှုပွဲအမှတ်တရဆင်ရုပ်များ လက်ဆောင်ပေးအပ်သည်။

စာမျက်နှာ ၈ ကော်လံ ၃ သို့ ✻

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017

ကြေးမုံ

# ဝါလကင်းလွတ် သီတင်းကျွတ်

ယနေ့သည် သီတင်းကျွတ်လပြည့် အခါသမယနေ့ဖြစ်သည်။ သီတင်းကျွတ်လပြည့်ဆို၍ ဗုဒ္ဓဘုရားရှင်ကို ယုံကြည်ကိုးကွယ်ကြသော မြန်မာနိုင်ငံအနေဖြင့် ကုသိုလ်ကောင်းမှုများ ပွားများအားထုတ်ကြခြင်းနှင့် သီတင်းကျွတ်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲကြခြင်းဟူသည့် အစဉ်အလာကို ပြုလုပ်လေ့ရှိသည်။ သီတင်းကျွတ်ပွဲတော်နှင့် သီတင်းကျွတ်လ၏ ထူးမြတ်သည့် အစဉ်အလာများ အဖြစ်ထွန်းဆုံးနိုင်ငံမှာ ကမ္ဘာပေါ်တွင် မြန်မာတစ်နိုင်ငံသာရှိသည်ဖြစ်၍ ဂုဏ်ယူမြတ်နိုးဖွယ်ဖြစ်ကြရသလို 'ဝါလကင်းလွတ် သီတင်းကျွတ်'ခြင်း၏ အနှစ်သာရကိုလည်း အထူးသိရှိထားဖို့လိုအပ်ပေသည်။

သီတင်းကျွတ်လပြည့်နေ့သည် မြတ်စွာဘုရားရှင်၏ အဘိဓမ္မာတရားတော်ကို ဟောကြားခြင်းပြီးဆုံးတော်မူသောနေ့ ဖြစ်သည်။ လူသားစင်စစ်မှ သုံးလောကထွတ်ထား ဘုရားဖြစ်လာသော မြတ်စွာဘုရားရှင်ဟောကြားအပ်သည့် အဘိဓမ္မာတရားသည် လူ့ပြည်၏အတိုင်းအတာအားဖြင့် ဝါတွင်းသုံးလ ကြာမြင့်သည်။ နတ်ပြည်၊ ဗြဟ္မာပြည်အတိုင်းအတာအရမူ အချိန်အနည်းငယ်မျှသာကြာမြင့်သည်။ အဘယ်ကြောင့်ဟူမူ လူ့ပြည်မှ နှစ်တစ်ရာသည် တာဝတိံသာနတ်ပြည်တွင် တစ်ရက်တာနှင့် ညီမျှသောကြောင့်ဖြစ်သည်။

မြတ်စွာဘုရားရှင်သည် မိမိနှင့်ထပ်တူထပ်မျှတူညီသော ကိုယ်ပွားနိမ္မိတ ရုပ်ပွားတော်ကို ဖန်ဆင်း၍ သုံးလတာမျှအတိုင်းအတာရှိသောတရားတော်ကို ငါ၏ကိုယ်စားဟောကြားရစ်စေသားဟု အဓိဋ္ဌာန်ပြုတော်မူသည်။ ဤသီတင်းကျွတ်လပြည့်နေ့သည် မြတ်စွာဘုရားရှင်က အဘိဓမ္မာတရားတော်ကို နတ်ပြည်၌ နတ်၊ ဗြဟ္မာအပေါင်းတို့အား အကျယ်နည်းဖြင့် ဟောကြားပြီးဆုံးခြင်းနေ့ ဖြစ်သည်။ စန္ဒကူးတော၌ အရှင်သာရိပုတ္တရာအား အကျဉ်းနည်းဖြင့် ဟောကြားပြီးဆုံးသောနေ့ဖြစ်သည်။

ထိုသို့ဟောကြားပြီးနောက် မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ပြန်လည်ဆင်းသက်လာခြင်းကို ဝေသာလီ၊ ဗာရာဏသီ၊ ရာဇဂြိုဟ်၊ သာဝတ္ထိနေ ပြည်သူပြည်သားများက ဆီမီးများ ထွန်းညှိ၍ လည်းကောင်း၊ ပန်း၊ ရေချမ်းများ ကပ်လှူ၍လည်းကောင်း အုတ်အုတ်ကျက်ကျက် ဖူးမြော်ကြည်ညိုပူဇော်ကြသည့် အစဉ်အလာအတိုင်း ယနေ့ထိတိုင် သီတင်းကျွတ်မီးထွန်းပွဲတော်များ၊ ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြခြင်း ဖြစ်သည်။

ထိုသို့ထူးကဲစွာဖြင့် ဟောကြားတော်မူခဲ့သော အဘိဓမ္မာတရားတော်မှာ မြတ်စွာဘုရားရှင်က သန္တုသိတအမည်ရသော မယ်တော်မိနတ်သားအား ကျေးဇူးဆပ်သည့်အနေဖြင့် ဟောကြားသော တရားဖြစ်ခြင်း၊ တာဝတိံသာနတ်ပြည်၌ တစ်ခဏဟောကြားတော်မူသော တရားဖြစ်ခြင်း၊ လူ့ပြည်၌ ဝါတွင်းသုံးလ ဟောကြားတော်မူသော တရားဖြစ်ခြင်း၊ ပကတိမြတ်စွာဘုရားရှင်နှင့် နိမ္မိတဘုရားရှင်တို့ တစ်လှည့်စီ ဟောကြားတော်မူခြင်းဟူသည့် ထူးခြားချက် လေးမျိုးနှင့်ပြည့်စုံတော်မူသည်။ ထို့အပြင် အဘိဓမ္မာတရားတော်သည် ပါဠိ၏ နက်နဲခြင်း၊ အဓိပ္ပာယ်၏ နက်နဲခြင်း၊ ဟောကြားပုံ အစီအစဉ်၏ နက်နဲခြင်း၊ ဉာဏ်တော်၏ နက်နဲခြင်းဟူသော ဂမ္ဘီရလေးမျိုးနှင့်လည်း ပြည့်စုံသည့် ထူးခြားလေးနက်သော အနှစ်သာရဆောင်ပါသည်။

ထိုအဘိဓမ္မာတရားတော်ကို ရွတ်ပွားပူဇော်ခြင်း၊ ကြားနာရခြင်းဖြင့် လင်းနို့သားဖြစ်ခဲ့ဖူးသော ရဟန်းတော်များကဲ့သို့ နာမရူပ ပရိစ္ဆေဒဉာဏ်ရင့်သန်စေခြင်း၊ မဂ်ဖိုလ်နိဗ္ဗာန် ရောက်ရန်လမ်းကြောင်း အထောက်အပံ့ကောင်းကို ရနိုင်ခြင်း၊ ဘေးဥပဒ်အန္တရာယ်မှ ကင်းဝေးစေခြင်း၊ ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံစေခြင်းစသည့် အကျိုးတရားများကို ရရှိစေနိုင်ပါသည်။ ထို့အပြင် သီတင်းကျွတ်လပြည့်နေ့သည် သံဃာတော်များအနေဖြင့် ဝိနည်းဒေသနာဆောင်သည့်နေ့လည်းဖြစ်၍ ထူးကဲပါသည်။

သို့ဖြစ်ရာ သီတင်းကျွတ်လပြည့် အခါသမယနေ့သည် ထူးကဲမွန်မြတ်သည့် အနှစ်သာရများနှင့်ပြည့်စုံပြီး ကောင်းခြင်းမင်္ဂလာအဖြာဖြာတို့ကို ရရှိစေနိုင်သောကြောင့် ပျော်ရွှင်ဖွယ်ရာ သီတင်းကျွတ်မီးထွန်းပွဲတော် ဆင်ယင်ကျင်းပခြင်းနှင့်အတူ ဘုရား၊ တရား၊ သံဃာတို့၏ ထိုနေ့ထိုရက်နှင့်ဆိုင်သော ဂုဏ်ကျေးဇူးတော်နှင့် အနှစ်သာရအပေါင်းတို့ကို ရည်မှန်းကာ ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာသော အကျိုးတရားများ တိုးပွားစေနိုင်ရေးအတွက် အားထုတ်ဆောင်ရွက်နိုင်ကြပါစေရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်လိုက်ရပါသည်။ ။

# နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၄**

နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်း လုပ်ငန်း (၂၀၁၇) အသိပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက် အမှာစကားပြောကြားသည်။



ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး အစုလိုက်ထိုးနှံပေးခြင်းကို အသက် (၉) လမှ (၁၅) နှစ်အတွင်း ကလေးများအားလုံးကို ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်သည်။ ယခုလုပ်ငန်းပမာဏမှာ ကျယ်ပြန့်ကြီးမားသဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် နှီးနွှယ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ လူမှုရေးဝန်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အခြေခံ ကျန်းမာရေးဝန်ထမ်းများ အားလုံး ပူးပေါင်းဆောင်ရွက်မှသာ ကာကွယ်ဆေးအစုလိုက် ထိုးနှံရေးလုပ်ငန်း အောင်မြင်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားသည်။ ယင်းသို့ဆောင်ရွက်ရာတွင် လူမှုရေးဝန်ကြီးများ၏ ဦးဆောင်လမ်းညွှန်မှုသည် အောင်မြင်မှုရရှိရန်အတွက် အလွန်အရေးကြီးပြီး ဂျပန်ဦးနှောက်ရောင်ရောဂါပိုးကို သယ်ဆောင်လာသော ခြင်နှင့်ပတ်သက်၍ သုတေသနပြုလုပ်ပြီး စောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်သည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ စီမံချက်မန်နေဂျာ ဒုတိယညွှန်ကြားရေးမှူး (တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း) ဒေါက်တာထားထားလင်းက ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၂၀၁၇) နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များက ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးတင်ပြကြသည်။ တက်ရောက်လာသူများက ခက်ခဲဝေးလံသောဒေသများရှိ ရည်မှန်းကလေးတိုင်း ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးနှံနိုင်ရေး ဆွေးနွေးတင်ပြကြသည်။

ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်း အစီအစဉ်ဖြင့် အသက် (၉) လမှ (၁၅) နှစ်အရွယ်ကလေး၊ လူငယ် ၁၄ ဒသမ ၂ သန်းကို ထိုးနှံပေးသွားမည်ဖြစ်ပြီး ကျောင်းအခြေပြု ကာကွယ်ဆေးထိုးလုပ်ငန်းအစီအစဉ်ကို နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အတွင်းနှင့် ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးအစီအစဉ်ကို ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အတွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)** ■

# ပခုက္ကူစာပေဆုနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၄**

ပခုက္ကူဦးအုံးဖေတည်ထောင်သော ၂၀၁၆ ခုနှစ်အတွက် ပခုက္ကူစာပေဆုနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ စာပေဗိမာန်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ၂၀၁၆ ခုနှစ်အတွက် ပခုက္ကူစာပေဆု တစ်သက်တာစာပေဆုရ ဆရာကြီး ဦးချစ်လွင် (တောသားကြီးလူနိုင်)၊ ပခုက္ကူစာပေဆု၊ ပခုက္ကူ စာကြည့်တိုက်စာအုပ်ဆုနှင့် ပညာရည်ချွန်ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ထို့နောက် ၂၀၁၆ ခုနှစ်အတွက် ပခုက္ကူစာပေဆု တစ်သက်တာစာပေဆုရ ဆရာကြီးဦးချစ်လွင်(တောသားကြီးလူနိုင်)က "ငယ်ငယ်က ကျွန်တော်တို့ရွာမှာ စာသင်ကျောင်းမရှိဘူး။ စာမသင်ရဘူး။ မကောင်းတာမှန်သမျှကို ရှောင်ပြီး ကိုယ့်ဘာသာကိုယ် ပြုစုပျိုးထောင်ပေးခဲ့ရတယ်။ ၁၉၆၃ခုနှစ် နဲ့ ၁၉၆၄ ခုနှစ်တွေမှာ အမျိုးသားစာပေဆု နှစ်ကြိမ်ရခဲ့တယ်။ အခုဒီတစ်သက်တာဆုရတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

ပခုက္ကူစာပေဆုကို ၁၉၉၄ ခုနှစ်က စတင်ချီးမြှင့်ခဲ့ပြီး စာပေအလှူရှင် ပခုက္ကူဦးအုံးဖေသည် ငွေကျပ် ၇၆ သိန်း မတည်လှူဒါန်းခဲ့သည်။

ဦးအုံးဖေကွယ်လွန်ပြီးနောက် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီသည် ရန်ပုံငွေတိုးပွားလာရေးနှင့် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးအတွက် စာပေဆု၏ အမည်ကို ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုဟူ၍ အမည်ပြောင်းလဲရန် ဆုံးဖြတ်ခဲ့သည်။

ယခုအခါရန်ပုံငွေ၏ အတိုးများမှ ဆုများချီးမြှင့်ခဲ့သည်မှာ (၂၄)ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း သိရသည်။

**(ရီရီမြင့်)**

# နိုင်ငံ့ဝန်ထမ်းများအတွက် ရွှေဖားစည်အိမ်ရာစီမံကိန်း ပန္နက်တင်အခမ်းအနားကျင်းပ

**ဘားအံ အောက်တိုဘာ ၄**

UHM Development Co.,Ltd က သက်သာသော ဈေးနှုန်းဖြင့်တည်ဆောက်သည့် ရွှေဖားစည် အဆင့်မြင့်အိမ်ရာစီမံကိန်း(၂) လေးခန်းတွဲ၊ ငါးထပ်၊ အခန်း ၂၈၀ ရှိ အဆောက်အအုံကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက အဆောက်အအုံတည်ဆောက်မည့် အမှတ်(၅)ရပ်ကွက်တွင် ပန္နက်တင်ခြင်း အခမ်းအနား ကျင်းပကြောင်း သိရသည်။

ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက အဆောက်အအုံကို ပန္နက်တိုင်စိုက်ထူပေးကြပြီး UHM Development Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းအောင်ရွှေက စီမံကိန်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ရွှေဖားစည် အဆင့်မြင့်အိမ်ရာစီမံကိန်း (၂) သည် အခန်းတစ်ခန်းလျှင် ၆၂၅ စတုရန်းပေအကျယ်ရှိ အခန်းပေါင်း ၂၈၀၊ လေးခန်းတွဲ၊ ငါးထပ် အဆောက်အအုံအိမ်ရာ ၁၄ လုံးတည်ဆောက်မည်ဖြစ်သည်။ တိုက်ခန်းဝယ်ယူခွင့်လျှောက်ထားသူများအနေဖြင့် မဲစနစ်ဖြင့်ရွေးချယ်ပေးထားကာ မြေညီထပ်ကျပ် ၁၇၅ သိန်း၊ ပထမထပ် ကျပ်သိန်း ၁၇၀၊ ဒုတိယထပ် ကျပ် ၁၆၅သိန်း၊ တတိယထပ် သိန်း ၁၆၀၊ စတုတ္ထထပ် ကျပ် ၁၅၅ သိန်းရှိပြီး ပထမဦးစွာ ၃၀ ရာခိုင်နှုန်းပေးသွင်းပြီး ကျန်ငွေများအတွက် ဘဏ်ဖြင့်ချိတ်ဆက်၍ တစ်လလျှင် ကျပ် ၁၇၅၀၀၀ ကို ငါးနှစ် ပေးသွင်းကြရမည်ဖြစ်သည်။ စီမံကိန်းကာလကို တစ်နှစ်နှင့် ခြောက်လ သတ်မှတ်ထားပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာလထက် နောက်မကျဘဲ အခန်းအပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

# မြစိမ်းရောင်ကျေးရွာ ရန်ပုံငွေထုတ်ချေးမှု ကွင်းဆင်းစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိရာ သန်လျင်မြို့နယ်အတွင်းရှိ စီမံကိန်းကျေးရွာ ၂၂ ရွာအနက် အရှေ့ဖားကူးကျေးရွာ၌ ချေးငွေအောင်မြင်သူ ၂၂ ဦးအတွက် လုပ်ငန်းအမျိုးအစားအလိုက် ချေးငွေ ကျပ် ၂၃ သိန်းကို ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီက အောက်တိုဘာ ၂ ရက်တွင် ထုတ်ချေးပေးခဲ့ရာ သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တာဝန်ကျဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## အစေ့ထုတ်ပြောင်း ရိတ်ခြွေစက်ဖြင့် သရုပ်ပြရိတ်သိမ်း

**သီပေါ အောက်တိုဘာ ၄။** ။စက်မှုလယ်ယာဦးစီးဌာန၏ အစေ့ထုတ်ပြောင်းရိတ်ခြွေစက်ဖြင့် သရုပ်ပြပွဲကို ယမန်နေ့က ကျောက်မဲမြို့နယ် အောင်မြေသာယာကျေးရွာ၌ကျင်းပရာ ခရိုင်စက်မှုလယ်ယာဦးစီးဌာနတာဝန်ခံ ဦးအောင်ဇော်မိုးနှင့် ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်အေးတို့က သမားရိုးကျလူအင်အားဖြင့် ရိတ်သိမ်းရာ၌ စက်ယန္တရားဖြင့် ရိတ်သိမ်းခြင်းက ပိုမိုထိရောက်ပြီး အချိန်ကုန်လူပန်းသက်သာကြောင်း၊ ပြောင်းသီးနှံများစိုက်ပျိုးရာတွင် အထွက်ကောင်းမျိုးသန့်များကိုသာ ရွေးချယ်စိုက်ပျိုးကြရန်လိုအပ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။ သရုပ်ပြရိတ်သိမ်းပွဲသို့ တောင်သူ ၁၅၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပုဏ္ဏားကျွန်းနှင့် ကျောက်တော်မြို့များရှိ နေရပ်စွန့်ခွာပြည်သူများအား ဆန်အိတ်များထောက်ပံ့



**စစ်တွေ အောက်တိုဘာ ၄**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ မိတ်ဆွေစေတနာရှင် အလှူရှင်များနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တို့က မောင်တောဒေသမှ ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပုဏ္ဏားကျွန်းနှင့် ကျောက်တော်မြို့များရှိ ယာယီကယ်ဆယ်ရေးစခန်းများတွင် နေရပ်စွန့်ခွာ နေထိုင်လျက်ရှိသော ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ဆန်အိတ်များကို ယနေ့ နံနက်ပိုင်းတွင် သွားရောက်ထောက်ပံ့ပေးအပ်သည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် မိတ်ဆွေစေတနာရှင် အလှူရှင်အဖွဲ့သည် ပုဏ္ဏားကျွန်းမြို့ လောကမာရဇိန်ဘုရားကြီး သိမ်တော်ယာယီကယ်ဆယ်ရေးစခန်းစုရပ်သို့ သွားရောက်ကာ နေရပ်စွန့်ခွာ ပြည်သူများအား အားပေးစကား ပြောကြားပြီး အိမ်ထောင်စု ၄၃ စုအတွက် ဆန်အိတ် ၂၀ ထောက်ပံ့ပေးအပ်ခဲ့သည်။ အလားတူ ကျောက်တော်မြို့ရှိ မဟာကံကြီးသျှင်ဘုရားကြီး ယာယီကယ်ဆယ်ရေးစခန်းစုရပ်သို့ ရောက်ရှိပြီး နေရပ်စွန့်ခွာပြည်သူများအား အားပေးစကားပြောကြားကာ အိမ်ထောင်စု ၅၁ စုအတွက် ဆန်အိတ် ၂၁ အိတ် ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် မိတ်ဆွေစေတနာရှင် အလှူရှင်များအဖွဲ့သည် ကျောက်တော်မြို့ မဟာမုနိဘုရားအား ဖူးမြော်ကြည်ညိုပြီး အလှူငွေများပေးအပ်သည်။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် မိတ်ဆွေစေတနာရှင်အလှူရှင်များသည် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၄ ရက်အထိ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်မြို့တို့ရှိ နေရပ်စွန့်ခွာ ယာယီကယ်ဆယ်ရေးစခန်းများနှင့် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များရှိ ဒေသခံတိုင်းရင်းသား ကျေးရွာများအတွက် ဆန်အိတ် ၃၀၀၀ အပြင် ဒေသခံတိုင်းရင်းသားကျေးရွာ ၇၅ ရွာ အတွက် တစ်ရွာလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၇၅ သိန်း ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့ပြင် မောင်တော ခရီးစဉ်အတွင်း ဒေသခံတိုင်းရင်းသားကျေးရွာများသို့ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ကလည်း ငွေကျပ် ၂၅ သိန်းစီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလည်း ဝန်ကြီးဌာနသို့ လှူဒါန်းသည့် အလှူငွေများထဲမှ ARSA အစွန်းရောက်အကြမ်းဖက်သမားများ တိုက်ခိုက်ခံရသော်လည်း နေရပ်စွန့်ခွာခြင်းမရှိဘဲ မိမိနေရပ်တွင် နေထိုင်လျက်ရှိသော ဒေသခံများအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် တစ်သောင်းနှုန်းဖြင့် ကျေးရွာပေါင်း ၂၇ ရွာမှ အိမ်ထောင်စု ၂၃၀၅ စုအတွက် ငွေကျပ် ၂၃၀၅၀၀၀၀ အား ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများက လက်ခံရယူကြသည်။

**ဝင်းမင်းစိုး(မြန်/ဆက်)**

# မေယုတောင်တန်းရဲ့ အရှေ့နဲ့အနောက် ကုန်စည်စီးဆင်းမှုမြန်လာမယ်၊ လုံခြုံရေးအရလည်း ကောင်းလာမယ်

ဆောက်လုပ်ရေးဝန်ကြီးဌာန ရခိုင်ပြည်နယ် လမ်းဦးစီးဌာနမှ မောင်တောဒေသ ဘက်စုံဖွံ့ဖြိုးရေး၊ ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေး၊ နယ်မြေလုံခြုံရေး အပြည့်အဝဆောင်ရွက်နိုင်စေရေးအတွက် လမ်း၊ တံတားများကို အသစ်တည်ဆောက်ခြင်း၊ ပျက်စီးနေသည့် လမ်း၊ တံတားများကို အချိန်မီ ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ဆောက်လုပ်ရေးဝန်ကြီးဌာန ရခိုင်ပြည်နယ် လမ်းဦးစီးဌာနမှ မောင်တောဒေသတွင် မဟာဗျူဟာကျသည့် မေယုတောင်ကို ကျော်ဖြတ်ပြီး လမ်းမကြီးလေးလမ်း အသစ်ဖောက်လုပ်ရန် လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်းပြီး ရခိုင်ပြည်နယ် လမ်းဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။



**ဦးခင်မောင်မြင့်**

**မေး။ ။ ရခိုင်ပြည်နယ် လမ်းဦးစီးဌာနက မောင်တောဒေသမှာရှိတဲ့ မေယုတောင်ကိုကျော်ပြီး လမ်းဖောက်လုပ်နေတယ်လို့ သိရပါတယ်။ လက်ရှိ လမ်းဖောက်လုပ်မှု အခြေအနေကို သိပါရစေ။**

ဖြေ။ ။ မောင်တောဒေသမှာ မေယုတောင်ကြောလမ်း ဖောက်လုပ်မှုနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန အနေနဲ့ မေယုတောင်ကိုကျော်ပြီး လမ်းလေးလမ်း အသစ်ဖောက်လုပ်ဖို့ လျာထားချက်ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ လမ်းသစ် နှစ်လမ်း စတင်ပြီး ဖောက်လုပ်သွားပါမယ်။ အဲဒီလမ်းနှစ်လမ်းအနက် ပထမတစ်လမ်းကို စက်တင်ဘာ ၂၀ ရက်က စတင်ဖောက်လုပ်တာ အခုဆိုရင် တစ်ကြောင်းထိုးလမ်း ခြောက်မိုင်ခန့် ဆောင်ရွက်ပြီးပါပြီ။ စက်ယန္တရား ၁၅ စီးခန့်နဲ့ ဆောင်ရွက်နေပါတယ်။ နောက်ထပ် နှစ်ပတ်အတွင်းမှာ ဒီလမ်းကို တစ်ကြောင်းထိုးလမ်း ပေါက်အောင်ဆောင်ရွက်သွားမယ်။ တစ်ကြောင်းထိုး လမ်းပြီးသွားရင် လမ်းတိုင်းတာရေးအဖွဲ့တွေက ဒီလမ်းမှာ ဆင်ခြေလျှောဖြစ်နေတဲ့ နေရာတွေကို တိုင်းတာပါမယ်။ လမ်းတစ်လျှောက် တိုင်းတာပြီးတော့မှ သတ်မှတ်ပုံစံ ရောက်အောင် လမ်းတာပေါင် အကျယ်ပေ ၄၀ ရအောင် ဆောင်ရွက်သွားပါမယ်။ ပေ ၄၀ အကျယ် ဆောင်ရွက်ပြီးတဲ့အခါမှာ ဒီလမ်းမှာ လိုအပ်တဲ့ အရံအတားတွေ ဆောက်လုပ်သွားမှာပါ။ ၂၀၁၇-၂၀၁၈ မှာ အမာခံလမ်းအဆင့် အပြီးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ပထမဆုံးစဖောက်လုပ်တဲ့ လမ်းကို ဘယ်နေရာကနေ စတင်အကောင်အထည်ဖော် ဆောင်ရွက်တယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ ကျောက်ပန္နူ အင်းဒင်၊ စေတီပြင် လမ်းပါ။ မေယုတောင်တန်းအရှေ့ဘက် စေတီပြင်ကနေ စတင်ပြီး လမ်းသစ်ဖောက်လုပ်နေပါတယ်။ ခန့်မှန်းခြေ ၁၄ မိုင်လောက် ရှည်ပါတယ်။ ဒီလမ်းက မေယုတောင်တန်း အနောက်ဘက်မှာ မောင်တော၊ အလယ်သံကျော်၊ အငူမော်လမ်းရှိပြီး အရှေ့ဘက်မှာ ကျေးလက်လမ်းဦးစီးဌာနက တာဝန်ယူဖောက်လုပ်နေတဲ့ ဘူးသီးတောင်၊ အငူမော်လမ်းရှိပါတယ်။ အရှေ့နဲ့အနောက်ကိုဖြတ်ပြီး ဖောက်လုပ်သွားမှာဖြစ်ပါတယ်။ အနောက်ဘက်ကို ဆက်လက်ဖောက်လုပ်လျက်ရှိပါတယ်။

**မေး။ ။ မေယုတောင်ကိုကျော်ပြီး လမ်းဖောက်လုပ်ရတဲ့ ရည်ရွယ်ချက်ကို သိပါရစေ။**

ဖြေ။ ။ဒီလမ်းဖောက်လုပ်ရတဲ့ ရည်ရွယ်ချက်က မောင်တောဒေသဖွံ့ဖြိုးရေးအတွက်ဖြစ်ပါတယ်။ မေယုတောင်တန်းရဲ့ အရှေ့နဲ့အနောက်ကို ကုန်စည်စီးဆင်းမှုမြန်လာမယ်၊ လုံခြုံရေးအရလည်း ကောင်းလာမယ်။ ပြည်သူတွေအနေနဲ့လည်း အချိန်တိုအတွင်းမှာ မေယုတောင်တန်းရဲ့ အနောက်ဘက်မှာရှိတဲ့ ရွာတွေနဲ့ အရှေ့ဘက်မှာရှိတဲ့ ရွာတွေကို အလွယ်တကူ ဖြတ်သန်းသွားလာနိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။ မေယုတောင်ကိုကျော်ပြီး နောက်ထပ်ဖောက်လုပ်မယ့်လမ်းတွေကိုလည်း ဘယ်အချိန် ဖောက်လုပ်သွားမယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ နောက်ဖောက်မယ့်လမ်းတွေထဲမှာ ဒီနှစ်အတွင်း နိုဝင်ဘာလလောက်မှာ ဒုတိယလမ်းဖြစ်တဲ့ ကြိမ်ချောင်း-ဂုတ်ပိတောင်ကျော်လမ်းကို ဖောက်လုပ်သွားပါမယ်။ ကြိမ်ချောင်း - ဂုတ်ပိတောင်ကျော်လမ်းကတော့ ရှစ်မိုင်ခန့်ရှိပါတယ်။ နောက်နှစ်လမ်းကတော့ လာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီလမ်းတွေကတော့ ဥဒေါင်း-ညောင်ချောင်း တောင်ကျော်လမ်းနဲ့ သက်ကိုင်ညာ-ပဒကာ တောင်ကျော်လမ်းတို့ ဖြစ်ပါတယ်။

**မေး။ ။ အရင်က မေယုတောင်ကိုကျော်ပြီး ဖောက်လုပ်တဲ့ လမ်းရှိရင်လည်း သိပါရစေ။**

ဖြေ။ ။ ဟိုအရင်ကတည်းက မေယုတောင်ကိုကျော်ပြီး ဖောက်လုပ်ထားတဲ့လမ်း ရှိပါတယ်။ ဘူးသီးတောင်-မောင်တောလမ်း ဖြစ်ပါတယ်။ ၁၆ မိုင်ခန့် ရှည်ပါတယ်။ အခုလည်း ယာဉ်တွေ ဖြတ်သန်းသွားလာနေပါတယ်။

**မေး။ ။ မေယုတောင်ကို ကျော်ဖြတ်ပြီးဖောက်လုပ်မယ့် လမ်းတွေကို ဘယ်ဘတ်ဂျက်နဲ့ သုံးစွဲဆောင်ရွက်တယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ဖောက်လုပ်မယ့်လမ်း နှစ်လမ်းကတော့ ပြည်ထောင်စု သီးသန့် ရန်ပုံငွေနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျန်တဲ့ နှစ်လမ်းကိုတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ပုံမှန်ပြည်ထောင်စုဘတ်ဂျက် ရန်ပုံငွေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ။ မေယုတောင်ကိုကျော်ပြီး လမ်းတွေ ဖောက်လုပ်တဲ့အပိုင်းမှာ ဘယ်လို အခက်အခဲတွေ ရှိပါသလဲ။**

ဖြေ။ ။ မေယုတောင်ကို ကျော်ဖြတ်ပြီး စဖောက်တဲ့ ပထမနှစ်လမ်းကတော့ ဖောက်လုပ်တဲ့အခါ အခက်အခဲ ရှိတာပေါ့။ နယ်မြေအခြေအနေ၊ လုံခြုံရေးအခြေအနေအရ ဂရုစိုက်ပြီး လုပ်ရတာလည်းရှိပါတယ်။ ဒီနေရာကို စက်ယန္တရားတွေ ရောက်ဖို့အတွက် ခက်ခက်ခဲခဲ သယ်ဆောင်ရတဲ့ အပိုင်းတွေလည်းရှိပါတယ်။ လုပ်သားအင်အားတွေ၊ စက်ယန္တရားမောင်းနှင်မယ့် ကျွမ်းကျင်ဝန်ထမ်းတွေ စုဆောင်းရတာကအစ အခက်အခဲတွေရှိပါတယ်။ ဒါတွေကိုလည်း မဖြစ်ဖြစ်အောင် ဆောင်ရွက်နေပါတယ်။

**မေး။ ။ မေယုတောင်ကိုကျော်ပြီး လမ်းတွေ ဖောက်လုပ်ပြီးသွားရင် ဒေသဖွံ့ဖြိုးရေးနဲ့ နယ်မြေလုံခြုံရေးအခြေအနေ ဘယ်လိုရှိလာမယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ အခုကတော့ ဘူးသီးတောင်-မောင်တောလမ်း တစ်လမ်းပဲရှိပါတယ်။ ဘူးသီးတောင်-မောင်တောလမ်း တစ်လမ်းပဲရှိတဲ့အတွက် နောက်ထပ်လမ်းတွေ လိုအပ်နေပါတယ်။ အဲဒါကြောင့် ဘူးသီးတောင်-မောင်တောလမ်းရဲ့ မြောက်ဘက်မှာ နှစ်လမ်း၊ တောင်ဘက်မှာ နှစ်လမ်း ပထမဆုံး ဖောက်လုပ်သွားမှာ ဖြစ်ပါတယ်။ မေယုတောင်ကြောလမ်းတွေ ဖောက်လုပ်ပြီးသွားရင်တော့ နယ်မြေလုံခြုံရေး၊ ဒေသခံပြည်သူတွေ သွားရေးလာရေးနှင့် စီးပွားရေးကုန်စည်စီးဆင်းမှုတွေပါ အများကြီး အကျိုးရှိလာမှာ ဖြစ်ပါတယ်။

**မေး။ ။ မောင်တောဒေသအတွင်းမှာရှိတဲ့ ပျက်စီးနေတဲ့ လမ်းတွေကိုရော ဘယ်လိုပြင်ဆင်ဆောင်ရွက်နေပါသလဲ။**

ဖြေ။ ။ မောင်တောဒေသက မိုးများတာရယ်၊ ယာဉ်တွေကလည်း ကုန်ပစ္စည်းတန်ချိန်အများကြီး တင်ဆောင်ပြီး သွားလာနေတဲ့အတွက် လမ်းပျက်စီးမှုတွေ ရှိပါတယ်။ ဒါတွေကိုလည်း လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေဖို့အတွက် ပြင်ဆင်နေပါတယ်။ အခုလည်း မောင်တော-ကျီးကန်းပြင်-ကြိမ်ချောင်း-အောင်သပြေ-ဗန္ဓုလ လမ်းပေါ်မှာ အပိုင်းလိုက် လမ်းပျက်စီးမှုတွေကို စက်ယန္တရားတွေ၊ လုပ်သားအင်အားတွေနဲ့ ပြင်ဆင်နေပါတယ်။ မောင်တော-အလယ်သံကျော်-အငူမော် လမ်းပိုင်းမှာလည်း ပျက်စီးမှုတချို့ ရှိပါတယ်။ အဲဒီလမ်းပိုင်းကိုလည်း ပြင်ဆင်နေပါတယ်။

**မေး ။ ။ မောင်တော-ဘူးသီးတောင်-စစ်တွေကို ကုန်းလမ်းကနေ ယာဉ်တွေသွားလို့ရအောင် လမ်းတွေ၊ တံတားတွေ ဆောက်လုပ်နေတဲ့ အခြေအနေကိုလည်း သိပါရစေ။**

ဖြေ ။ ။ စစ်တွေကနေ မောင်တောဒေသကို ကုန်းလမ်းအတိုင်းသွားနိုင်ဖို့ စစ်တွေ-ပုဏ္ဏားကျွန်း၊ ပုဏ္ဏားကျွန်း-ရသေ့တောင်၊ ရသေ့တောင်-ဘူးသီးတောင်လမ်းပိုင်းတွေကို လမ်းဦးစီးဌာနအနေနဲ့ အဓိကထားပြီး ဆောင်ရွက်နေပါတယ်။ ဒီလမ်းမှာဆိုရင် စစ်တွေကသွားရင် ပုဏ္ဏားကျွန်းထိ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းအဆင့်ထိ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ပုဏ္ဏားကျွန်းကနေ ရသေ့တောင်ကြားမှာ ရသေ့တောင်ချောင်း ဖြတ်ကူးတံတားတစ်စင်း ဆောက်လုပ်နေပါတယ်။ ကျန်တဲ့ တံတားတွေကတော့ တည်ဆောက်ပြီးဖြစ်ပါတယ်။ ရသေ့တောင်ချောင်းဖြတ်ကူးတံတားကိုလည်း ဒီနှစ်အတွင်းမှာ ပြီးစီးအောင် ဆောက်လုပ်သွားမှာပါ။ ရသေ့တောင်ကနေ ဘူးသီးတောင် အပိုင်းမှာဆိုရင် တံတားငါးစင်းဆောက်လုပ်လျက်ရှိပါတယ်။ ဒီတံတားငါးစင်းကိုလည်း ဒီနှစ်အတွင်းမှာ ပြီးစီးအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လမ်းပိုင်းအနေနဲ့ကတော့ ပုဏ္ဏားကျွန်းကနေ ရသေ့တောင်ကြားကတော့ အမာခံလမ်းအဖြစ် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ရသေ့တောင်ချောင်းဖြတ်ကူးတံတား တည်ဆောက်ပြီးရင် စစ်တွေကနေ ရသေ့တောင်ထိ ယာဉ်တွေသွားလာနိုင်မှာ ဖြစ်ပါတယ်။ ရသေ့တောင်နဲ့ ဘူးသီးတောင်ကြားမှာတော့ တံတား ငါးစင်းနဲ့ ပေ ၅၀ အောက် တံတားအစင်း ရှစ်ဆယ်ကျော် ဆောင်ရွက်ဖို့ရှိပါတယ်။ ဒီတံတားတွေကိုလည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်နဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွေမှာ အပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ အကုန်မှာ စစ်တွေကနေ ဘူးသီးတောင်အထိ တစ်ကြောင်းထိုးလမ်း နွေရာသီသွားလို့ရနိုင်တဲ့လမ်းအဖြစ် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ စစ်တွေကနေ ဘူးသီးတောင်အထိ အမာခံလမ်းဖြစ်အောင် ဆောင်ရွက်သွားမှာပါ။

**မေး။ ။ ဘာများဖြည့်စွက်ပြောကြားဖို့ ရှိပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့ ရခိုင်ပြည်နယ် လမ်းဦးစီးဌာနအနေနဲ့ မောင်တောဒေသတစ်ခုလုံးရဲ့ လမ်းတွေ လုံခြုံချောမွေ့အောင်၊ ပျက်စီးနေတဲ့လမ်းပိုင်းတွေကိုလည်း ဒီထက်ပိုမိုချောမွေ့အောင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-နေလင်း**



# သမ္မတထရန့်နှင့် ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာတို့ နှစ်နိုင်ငံအရေး ဆွေးနွေး

**ဝါရှင်တန် အောက်တိုဘာ ၄**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာတို့သည် နှစ်နိုင်ငံအရေးနှင့် ပတ်သက်ပြီး ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ယနေ့သတင်းများအရ သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာတို့သည် အောက်တိုဘာ ၃ ရက်က အိမ်ဖြူတော်၌ တွေ့ဆုံခဲ့ကြသည်။ ခေါင်းဆောင်နှစ်ဦးအနေဖြင့် မြောက်ကိုရီးယား နျူကလီးယားအရေး အပါအဝင် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်စေရန် အလေးပေးဆွေးနွေးခဲ့ကြသည်။

ထို့ပြင် တောင်တရုတ်ပင်လယ်အတွင်းရှိ တရုတ်နိုင်ငံ၏ ရေကြောင်းကာကွယ်ရေးလှုပ်ရှားမှုများနှင့် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားဖွံ့ဖြိုးရေးအစီအစဉ်များကို ခေါင်းဆောင်နှစ်ဦးက ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ နှစ်နိုင်ငံစီးပွားရေးနှင့် ဒေသတွင်းလုံခြုံရေးပူးပေါင်းဆောင်ရွက်မှုကိုလည်း တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားခဲ့သည်။


ထိုင်းနိုင်ငံကို ပြည်သူများ ရွေးချယ်တင်မြှောက်သည့် အရပ်သားအစိုးရအုပ်ချုပ်သည့်စနစ်အသွင်သို့ ပြန်လည်ကူးပြောင်းရန် ကြိုးပမ်းမှုအဆင့်ဆင့်ကို ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက သမ္မတထရန့်အား ရှင်းလင်းပြောကြားခဲ့သည်။ လာမည့်နှစ်အတွင်း ရွေးကောက်ပွဲတစ်ရပ်ကျင်းပပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ကတိပြုပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ်တွင် ထိုင်းတပ်မတော်က အုပ်ချုပ်ရေးအာဏာကို အဓမ္မသိမ်းပိုက်ခဲ့သည်။ ထို့နောက် သမ္မတအိုဘားမားဦးဆောင်သည့် အစိုးရက ထိုင်းနိုင်ငံ၏ အုပ်ချုပ်ရေးအာဏာသိမ်းပိုက်မှုကို ရှုတ်ချခဲ့သည်။ အမေရိကန်နှင့်ထိုင်း နှစ်နိုင်ငံဆက်ဆံရေးသည် ထိုအချိန်မှစပြီး အေးစက်လာခဲ့သည်။

ထိုင်းနိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံ၏ ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် ပြုံယမ်းနှင့် ဆက်ဆံရေးကောင်းမွန်သည့်နိုင်ငံဖြစ်သည်။

သမ္မတထရန့်၏ ထိုင်းနိုင်ငံနှင့် ဆက်ဆံရေးပြန်လည်ကောင်းမွန်စေရန် ကြိုးပမ်းခြင်းသည် မြောက်ကိုရီးယားအရေးနှင့်ပတ်သက်ပြီး ထိုင်းနိုင်ငံအား ဖိအားများပေးရန် ရည်ရွယ်သည့်အနေဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**





# တူရကီတောင်ပိုင်း၌ စစ်ယာဉ်တစ်စီးဗုံးထိမှန် စစ်သည်လေးဦး သေဆုံး၊ လေးဦး ဒဏ်ရာရ

**ဒီယာဘာကီယာ(တူရကီ) အောက်တိုဘာ ၄**

အီရန်နိုင်ငံနှင့်ထိစပ်နေသော နယ်စပ်အနီး တူရကီနိုင်ငံအရှေ့တောင်ပိုင်း၌ အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက စစ်ယာဉ်တစ်စီး မောင်းနှင်နေစဉ် ကာ့ဒ်စစ်သွေးကြွများ ထောင်ထားသော ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ တူရကီစစ်သည်လေးဦး သေဆုံးပြီး စစ်သည်လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ပြောကြားကြသည်။

ဟက်ကာရီပြည်နယ် ယက်ဆီကိုဗာခရိုင်အတွင်း၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဗုံးဖောက်ခွဲတိုက်ခိုက်မှု၏ နောက်ကွယ်တွင် ကာဒစ္စအလုပ်သမားများပါတီ(ပီကေကေ) စစ်သွေးကြွများရှိနေကြောင်း ယင်းပြည်နယ် အုပ်ချုပ်ရေးမှူးရုံးက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

ဗုံးပေါက်ကွဲမှု ဖြစ်ပွားသည့်နေရာသို့ တူရကီစစ်ဘက်က စစ်သည်တင်သံချပ်ကာယာဉ် အများအပြားကို စေလွှတ်ခဲ့ကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။ ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးက ပြောကြားသည်။

ကာဒစ္စအလုပ်သမားများပါတီ(ပီကေကေ)စစ်သွေးကြွအဖွဲ့က ခွဲထွက်ရေးပုန်ကန်ထကြွမှုများ စတင်ပြုလုပ်ခဲ့သည့် ၁၉၈၄ ခုနှစ်မှစ၍ ယနေ့အထိ တိုက်ခိုက်မှုကြောင့် သေဆုံးသူဦးရေ ၄၀၀၀၀ ကျော်ရှိပြီဖြစ်သည်။ အမေရိကန်၊ တူရကီနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ကာဒစ္စအလုပ်သမားများပါတီ(ပီကေကေ)ကို အကြမ်းဖက်အုပ်စုအဖြစ် စာရင်းသွင်းထားသည်။

ကာဒစ္စအလုပ်သမားများပါတီ (ပီကေကေ)နှင့် တူရကီအစိုးရတို့အကြား ငြိမ်းချမ်းရေးဆွေးနွေးခဲ့သော်လည်း ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် အပစ်အခတ်ရပ်စဲမှု အဆုံးသတ်ခဲ့ပြီးနောက် တူရကီနိုင်ငံအရှေ့တောင်ပိုင်း ကာ့ဒ်လူမျိုးများ အဓိကနေထိုင်ရာဒေသတွင် တိုက်ခိုက်မှုများ ပြန်လည်ဖြစ်ပွားခဲ့ရာတွင် လူပေါင်းထောင်ချီ သေဆုံးခဲ့ရသည်။

**ရိုက်တာ။**

# အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေသစ် ပြင်သစ်ပါလီမန်၌ မဲပေးအတည်ပြု

**ပါရီ အောက်တိုဘာ ၄**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေမူကြမ်းကို ပြင်သစ်ပါလီမန်က အတည်ပြုပေးလိုက်ပြီဖြစ်ကြောင်း၊ အဆိုပါဥပဒေမူကြမ်းတွင် ရဲတပ်ဖွဲ့၏ ထောက်လှမ်းစောင့်ကြည့်မှု အခွင့်အာဏာများကို တိုးမြှင့်ပေးရန်လည်းကောင်း၊ အမုန်းတရားပွားစေမည့် ဟောပြောချက်များအားဖြန့်ချိသည်ဟု မသင်္ကာရသည့် ဗလီဝတ်ကျောင်းများကို ပိတ်သိမ်းစေရန်လည်းကောင်း ဖော်ပြထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၄ ရက်တွင် ရေးသားဖော်ပြသည်။

ပြင်သစ်နိုင်ငံ၌ နိုင်ငံခြားသား ဘာသာရေးအစွန်းရောက်များနှင့် နိုင်ငံသားစစ်သွေးကြွများ၏ ခြိမ်းခြောက်မှုကို ရင်ဆိုင်နိုင်ရန် အာဏာပိုင်များအနေဖြင့် မနားမနေ ကြိုးပမ်းဆောင်ရွက်နေကြရကြောင်း၊ ပြင်သစ်နိုင်ငံတွင် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားနေသဖြင့် တင်းကျပ်သော ဥပဒေတစ်ရပ်ကို ကျင့်သုံးရန် လိုအပ်လျက်ရှိကြောင်း ပါလီမန်၌ ယင်းဥပဒေမူကြမ်းကို မဲခွဲဆုံးဖြတ်ခြင်းမပြုမီ ပြည်ထဲရေးဝန်ကြီး ဂျရတ်ကော်လွန်းက ပြောကြားသည်။

ပြင်သစ်နိုင်ငံ၌ ၂၀၁၅ ခုနှစ်နောက်ပိုင်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူပေါင်း ၂၄၀ ကျော်သေဆုံးခဲ့ရသည်။ ယင်းအကြမ်းဖက်တိုက်ခိုက်မှုများကို ပြုလုပ်သူများသည် အစ္စလာမ့်စ်နိုင်ငံတော် (အိုင်အက်စ်)အဖွဲ့ကို သစ္စာခံသူများ (သို့မဟုတ်) ယင်းအဖွဲ့၏လှုပ်ရှားမှုများကို လေးစားအားကျသူများဖြစ်ကြသည်ဟု ဆို၏။

ပြင်သစ်နိုင်ငံ၌ နောက်ဆုံးဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုအတွင်း အမျိုးသမီးနှစ်ဦး ဓားထိုးခံရကာ သေဆုံးခဲ့ကြရသည်။ မာဆေးမြို့၌ အောက်တိုဘာ ၁ ရက်က ယင်းဖြစ်ရပ်ပေါ်ပေါက်ခဲ့ပြီး မွတ်စလင်အစွန်းရောက်တစ်ဦး၏ လက်ချက်ဖြစ်သည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေသစ်ပြဋ္ဌာန်းနိုင်ရေးအတွက် အောက်တိုဘာ ၃ ရက်က ပါလီမန်၌ မဲခွဲဆုံးဖြတ်ခဲ့ရာတွင် ထောက်ခံမဲ ၄၁၅ မဲ၊ ကန့်ကွက်မဲ ၁၂၇ မဲဖြင့် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။

သို့ရာတွင် အဆိုပါဥပဒေသည် နိုင်ငံသားများ၏ အခွင့်အရေးများကို ထိပါးနှောင့်ယှက်သည့် စည်းမျဉ်းများ ပါရှိသည်ဟု လူ့အခွင့်အရေးလှုပ်ရှားသူများက ဝေဖန်ပြောကြားကြသည်။

**ရိုက်တာ။**



# ကျူးဘားသံရုံးမှ သံတမန် ၁၅ ဦးကို အမေရိကန်အစိုးရက ပြည်နှင်ဒဏ်ပေး

**ဝါရှင်တန် အောက်တိုဘာ ၄**

ကျူးဘားသံရုံးမှ သံတမန် ၁၅ ဦးကို အမေရိကန်အစိုးရက ပြည်နှင်ဒဏ်ပေးလိုက်ကြောင်း၊ မြို့တော် ဟာဗားနားရှိ အမေရိကန်သံရုံးမှ သံတမန် ၂၂ ဦး သည် ထူးထူးဆန်းဆန်းကျန်းမာရေးထိခိုက်မှုဖြစ်ရပ်များနှင့် ဆက်တိုက်တွေ့ကြုံခံစားခဲ့ရပြီးနောက် ကျူးဘားသံတမန်များကို အမေရိကန်က ပြည်နှင်လိုက်ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၄ ရက်တွင် ပြောကြားသည်။

ကျူးဘားသံဝန်ထမ်းများအား ပြည်နှင်ခြင်းသည် ဟာဗားနားရှိ အမေရိကန်သံရုံးမှ သံဝန်ထမ်းများ အကြားအာရုံချို့ယွင်းခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စဉ်းစားတွေးခေါ်ခြင်းဆိုင်ရာ စွမ်းရည်ထိခိုက်ခြင်းတို့ အပါအဝင် ရောဂါဝေဒနာလက္ခဏာ အမျိုးမျိုးခံစားရခြင်းအတွက် ကျူးဘားအစိုးရတွင် တာဝန်ရှိသည်ဟု အမေရိကန်အာဏာပိုင်များက ကောက်ချက်ချသည့် အဓိပ္ပာယ်အဖြစ် မှတ်ယူနိုင်မည်မဟုတ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက ပြောကြားသည်။

သို့ရာတွင် ကျူးဘားနိုင်ငံသည် သံတမန်များအား ကာကွယ်စောင့်ရှောက်ပေးရန် ဖော်ပြသည့် နိုင်ငံတကာဥပဒေအရ လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို ကျေပွန်ခြင်းမရှိဟု ဆိုသည်။

မြို့တော် ဟာဗားနားရှိ အမေရိကန်သံရုံးမှ အရေးကြီးတာဝန်ထမ်းဆောင်ရခြင်းမရှိသော သံတမန်ဦးရေ၏ ထက်ဝက်ကျော်ကိုလျှော့ချမည်ဟု အမေရိကန်အစိုးရက ထုတ်ပြန်ကြေညာခဲ့ပြီးနောက် နှစ်နိုင်ငံရှိ သံဝန်ထမ်းအင်အား သာတူညီမျှမှုရှိစေရန် ရည်ရွယ်၍ ကျူးဘားသံတမန် ၁၅ ဦးကို ပြည်နှင်ရခြင်းဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက ပြောကြားသည်။

အမေရိကန်သံရုံးမှ ပြန်လွှတ်မည့် အမေရိကန်သံရုံးဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များသည် ကျူးဘားနိုင်ငံမှ ထွက်ခွာကြရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြပြီး ပြည်နှင်ခံရသူ ကျူးဘားသံတမန် ၁၅ ဦးကို အမေရိကန်မှ ထွက်ခွာသွားရန် ရက်သတ္တတစ်ပတ် အချိန်ပေးထားသည်။

**ရိုက်တာ။**

❖ **ရွှေဖုံးမှ**

လက်ရှိဖြစ်ပေါ်နေသော မီဒီယာဆိုင်ရာကိစ္စရပ်များနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသည့် အရေးကိစ္စများအပေါ် ပြည်တွင်းပြည်ပမီဒီယာများ၏ ဖော်ပြမှု၊ နိုင်ငံတကာအသိုင်းအဝိုင်းအချို့တွင် သတင်းမှားများပျံ့နှံ့နေမှုများအပေါ် ပြန်လည်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်း အစည်းအဝေးခန်းမ၌ သတင်းမီဒီယာအဖွဲ့အစည်းများ၊ ပြည်တွင်းအခြေစိုက် မီဒီယာများနှင့်တွေ့ဆုံဆွေးနွေးစဉ် ပြည်ထောင်စုဝန်ကြီးက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

**ဖက်ဒရယ်ပြည်ထောင်စု**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မိမိတို့တိုင်းပြည်၏ အဓိကရည်မှန်းချက်သည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ထူထောင်နိုင်ရေးဖြစ်ပါကြောင်း၊ ထိုသို့ထူထောင်နိုင်ပါက မိမိတို့တိုင်းပြည်သည် လမ်းကြောင်းမှန်ပေါ်တွင် အခြေကျသွားပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ပနိုင်ငံများအလယ်တွင် တင့်တောင့်တင့်တယ် ဖြစ်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း။

သို့သော် တစ်ချိန်တည်းတွင် မိမိတို့တွင် ဘေးတွဲပြဿနာတစ်ခုရှိလာပါကြောင်း၊ ရခိုင်ဒေသမြောက်ပိုင်းတွင် လူမျိုးရေးပြဿနာ၊ ဘာသာရေးဆိုင်ရာ ပြဿနာပဋိပက္ခများရှိလာပါကြောင်း၊ အဆိုပါဒေသတွင်ရှိသည့် ဘင်္ဂါလီများသည် ပြဿနာဖြစ်လာပါက ဘင်္ဂလားဒေ့ရှ်နယ်ထဲရောက်သွားပြီး အချိန်တန်ပါက တစ်နည်းနည်းဖြင့် ပြန်လည်ရောက်ရှိလာကြပါကြောင်း၊ ရလဒ်မှာ တဖြည်းဖြည်းနှင့် ထိုဒေသတွင် ဘင်္ဂါလီလူမျိုးက ရာခိုင်နှုန်းများပြားလာပြီး ရခိုင်လူမျိုးက တဖြည်းဖြည်းနည်းပါးလာပါကြောင်း။

**လူနည်းစု ဖြစ်လာ**

ရခိုင်မြောက်ပိုင်းတွင် ရခိုင်လူမျိုးသည် လူနည်းစုဖြစ်လာသည်ဆိုသည့် သဘောပင်ဖြစ်ပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် လူမျိုးရေးပဋိပက္ခ ထပ်မံဖြစ်ပွားပါကြောင်း၊ ယခု အစိုးရတက်လာသည့်အချိန်တွင် ပဋိပက္ခသည် သေသေချာချာဖြေရှင်း၍ မပြီးစီးသေးပါကြောင်း၊ တော်တော်များများသည် IDP ဟုခေါ်သည့် ဒုက္ခသည်စခန်းများထဲတွင် ရောက်ရှိနေပါကြောင်း။

ထိုသို့ရောက်ရှိနေသည်ကို အကြောင်းပြု၍ နိုင်ငံတကာကနေဖိအားပေးနေခြင်းများရှိပါကြောင်း၊ နိုင်ငံတကာမှ IDP စခန်းများတွင် ရောက်ရှိနေသည့် ဒုက္ခသည်များ၏ အနေအထားကို မီးမောင်းထိုးပြပြီး မြန်မာနိုင်ငံတွင် မမျှမတဖြစ်နေပြီး လူသားချင်းစာနာသည့်ကိစ္စ၊ တန်းတူညီမျှရေးကိစ္စ၊ လူနည်းစုများကို နှိပ်ကွပ်နေသည့်ကိစ္စစသဖြင့် ပြောဆိုပြီး ဖိအားပေးဆောင်ရွက်နေခြင်းများရှိပါကြောင်း။

**ကိုဖီအာနန် ကော်မရှင်ကိုဖွဲ့စည်း**

လက်ရှိအစိုးရအနေဖြင့် ယင်းပြဿနာမှာ ဖြေရှင်းဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် အဆင်အပြေဆုံး၊ အသင့်တော်ဆုံး၊ အကောင်းဆုံးဖြစ်မည်ဟု ယူဆရသည့် နည်းလမ်းဖြစ်သည့် ကိုဖီအာနန်ကော်မရှင်ကိုဖွဲ့စည်းပြီး ဖြေရှင်းဆောင်ရွက်ရန် အကြံဉာဏ်တောင်းသည့် အစီအစဉ်ကို ဆောင်ရွက်ခဲ့ပါကြောင်း။

ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပြဿနာသည် ပြေလျော့သွားစရာအကြောင်းရှိသည်ဟု မိမိတို့ထင်ပါကြောင်း၊ သို့ရာတွင် ကော်မရှင်ကိုလက်မခံနိုင်ဘူးဆိုသည့် ကန့်ကွက်မှုများလည်း တစ်ဖက်ကရှိပါကြောင်း၊ တစ်ချိန်တည်းတွင် ကော်မရှင်ကို အပ်နှံသည့်အခါတွင် တစ်ဖက်မှ ၎င်းတို့၏ အရေးကိစ္စကို ထင်ထင်ရှားရှားဖြစ်အောင် လုပ်ကိုင်လာသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၉ ရက်တွင် နယ်ခြားစောင့်ရဲစခန်းဌာနချုပ်ဖြစ်သည့် ကျီးကန်းပြင်၊ ငါးခူရစခန်း စသည်တို့ကို ဝင်ရောက်တိုက်ခိုက်ခဲ့ပါကြောင်း၊ ယခင်က လူမျိုးရေး၊ ဘာသာရေးပဋိပက္ခမှနေ၍ အကြမ်းဖက်တိုက်ခိုက်သည့် သဘောသို့ ကူးပြောင်းသွားပြီး ၎င်းတို့အရေးကိစ္စကို ကမ္ဘာကသိစေရန်နှင့် ၎င်းတို့လူများ ပိုမိုသိစေရန် လုပ်ကိုင်ဆောင်ရွက်လာသည့် သဘောဟုမြင်ပါကြောင်း။

၎င်းတို့က တိုက်ခိုက်သည့်အတွက်ကြောင့် ပြန်လည်ပြီး တုံ့ပြန်ဖြေရှင်းသည့်အခါ ဝေဖန်စွပ်စွဲမှုများ ပိုပြီးများပြားလာပါကြောင်း၊ ကျီးကန်းပြင်ဆိုသည်မှာ စခန်းကြီးတစ်ခုဖြစ်ပါကြောင်း၊ ယင်းကို ဝင်ရောက်တိုက်ခိုက်ခြင်းသည် ရိုးရိုးသာမန်ဆန္ဒပြခြင်း မဟုတ်ပါကြောင်း၊ ကြီးမားသည့် အစီအစဉ်ဖြင့် ဆောင်ရွက်သည့်ကိစ္စဖြစ်ပါကြောင်း။



**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် သတင်းမီဒီယာအဖွဲ့အစည်းများ၊ ပြည်တွင်းအခြေစိုက် မီဒီယာများနှင့်တွေ့ဆုံဆွေးနွေးစဉ်။**

**အသံများ ကျယ်လောင်လာ**

ယင်းပြဿနာများကို ဖြေရှင်းပြီး တည်ငြိမ်မှုအတန်အသင့်ရောက်လာပြီဟု ယူဆသည့် တစ်နှစ်ခန့်ကြာသည့်အချိန် ပြီးခဲ့သည့် ဩဂုတ်လတွင် ရဲစခန်း ၃၀ ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း တိုက်ခိုက်ခဲ့ပါကြောင်း၊ ထိုသို့ တိုက်ခိုက်သည့်အချိန် သတင်းကိုကြားသိရသည့်အချိန်တွင် အများက ၎င်းတို့သည် အကြမ်းဖက်သမားများ ဖြစ်ကြောင်း၊ ၎င်းတို့၏ သာမန်နစ်နာမှုကို အခွင့်အရေးတောင်းဆိုသည့်အနေအထားမျိုးမဟုတ်ဘဲ အကြမ်းဖက်သမားဟု အများကလက်ခံသည့်အနေအထားမျိုး ရောက်လာပါကြောင်း၊ ယင်းကို ပြန်လည်ရှင်းလင်းသည့် အစီအစဉ်များ လုပ်သည့်အခါတွင် ထိုစခန်း ၃၀ ကို တိုက်ခိုက်သည့်ကိစ္စမှာ မေ့မှိန်သွားပြီး ကမ္ဘာကထိုနေရာတွင် လူမျိုးတုံးသတ်ဖြတ်နေသည်ဟူသော အသံများ ကျယ်လောင်လာသည့် အနေအထားမျိုး ဖြစ်လာပါကြောင်း ပြောကြားသည်။

**နီးနီးစပ်စပ်နေတဲ့အခါ**

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် "အဲဒီအခြေအနေကတော့ နိုင်ငံတကာအသိ၊ နိုင်ငံရေးအရဖြစ်နေတဲ့ အနေအထားတွေပါ။ တကယ်ဖြစ်တာသည် အဲဒီဒေသမှာရှိတဲ့လူတွေရဲ့ နိုင်ငံရေးရည်မှန်းချက်နဲ့ ဆောင်ရွက်ရာကနေပြီးတော့ ဒီပြဿနာတွေဖြစ်တယ်လို့ ကျွန်တော်တို့ယေဘုယျအားဖြင့် မြင်ပါတယ်။ အခြားအသေးစိတ်ပြောမယ်ဆိုရင်တော့ လူမျိုးမတူတဲ့လူတွေ၊ ဘာသာမတူတဲ့လူတွေ နီးနီးစပ်စပ်နေတဲ့အခါမှာ ဖြစ်လာတဲ့ ပြဿနာတွေသည် ဒီအကြောင်းအရာတွေကို ဖြစ်ပေါ်စေတယ်လို့ ယေဘုယျ ပြောလို့ရနိုင်ပါတယ်။

"သို့သော် ခုနောက်ပိုင်းဖြစ်ပေါ်လာတဲ့ အနေအထားတွေနဲ့ ရှေးတုန်းကရှိခဲ့တဲ့ သမိုင်းတွေအရ ဆိုရင်တော့ ဒီနေရာကို ဒီလူစုကအပိုင်ရရှိဖို့ လိုချင်နေတဲ့အတွက်ကြောင့် နည်းမျိုးစုံနဲ့ကြိုးပမ်းဆောင်ရွက်နေတယ်လို့မြင်နိုင်ပါတယ်။

"ဒါသည်ကျွန်တော်ပြောတဲ့နိုင်ငံရေးရည်မှန်းချက်နဲ့ သူတို့ဆောင်ရွက်နေတဲ့ ကိစ္စဖြစ်ပါတယ်။ ဒါသည် ကျွန်တော်တို့မီဒီယာများမှာ လာပြီးထင်ဟပ်ပါတယ်။ လာပြီး သက်ရောက်ပါတယ်။ အထူးသဖြင့် ဒီကနေ့ ဆက်သွယ်ရေးတွေသိပ်လျင်မြန်လာတဲ့ကာလမှာ မီဒီယာသည် ဒီလိုအရေးကိစ္စတွေမှာ အသုံးချစရာ ထိရောက်တဲ့ လက်နက်ကိရိယာတစ်ခုလည်းဖြစ်လာပါတယ်။ ဒါကြောင့် မို့လို့ နိုင်ငံရေးပြဿနာထက် မီဒီယာပြဿနာဆိုတဲ့ အသွင်သဏ္ဌာန်မျိုးအထိပေါ်လာတာ ရှိပါတယ်။

**ဖိအားပေးနေနိုင်တဲ့အနေအထား**

"မီဒီယာတိုက်ပွဲဆိုတဲ့သဘောမျိုး တချို့ကပြောဆိုတာရှိပါတယ်။ ကျွန်တော်မြင်တာကတော့ နိုင်ငံရေးတိုက်ပွဲပါ။ နိုင်ငံရေးတိုက်ပွဲမှာနိုင်ငံတကာမှာရှိတဲ့အဖွဲ့အစည်းတွေ၊ နိုင်ငံတွေ စသဖြင့် အကြောင်းအမျိုးမျိုး၊ ယုံကြည်ချက်အမျိုးမျိုး၊ ရည်ရွယ်ချက်အမျိုးမျိုးနဲ့ ပါဝင်နေတယ်။ အင်အားက တော်တော်ကြီးမားပါတယ်။ ဒီလိုပါဝင်ဆောင်ရွက်နေတာရှိပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂလိုအဖွဲ့အစည်းမျိုးအထိကိုရောက်ရှိနေပြီးတော့ ကျွန်တော်တို့ကို ဖိအားပေးနေနိုင်တဲ့အနေအထားဖြစ်တယ်ဆိုတာအားလုံးမြင်ရပါတယ်။

"အဲဒီတော့ ဒီလိုဘာကြောင့်ဖြစ်ရသလဲဆိုတော့ မီဒီယာအပိုင်းနဲ့ဆက်စပ်ပြီးစဉ်းစားရမယ်ဆိုရင် အဲဒီနေရာက ပုဂ္ဂိုလ်တွေ၊ ရိုဟင်ဂျာလို့နာမည်ခံယူထားတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ သူတို့က နှစ်ပေါင်းများစွာစုစုရုံးရုံးဆောင်ရွက်ခဲ့တာတွေရှိပါတယ်။ နိုင်ငံတကာမှာ သူတို့လှုပ်ရှားဆောင်ရွက်ခဲ့တာတွေ ရှိပါတယ်။ သူတို့ကိုအထောက်အကူပေးတဲ့အဖွဲ့အစည်းတွေ ရှိပါတယ်။ နိုင်ငံတကာက သူတို့နဲ့လူမျိုးဘာသာတူတဲ့သူတွေရဲ့ အကူအညီ အစီအစဉ်တွေထဲမှာ ပါဝင်ဆောင်ရွက်ခဲ့တာရှိတယ်။ ပါဝင်ဆောင်ရွက်ရင်းနဲ့ သူတို့ရဲ့ အရေးကိစ္စတွေကို စည်းရုံးတင်ပြခဲ့တဲ့အတွက်ကြောင့် သူတို့ရဲ့အနေအထားကို အများကတော်တော်လက်ခံသိမြင်နေတဲ့ သဘောမျိုးတွေလည်းရှိပါတယ်။

**သတင်းအတုတွေ**

"သူတို့က သူတို့ရဲ့ဇာတ်ကြောင်းကို ပျံ့နှံ့အောင်လုပ်ထားတယ်။ လုပ်ထားပြီး အခုအရေးကိစ္စပေါ်တဲ့အခါမှာ အားလုံးသိတဲ့အတိုင်း သတင်းအတုတွေကို ပိုပြီးလှုပ်လှုပ်ရှားရှားဖြစ်အောင်ဆောင်ရွက်ပါတယ်။ သို့သော် လိမ်တာညာတာမှန်း သိရဲ့သားနဲ့ နိုင်ငံတကာမှာ တော်တော်ကြီးကျယ်တဲ့ ခေါင်းဆောင်တွေကပါအသုံးပြုပြီး ဆက်လက်လုပ်ကိုင်နေတာတွေရှိပါတယ်။

"ဒါတွေကြည့်ရင် သတင်းအမှားတွေပျံ့လို့ဆိုတာရဲ့ သက်ရောက်မှုကလည်းရှိပါတယ်၊ ကြီးမားပါတယ်။ သို့သော် နိုင်ငံရေးအဆုံးအဖြတ်ပေးနိုင်တဲ့ လူတွေကတော့ သတင်းအမှားကြောင့် သက်ရောက်မှုမဟုတ်ဘဲနဲ့ သူတို့ကိုယ်တိုင်က အဲဒီအတိုင်းကို ခံယူစေချင်လို့ဖြစ်စေချင်တဲ့အတွက်ကြောင့် ဒါတွေကိုလက်ခံပြီးတော့ လုပ်တာကိုင်တာလို့ ကျွန်တော်တို့မြင်ပါတယ်။ ဆိုလိုချင်တာက ဒါဟာမီဒီယာနယ်ပယ်ထဲကို ရောက်လာပြီး တိုက်ခိုက်ခံရတဲ့ အနေအထားပါ။

**ကမ္ဘာကသိအောင်တင်ပြ**

"သူတို့ရဲ့သတင်းကလွှမ်းမိုးတယ်။ ကျွန်တော်တို့ အသိုက်အဝန်းက မကြားရဘူး။ နိုင်ငံရေးအခြေအနေအရကြည့်မယ်ဆိုရင် ရခိုင်ပြည်မြောက်ပိုင်းမှာ ရခိုင်လူမျိုးသည် အနည်းစုဖြစ်နေသလို ကမ္ဘာမှာသို့မဟုတ်နိုင်ငံတကာမှာလည်း ကျွန်တော်တို့ တိုင်းပြည်ဟာ အင်အားနည်းတဲ့နိုင်ငံဖြစ်နေတယ်ဆိုတာ အားလုံးသိကြတဲ့အချက်ဆိုတာ ထင်ရှားပါတယ်။ အဲဒီလိုအဘက်ဘက်က အင်အားနည်းသလို ကျွန်တော်တို့ အရေးကိစ္စကို ကမ္ဘာကသိအောင်တင်ပြမယ့်အပိုင်းမှာအင်အားနည်းပါတယ်။

"သို့သော် တစ်ဖက်မှာ အထူးသဖြင့် မီဒီယာပိုင်းဆိုင်ရာ မိတ်ဆွေများ၊ အဖွဲ့အစည်းများ တချို့က ပုဂ္ဂိုလ်များကလည်း ကျွန်တော်တို့ကို ပြောဆိုအကြံဉာဏ်ပေးပါတယ်။ ပြည်တွင်းမီဒီယာအဖွဲ့အစည်းတွေနဲ့ တွေ့ဆုံပြီးတော့ ဒီကိစ္စဟာ တိုင်းပြည်ရဲ့ အမျိုးသားအရေးကိစ္စဖြစ်တဲ့အတွက်ကြောင့် ဒါနဲ့ပတ်သက်ရင် ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာမျိုး အကြံဉာဏ်စိတ်ကူးစိတ်သန်းတွေရယူသင့်တယ်။ ဘာတွေ ဆောင်ရွက်သင့်သလဲ။ သူတို့အနေနဲ့ရော ဘာတွေဆောင်ရွက်ပေးနိုင်မလဲ မေးမြန်းဆွေးနွေးသင့်တယ်လို့အကြံပြုတာတွေရှိပါတယ်။ ဒါကြောင့်မို့ဒီကနေ့မှာ အခုလို သတင်းမီဒီယာလောကမှာဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်တွေကို ဖိတ်ခေါ်ပြီးတော့ ဆွေးနွေးတာဖြစ်ပါတယ်။

**တိတိကျကျစုစည်းသုံးသပ်ပြီး**

"ပထမပိုင်းအစီအစဉ်ကို ထင်မြင်ချက်တွေကို လွတ်လွတ်လပ်လပ် ပြောဆိုကြမယ်။ ဆွေးနွေးပြီးရင်တော့ ဒီဆွေးနွေးတဲ့အထဲကနေ ရလဒ်တွေတကယ်လက်တွေ့ ဘယ်လိုဆက်လက်ဆောင်ရွက်သင့်တယ်ဆိုတဲ့ အကြောင်းအရာ အချက်အလက်တွေကို တိတိကျကျစုစည်းသုံးသပ်ပြီး မှတ်တမ်းတင်နိုင်ဖို့၊ ဆက်လက်ပြီး အကောင်အထည်ဖော်နိုင်ဖို့မျှော်လင့်ထားပါတယ်။

"သတင်းအမှားတွေကိုတော့ ဒါကဘယ်လိုမှားယွင်းပါတယ်။ အလိမ်အညာဖြစ်ပါတယ်ဆိုတဲ့ဟာမျိုးကို ပြန်ပြီးခြေဖျက်ရမယ်လို့မြင်ပါတယ်။ ဒါကိုလုပ်ချင်ပါတယ်။ စိတ်ကူးစိတ်သန်းအကြံဉာဏ်ပေးရင်လည်း လက်ခံပါတယ်။ ဖြစ်စဉ်အမှန် သို့မဟုတ် မြန်မာရဲ့ရပ်တည်ချက်ပေါ်လွင်အောင်နဲ့နိုင်ငံတကာကိုပျံ့နှံ့အောင် ဘယ်လိုဆောင်ရွက်မလဲ။ ပျံ့နှံ့အောင်ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ကို ဖိအားပေးနေတဲ့ ကုလသမဂ္ဂနဲ့ နိုင်ငံကြီးတွေ၊ တခြားဆန့်ကျင်တိုက်ခိုက်နေတဲ့ နိုင်ငံတွေဆီကိုလည်း ဒီအဖြစ်မှန်က ဒီလိုရှိပါတယ်ဆိုတဲ့ အနေအထားရောက်ရှိအောင် လုပ်ဖို့လိုပါလိမ့်မယ်။ လက်ခံတာ၊ လက်မခံတာသူတို့ အစိတ်အပိုင်းလို့ယူဆပါတယ်။

**ပိုပြီးယုံကြည်မှု ရှိအောင်**

"ပြီးတော့ ကျွန်တော်တို့ကို အားပေးထောက်ခံတဲ့နိုင်ငံကြီးတွေဖြစ်တဲ့ အိန္ဒိယ၊ တရုတ်နဲ့ရုရှားနိုင်ငံတွေက မြန်မာ့အရေးကိစ္စမှာ မြန်မာဘက်ကနေရပ်တည်နေတာတွေရှိပါတယ်။ဒီလိုရပ်တည်ပေးနေတဲ့နိုင်ငံတွေကိုလည်း ကျွန်တော်တို့ အနေအထားအမှန်က ဒီလိုရှိတယ်ဆိုပြီး ပိုပြီးယုံကြည်မှုရှိအောင် ကျွန်တော်တို့ အသိပေးနိုင်ဖို့လိုပါတယ်။

"ပြီးတော့ အိမ်နီးချင်းဖြစ်တဲ့ ဒီပြဿနာမှာ ဟိုဘက်ဒီဘက် တိုက်ရိုက်သက်ဆိုင်နေတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုလည်း သတင်းအချက်အလက်တွေ အသိပေးနိုင်ဖို့လိုတယ်"လို့လည်းမြင်ပါတယ်။

"အဓိကကတော့ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ အာဆီယံနိုင်ငံတွေကိုလည်း အသိပေးနိုင်ဖို့လိုတယ်လို့ မြင်ပါတယ်။ ဒါတွေကို ဘယ်လိုအသိပေးနိုင်မလဲဆိုတဲ့ အချက်ကို စဉ်းစားရမှာဖြစ်ပါတယ်။ နောက်တစ်ခုပိုပြီး အရေးကြီးတဲ့အချက်က တိုင်းပြည်တွင်းမှာ နေထိုင်တဲ့ နိုင်ငံသားတွေကိုယ်တိုင်က ဒီအကြောင်းကိစ္စနဲ့ပတ်သက်ပြီးတော့ တကယ့်အနေအထားအမှန်ကို တိတိကျကျ မှန်မှန်ကန်ကန်သိရှိပြီး ဒီအနေအထားသည် မိမိတို့တိုင်းပြည်အတွက် ဘယ်လိုဆုံးရှုံးမှုတွေ သက်ရောက်နိုင်တဲ့ အနေအထားရှိတယ်ဆိုတာကို သေသေချာချာမြင်ပြီးတော့ ဖြေရှင်းဆောင်ရွက်ဖို့၊ ဆောင်ရွက်တဲ့အခါမှာလည်း ဘယ်လိုနည်းလမ်းတွေနဲ့ ဆောင်ရွက်သင့်တယ်။ ဒါက မှန်ကန်တယ်၊ မမှန်ကန်ဘူးစတာတွေကို မှန်မှန်ကန်ကန် သုံးသပ်တတ်ပြီးတော့ အမြော်အမြင်ရှိစွာနဲ့ ဆုံးဖြတ်နိုင်ဖို့ ဒီအခြေအနေနဲ့ပတ်သက်ပြီး သတင်းအချက်အလက်ရော၊ အသိအမြင်ရောပေးတဲ့ အလုပ်ကိုလုပ်ဖို့လိုအပ်တယ်လို့ထင်ပါတယ်"ဟု ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက်တက်ရောက်လာကြသည့် သတင်းမီဒီယာအဖွဲ့အစည်းများ၊ ပြည်တွင်းအခြေစိုက်မီဒီယာများနှင့် ဖိတ်ကြားထားသူများက ၎င်းတို့၏ထင်မြင်ယူဆချက်၊ ကိုယ်ပိုင်အမြင်များကို ကဏ္ဍအလိုက် လွတ်လပ်ပွင့်လင်းစွာ ပြန်လည်ဆွေးနွေးတင်ပြကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ(MPC)မှ ဦးသီဟစောနှင့်ဦးကျော်စွာမင်း၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း(MJA)မှ ဦးရဲမင်းဦးနှင့် ဒေါ်အိအိတင်၊ မြန်မာစာနယ်ဇင်းသမဂ္ဂ (MJU)မှ ဦးဝဏ္ဏနှင့် ဦးဇော်သက်ထွေး၊ မြန်မာဂျာနယ်လစ်ကွန်ရက် (MJN) မှ ဦးမြင့်ကျော်၊ ကာတွန်းဆရာအသင်းမှ အော်ပီကျယ်နှင့် ဦးမိုးထက်မိုး၊ ရွှေသံလွင်မီဒီယာဂရုမှ ဦးကိုကိုနှင့် ဦးသိုက်ထွန်း၊ Forever Media Group မှ ဦးမိုးကောင်းနှင့် ဦးခင်မောင်ဌေး၊ Eleven Media Group မှ ဦးဝေဖြိုး၊ The Voice မှ ဦးဇေယျသူနှင့် ဦးကျော်မင်းဆွေ၊ 7 Day Media မှ ဦးနန္ဒ၊ Frontier မှ ဦးဆန်နီဆွေ၊ မြန်မာတိုင်းမ်မှ ဦးသိန်းထွန်း၊ Mizzima မှ ဦးစိုးမြင့်၊ DVB မှ ဦးတိုးဇော်လတ်၊ ဧရာဝတီမှ ဦးကျော်စွာမိုး၊ ပညာရှင်ဦးမော်လင်းနှင့် ဦးအေးမောင်ကျော်၊ လျှပ်တစ်ပြက်ဂျာနယ်မှ ဦးမြတ်ခိုင်၊ The First Weekly မှ ဦးအောင်စိုးသူ ၊NLD ဗဟိုသုတေသနဌာနမှ ဦးမျိုးရန်နောင်သိန်း၊ (၈၈) မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးမင်းကိုနိုင်နှင့် ဦးမြအေး၊ စာရေးဆရာ ဦးနေဘုန်းလတ်၊ ပြည်သူ့အရေးဂျာနယ်မှ ကိုဝ၊ MNTV မှ ဦးအောင်မျိုးလွင်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ပြန်လည်တုံ့ပြန်နိုင်ရေး**

ဆွေးနွေးပွဲတွင် အဓိကအားဖြင့် သတင်းအမှန်များကို ပြည်တွင်းနှင့် နိုင်ငံတကာသို့ ယခုလက်ရှိအခြေအနေထက် ပိုမိုပျံ့နှံ့စေရေးနှင့် နိုင်ငံတကာတွင် ပျံ့နှံ့နေသောသတင်းအမှားများကို တုံ့ပြန်ဖြေရှင်းရာတွင် သတင်းအမှားများကို သတင်းအမှန်များဖြင့် ပြန်လည်တုံ့ပြန်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယနေ့ဆွေးနွေးချက်များအပေါ် အခြေခံပြီး လတ်တလောဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ ရေရှည်ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ အဖွဲ့အစည်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် တင်ပြဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဝေဖန်ပါ၊ ဖိတ်ကြားပါတယ်

## သာသနာ့ဘောင်၌ အေးအတူပူအမျှ နေထိုင်နိုင်ရေး၊ ဗုဒ္ဓညွှန်ကြားချက်များ(သို့မဟုတ်) ပဝါရဏာနှင့်ကထိန်အလှူတို့၏ လူမှုရေးသမိုင်း



အောက်စ်ဖို့ဆရာတော် ပါမောက္ခ ဒေါက်တာဓမ္မသာမိ

ဝါဆိုနှင့်သီတင်းကျွတ်အစဉ်အလာကို အကြောင်းပြုပြီး ထေရဝါဒဗုဒ္ဓယဉ်ကျေးမှုအမျိုးမျိုးအကြောင်းကို လူအများသိပြီးသားပါ။ ဥပမာ သံဃာတော်များ ဝါကပ်ခြင်း၊ ဒါယကာ ဒါယိကာမများက ဝါဆိုမိုးရေခံသင်္ကန်းလှူဒါန်းခြင်း၊ သီတင်းကျွတ်လပြည့်နေ့မှာ ရဟန်းတော်များ ပဝါရဏာခေါ်တဲ့ အထူးဥပုသ် ပြုတော်မူကြခြင်း၊ အဘိဓမ္မာအခါတော်နေ့ ကျင်းပပူဇော်ခြင်း၊ ဝါကျွတ်တဲ့နေ့ကစပြီး တစ်လအတွင်း ကထိန်သင်္ကန်းလှူဒါန်းကြခြင်း အစရှိသည်တို့ပဲ ဖြစ်ပါတယ်။ ဒီဆောင်းပါးထဲမှာ ပဝါရဏာလို့ခေါ်တဲ့ လူပုဂ္ဂိုလ်များ သိပ်မရင်းနှီးသေးတဲ့ သံဃာ့ထုံးတမ်းစဉ်လာကို အသားပေးရှင်းပြချင်ပါတယ်။ သီတင်းကျွတ်လပြည့်နေ့မှာ ရဟန်းတော်များ ကြီးငယ်မရွေး သံဃာ့အစည်းအဝေးထဲမှာ အများက မိမိကိုယ်ကိုဝေဖန်ဖို့ အသီးသီးတင်ပြဖိတ်ကြား တောင်းဆိုရပါတယ်။ အဲဒီလိုဖိတ်ကြားမှုကို ပါဠိဘာသာမှာ ပဝါရဏာလို့ခေါ်တယ်။ ဖိတ်ကြားတဲ့ဖော်မြူလာကတော့ "သံဃာတော်အရှင်သူမြတ်များဘုရား။ သံဃာတော်များကို တပည့်တော်ရိုသေစွာ ဖိတ်ကြားပါတယ်ဘုရား။ အရှင်ဘုရားတို့ မြင်လို့ပဲဖြစ်ဖြစ်၊ ကြားလို့ပဲဖြစ်ဖြစ်၊ သံသယရှိလို့ပဲဖြစ်ဖြစ် တပည့်တော်ရဲ့ချို့ယွင်းချက်ကို ထောက်ပြဝေဖန်တော်မူကြပါ။ တပည့်တော် ပြုပြင်နေထိုင်ပါ့မယ်ဘုရား" တဲ့။

ဒီလိုဖိတ်ကြားမှုမျိုးမပြုရင် အာပတ်သင့်ပါတယ်။ သံဃာတော်အများရဲ့ကဲ့ရဲ့မှုကို တရားဝင်ခံယူရတယ်ဆိုလိုပါတယ်။ ဒါတင်မကသေးဘူး။ ဖိတ်ကြားမှုပျက်ကွက်တဲ့အတွက် လိုက်လာတဲ့ပြစ်ဒဏ်ထဲမှာ ကထိန်သင်္ကန်းလက်ခံခွင့်မရှိဘူးဆိုတာလည်းပါပါသေးတယ်။ ကထိန်သင်္ကန်းလက်မခံရတဲ့အတွက် ကထိန်အကျိုးကျေးဇူးဖြစ်တဲ့ ဝိနည်းသိက္ခာပုဒ်ငါးခုကို လေးလမျှလျှော့ပေးတာလည်း မခံရတော့ဘူး။

ဒီလောက်ထိအရေးကြီးတဲ့ ပဝါရဏာ (အချင်းချင်းအပြုသဘောပြောဆိုဝေဖန်မှု)ရဲ့ လူမှုသမိုင်းအကြောင်း အနည်းငယ်ပြောပြပါရစေ။

သီတင်းကျွတ်လပြည့် ပဝါရဏာနေ့မတိုင်ခင် ရဟန်းတော်များ သုံးလတိုင်တိုင် တစ်နေရာတည်းမှာ အတူသီတင်းသုံးနေထိုင်ကြရတယ်။ သာသနာတော်ရဲ့စောစောပိုင်းမှာ တစ်နေရာကနေတစ်နေရာ ဒေသစာရီခရီးသွားနေတာများတဲ့အတွက် တစ်ပါးနဲ့တစ်ပါး တစ်နေရာတည်းမှာ လနှင့်ချီ အတူသီတင်းသုံးတဲ့အခါမှာ တစ်ပါးနဲ့တစ်ပါးကြား အဆင်မပြေမှု၊ စိတ်ကတောက်ကဆတ်ဖြစ်မှုတွေရှိနိုင်ပါတယ်။ ပုထုဇဉ်တွေဆိုရင် မနာလိုမှု၊ အားငယ်မှု၊ စိတ်ထဲမလုံမခြုံခံစားရမှု၊ အတင်းပြောမှုတွေတောင် အလွယ်တကူရှိနိုင်တယ်။ ဒါကြောင့် သုံးလအတူ သီတင်းသုံးပြီး တစ်နေရာစီထွက်မသွားခင်မှာ စိတ်အနှောင့်အယှက်ဖြစ်ခဲ့သမျှ ဒေါသတွေနုတ်ပြီး မေတ္တာနှင့်ဆက်ပြီးမှ ကောင်းသောခွဲခွာခြင်းဖြစ်စေဖို့အတွက် ပဝါရဏာအခမ်းအနားကို မဖြစ်မနေလုပ်ရမယ်ဆိုပြီး ဗုဒ္ဓမြတ်စွာဘုရားက အာဏာစက်ပညတ်တော်ထားခဲ့ခြင်းဖြစ်ပါတယ်။ စိတ်ဒဏ်ရာဒဏ်ချက်တွေနဲ့ လမ်းမခွဲစေချင်ဘူးလေ။

တပည့်တော်ကို ဝေဖန်တော်မူကြပါဆိုပြီး သီတင်းသုံးဖော်များကို ဖိတ်ကြားမှုဟာ တစ်နှစ်ပတ်လုံး အတည်ဖြစ်ပါတယ်။ အမှန်ဆိုသာသနာ့ဘောင်မှာ ရှိနေသရွေ့တည်ပါတယ်။ အချင်းချင်းအပြုသဘော ကရုဏာဖြင့် ပြောဆိုဝေဖန်မှုကို လက်မခံ၊ အပြောရခက်တဲ့ရဟန်းဟာ အပြစ်ကြီးတယ်။ အပြစ်အာပတ်ဖြေနေစဉ်ကာလအတွင်း ရဟန်းတစ်ပါးရဲ့ ရပိုင်ခွင့်လုပ်ပိုင်ခွင့်တွေ ဆိုင်းငံ့ထားခြင်းခံရပါတယ်။ သံဃာထုက ပြန်လည်တန်ဖိုးထားမြတ်နိုးအောင်လည်း အဲဒီရဟန်းက ကျင့်စဉ်အထူးတွေကျင့်ရပါတယ်။ ဤပဝါရဏာအခမ်းအနား ပြုလုပ်ပြီးရင်တော့ ရဟန်းတစ်ပါးဟာ ကထိန်သင်္ကန်းအလှူခံခွင့်ကို ဝိနည်းဥပဒေက ခွင့်ပြုပါပြီ။ ကထိန်ဆိုတာလည်း သာသနာရဲ့စောစောပိုင်းမှာ သင်္ကန်းစပ်ချုပ်ပြုလုပ်တဲ့ (robe making)ကာလကို ရည်ညွှန်းပါတယ်။ အခုမှ အသင့်ချုပ်ပြီးသား သင်္ကန်းတွေပေါ်လို့ ကထိန်ဟာ သင်္ကန်းလှူ (robe offering) ကာလပုံစံမျိုးပြောင်းလဲဖြစ်ပေါ်လာခဲ့တာပါ။ သင်္ကန်းစပ်ချုပ်ပြုလုပ်ရာမှာလည်း ချုပ်ဆိုးမှုကိုတစ်ရက်တည်းနဲ့ ပြီးအောင်လုပ်ရမယ်လို့ ဗုဒ္ဓမြတ်စွာဘုရားက ပညတ်ထားပါတယ်။ ဒါကြောင့် မသိုးသင်္ကန်းရယ်လို့ ခေါ်တာပါ။ ရုပ်ဝတ္ထုပစ္စည်းအတွက် အချိန်မကုန်စေလို၊ သင်္ကန်းများစွာ မစုဆောင်းစေလိုလို့ ဖြစ်ပါလိမ့်မယ်။ တစ်ရက်တည်း ရက်တာ၊ ချုပ်ဆိုးတာ ပြီးစီးအောင်ဆိုရင် ရှိသမျှသံဃာက ဝိုင်းကူညီမှ ဖြစ်နိုင်မှာပါ။ အနည်းဆုံးငါးပါးလောက်လိုပါမယ်။ ဒါကြောင့် ရှိရှိသမျှရဟန်းတွေ သင်္ကန်းချုပ်ဆိုးရာမှာ ပါဝင်ကူညီကြရမယ်လို့ ပညတ်ထားတော်မူသေးတယ်။ ကိုယ့်အတွက်မဟုတ်လည်း ကူညီဖို့ တာဝန်ဝတ္တရားရှိပါတယ်။ အမှန်မှာတော့ ကထိန်သင်္ကန်းဟာ သံဃိကအများပိုင်အနေနဲ့ အလှူခံရက်လုပ်ချုပ်ဆိုးရလို့ ဘယ်သူက ကထိန်သင်္ကန်းရမယ်ဆိုတာ ကြိုမသိပါဘူး။ မသိပေမယ့် ကူညီကြရတယ်။ မကူညီရင် ဝိနည်းတော်အရ အကဲ့ရဲ့ခံရမယ်။ အာပတ်ဖြေရမယ်။ အများပူးပေါင်းဆောင်ရွက်မှုရှိအောင် မကူညီမနေရ ဝိနည်းဥပဒေတော်ထဲ ပညတ်ထားလိုက်တာလေ။

သို့သော် ဒါက ကိုယ်လက်ပိုင်း ပါဝင်မှုနည်းတာ ဆိုင်သေးတယ်။ အမှန်ဆို စိတ်ထဲမှာလည်း ဝမ်းပန်းတသာပူးပေါင်းဆောင်ရွက်မှုရှိအောင်၊ နှုတ်နဲ့လည်း သဘောတူကြောင်းကို အများကြားသိအောင် သံဃာကြားထဲမှာ ကထိန်သင်္ကန်း အနုမောဒနာပြုရသေးတယ်။ ဒါက စိတ်ခံစားမှု (emotions)အတွက် သိပ်အရေးပါတယ်။ ပီတိ/မုဒိတာ မဖြစ်နိုင်လျှင် အသိုင်းအဝိုင်းတစ်ခုအတွင်း အလွယ်တကူ စိတ်ဝမ်းကွဲတတ်၊ မလိုအပ်ဘဲ အချင်းချင်းအဆိုးမြင်တတ်၊ အပျက်သဘောနဲ့ ပြောဆိုတတ်ကြတယ်။ အများနည်းတူ အလုပ်လည်း ဝင်လုပ်ရသေးတယ်။ ကိုယ်ပိုင်ခံစားမှုလည်း ဘာမှမရဘူးဆိုရင် စိတ်ကွက်တတ်၊ စိတ်မကျေမနပ်ဖြစ်တတ်၊ မနာလိုမရှုဆိတ်တွေဖြစ်တတ်ကြတယ်။ ဒါကြောင့် ကထိန်သင်္ကန်းခွဲဝေတဲ့အခါမှာ ကိုယ်ဘာမှမရရင်လည်း စိတ်မထိခိုက်ရုံတင်မက ရရှိသူအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်အောင် သင်္ကန်းရက်လုပ်ချုပ်ဆိုးနေတဲ့အချိန်တစ်လျှောက်လုံးမှာ မုဒိတာပွားနေမှ တကယ့်သင်္ကန်းခွဲဝေတဲ့အခါ ကိုယ်မရရင်လည်း သဘောထားကြီးစွာ အထပ်ထပ်ဝမ်းသာတဲ့ အနုမောဒနာဖြစ်နိုင်မှာ။

အလှူဒကာတွေအနေနဲ့ကတော့ ရဟန်းတော်တွေ သင်္ကန်းခွဲဝေတာ၊ လာဘ်လာဘခွဲခြမ်းတာ သိပ်မတွေ့ဖူးကြဘူး။ သင်္ကန်းလှူပြီး၊ ရေစက်ချပြီးရင် ပြီးပြည့်စုံပြီ၊ ကထိန်ကိစ္စပြီးပြီ ယူဆကြတယ်။ တကယ်တော့ မပြီးသေးပါဘူး။ ဖြစ်ပေါ်လာတဲ့ ကထိန်လျာသင်္ကန်းကို သိမ်ထဲမှာ သံဃာစည်းဝေးပြီး အလိုအပ်ဆုံးတစ်ပါးကို အများဆန္ဒနဲ့အညီ ပွင့်လင်းမြင်သာစွာ တရားဝင်ပေးအပ်ရပါတယ်။ ရတဲ့တစ်ပါးက သူကထိန်လျာသင်္ကန်းလက်ခံရကြောင်း၊ ကထိန်ခင်းပါကြောင်းနှင့် အနုမောဒနာဖြစ်ကြဖို့ တိုက်တွန်းကြောင်း လျှောက်ထားရတယ်။ အဲဒီအချိန်မှာ ရဟန်းတော်အားလုံးက ကထိန်သင်္ကန်းလက်ခံရရှိတဲ့ ရဟန်းနှင့် ထပ်တူဝမ်းမြောက် အနုမောဒနာ ထပ်ဖြစ်ပါကြောင်း လူသိရှင်ကြား သံဃာ့အလယ်မှာ လျှောက်ထားရတယ်။

အဲဒီ ကထိန်ခင်းတဲ့နေ့ကစပြီး ခရီးသွားလာမှု၊ စားသောက်မှုတို့နဲ့ ပတ်သက်တဲ့ ဝိနည်းသိက္ခာပုဒ် ငါးခုကို လေးလတာမျှ မလိုက်နာဘဲ နေနိုင်ကြောင်း ဗုဒ္ဓမြတ်စွာဘုရားက ခွင့်ပြုတော်မူပါတယ်။ ဒီအတွက် ခရီးသွားရလွယ်ကူတယ်။ ဆွမ်းကွမ်းနဲ့ပတ်သက်ပြီး ဒကာတွေနဲ့ ဆက်ဆံရာမှာလည်း ပိုလွယ်ကူတယ်။

လူ့အသိုင်းအဝိုင်းအတွက် ပဝါရဏာနဲ့ ကထိန်ကပေးတဲ့ သင်ခန်းစာကတော့ (၁)ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်နိုင်ရေးအတွက် ဝိနည်းဥပဒေသကဲ့သို့သော ဘောင်ခတ်ပေးတဲ့ မျှတတဲ့ဥပဒေ(legal boundary) ရှိရမယ်။ (၂) ပစ္စည်းဥစ္စာ သဘာဝအရင်းအမြစ်တွေကို မျက်နှာမလိုက်ဘဲ လိုအပ်မှုအပေါ် အခြေခံထားတဲ့ ခွဲဝေသုံးစွဲရေးစနစ် (wealth distribution) ရှိရမယ်။ (၃) အကောင်းဘက်မြင်တတ်ကြအောင် ပီတိ/မုဒိတာလို စိတ်ခံစားမှုပိုင်းဆိုင်ရာဖွံ့ဖြိုးမှု (emotion development) လည်းရှိရမယ်။ ဒီစနစ်ဟာ အများအတွက်ရော တစ်ဦးချင်းအတွက်ပါ ဖူလုံမှု၊ စိတ်ချမ်းသာမှုနှင့် ညီညွတ်မှုတို့ကို ရရှိစေနိုင်ပါတယ်လို့ သီတင်းကျွတ်လပြည့်မှ တန်ဆောင်မုန်းလပြည့်အထိ ကျင်းပတဲ့ ပဝါရဏာနဲ့ ကထိန်အစဉ်အလာတို့က သင်ပေးပါတယ်။

မြန်မာနိုင်ငံသားများအားလုံး ဖူလုံမှု၊ စိတ်ချမ်းသာမှုနှင့် ညီညွတ်မှုများ ရရှိကြပါစေ။ ။

---

**○ မြန်မာမှ**

၆ ဒသမ ၄ ရာခိုင်နှုန်းအထိ ရှိလာမည်ဟု မြန်မာ့စီးပွားရေး စောင့်ကြည့်အစီရင်ခံစာတွင် ဖော်ပြထားသည်။ ယင်းမှာ စွမ်းအင်နှင့် သယ်ယူပို့ဆောင်ရေးကဲ့သို့ အရေးပါသည့် အခြေခံအဆောက်အအုံကဏ္ဍများတွင် အစိုးရနှင့် ပုဂ္ဂလိကမှ ရင်းနှီးမြှုပ်နှံမှုများ မြင့်တက်လာဖွယ်ရှိနေခြင်းကြောင့်ဖြစ်ပြီး ငွေကြေးဖောင်းပွမှုနှုန်းမှာလည်း ရှေ့ဆက်ပြီး အားပျော့လာဖွယ်ရှိခြင်းကြောင့် စီးပွားရေးတိုးတက်မှုနှုန်း အားကောင်းနေခြင်းဖြစ်သည်။

**စိန်ခေါ်မှုများရှိနေ**

သိသာထင်ရှားသည့် ပြုပြင်ပြောင်းလဲမှုများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကတိကဝတ်များ ခိုင်မာအားကောင်းမှုရှိနေသော်လည်း မြန်မာနိုင်ငံအနေဖြင့် အကောင်အထည်ဖော်မှုအပိုင်းတွင် နှေးကွေးမှုများနှင့် ရင်ဆိုင်နေရကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ လတ်တလော ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခအခြေအနေများကြောင့် ရင်းနှီးမြှုပ်နှံမှုများအပေါ်တွင် အတိုင်းအတာတစ်ခုအထိ ထိခိုက်မှုများရှိနိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံသူများအကြားတွင် မြန်မာနိုင်ငံသည် လက်ရှိတွင် ပြုပြင်ပြောင်းလဲမှု အရှိန်အဟုန်များ နှေးကွေးသည်ဟူသော အမြင်များရှိနေခြင်းနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်နိုင်သည့် အနေအထားများကြောင့် နဂိုရှိနေသည့် စိန်ခေါ်မှုများကို ပိုမိုဆိုးရွားစေနိုင်သည်ဟု ကမ္ဘာ့ဘဏ်က သုံးသပ်ထားသည်။

"ရခိုင်ပြည်နယ်အနေနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ နှိုင်းယှဉ်ရင် အနည်းငယ်သာ ပါဝင်တယ်ဆိုပေမယ့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအရမှာတော့ ကျယ်ပြန့်တဲ့ သက်ရောက်မှုရှိတယ်။ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံလိုသူတွေအတွက် အရေးကြီးတယ်။ ခရီးသွားလုပ်ငန်းအပေါ်မှာ ထိခိုက်နိုင်တဲ့ သက်ရောက်မှုရှိတယ်။ ယေဘုယျအားဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်နိုင်တဲ့ အနေအထားတွေနဲ့ ပတ်သက်ပြီး ဒီလိုပြောရတာ စောနေသေးတယ်ဆိုပေမယ့် စိုက်ပျိုးရေးကဏ္ဍအနေနဲ့ အရေးကြီးတယ်။ ရင်းနှီးမြှုပ်နှံမှုအပိုင်းအတွက် ကာကွယ်နိုင်မယ့် အခြေခံအဆောက်အအုံတွေတည်တံ့ဖို့ လိုပါတယ်။ သဘာဝဘေးအန္တရာယ်ကျရောက်လာရင် ကာကွယ်နိုင်ဖို့ အစီအစဉ်တွေရေးဆွဲထားဖို့လိုပါတယ်" ဟု ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံဆိုင်ရာ Director Ms.Ellen Goldstein က သုံးသပ်ပြောကြားသည်။

**အကောင်အထည်ဖော်မှု နှေးကွေး**

ဆက်လက်ပြီး ကမ္ဘာ့ဘဏ်၏ မြန်မာ့စီးပွားရေး စောင့်ကြည့်အစီရင်ခံစာတွင် မြန်မာ့စီးပွားရေး ပြုပြင်ပြောင်းလဲမှုအတွက် အကောင်အထည်ဖော်မှုအပိုင်းတွင် နှေးကွေးမှုများ ရင်ဆိုင်နေရခြင်းနှင့်စပ်လျဉ်းပြီး နိုင်ငံတော်အစိုးရအနေဖြင့် လက်ရှိဆောင်ရွက်လျက်ရှိသော အရေးပါသည့် ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ဆောင်ရွက်နိုင်ရန်နှင့် ယင်းသို့ဆောင်ရွက်လျက်ရှိသည်နှင့် စပ်လျဉ်းပြီး သက်ဆိုင်သူများအားလုံးထံ ပြန်ကြားဆက်သွယ်ပေးမှုများ မြှင့်တင်ဆောင်ရွက်သင့်ကြောင်း အကြံပြုချက်ပါရှိသည်။ ဆောင်ရွက်ချက်များအနက် အချို့မှာ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို မြှင့်တင်နိုင်ရန်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအနက် ငွေရေးကြေးရေးဝန်ဆောင်မှုများ၊ လျှပ်စစ်ဓာတ်အား၊ မြေယာပိုင်ဆိုင်မှု၊ စီးပွားရေးဆိုင်ရာနှင့် အလုပ်သမားရေးရာဥပဒေမူဘောင်များ အစရှိသည်တို့ တိုးတက်ကောင်းမွန်လာစေရေးလုပ်ဆောင်ချက်များ ပါဝင်နေကြောင်း သိရသည်။

"ဥပမာ ကုန်ထုတ်လုပ်မှု တိုးတက်လာဖို့ဆိုရင် လျှပ်စစ်ဓာတ်အားဝန်ဆောင်မှုက အဟန့်အတားဖြစ်စေတယ်။ နိုင်ငံတွင်းမှာ ထုတ်လုပ်မှုစွမ်းအင် မြှင့်တင်ဖို့လိုအပ်ပါတယ်။ ဒါပေမယ့် တစ်ဖက်မှာလည်း ချိန်ညှိရမယ်။ အရေးကြီးတဲ့အချက်က လျှပ်စစ်ဓာတ်အားကောက်ခံမှုနဲ့ပတ်သက်ပြီး ဘယ်လိုတိုးမလဲ၊ ဘယ်နေရာမှာရပ်ထားရင်ကောင်းနိုင်မလဲဆိုတဲ့ ဆုံးဖြတ်ချက်ဖြစ်ပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုနှုန်း မြင့်မားလာဖို့အတွက် မြန်မာနိုင်ငံအစိုးရအနေနဲ့ အများကြီးဆောင်ရွက်ထားတာ တွေ့ရတယ်။ အများကြီးလည်း ဆောင်ရွက်စရာတွေ လိုနေပါသေးတယ်" ဟု ဘောဂဗေဒပညာရှင် MR.Hans Anand Beck က ဆက်လက်ပြောသည်။

**အခွင့်အလမ်းများရှိနေ**

၂၀၁၇ ခုနှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စီးပွားရေးတိုးတက်မှုအခြေအနေများ တိုးတက်ကောင်းမွန်လာချိန်တွင် အားကောင်းသော ပြည်တွင်းဝယ်လိုအားများ ဆက်လက်ဖြစ်တည်နေမှုတို့ကိုကြည့်၍ အရှေ့အာရှ-ပစိဖိတ်ဒေသ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ယခုနှစ်တွင် ၆ ဒသမ ၄ ရာခိုင်နှုန်းရှိမည်ဟု မျှော်မှန်းထားကြောင်း ကမ္ဘာ့ဘဏ်၏ အရှေ့အာရှ-ပစိဖိတ်ဒေသ အစီရင်ခံစာက ဆိုသည်။ ယင်းသို့ဖြစ်လာပါက ဒေသတွင်းရှိ ရေရှည်စိန်ခေါ်မှုများကိုဖြေရှင်းရန် အခြေအနေပိုကောင်းလာနိုင်ပြီး မြန်မာနိုင်ငံ စီးပွားရေးအတွက်လည်း အထောက်အကူပြုလာနိုင်ပြီး ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို အသုံးချနိုင်သည့် အခွင့်အလမ်းများရှိနေကြောင်း သိရသည်။

**(ခင်ဇာလီ)**

**ဆောင်းပါး**

# သီတင်းကျွတ်လနှင့် ပွဲတော်များ

ကမ္ဘာပေါ်တွင် ထေရဝါဒဗုဒ္ဓသာသနာအထွန်းကားဆုံးဖြစ်သော ကျွန်တော်တို့ မြန်မာနိုင်ငံသည် တစ်နှစ်ပတ်လုံး ဗုဒ္ဓပူဇနိယပွဲတော်များ၊ ရာသီပွဲတော်များဖြင့် စည်ကားနေသည်။ သီတင်းကျွတ်လသည်လည်း ပဝါရဏာပွဲ၊ မီးထွန်းပွဲတို့ဖြင့် စည်ကားလျက်ရှိသည်။

သီတင်းကျွတ်လသည် မြန်မာ့ပြက္ခဒိန်၌ သတ္တမမြောက်လဖြစ်သည်။ ပုဂံခေတ်ကျောက်စာ၊ မင်စာများတွင် ဤလကို 'သန်တူ' လဟုရေးထိုးထားကြောင်း တွေ့ရသည်။ ဓမ္မရာဇိတဘုရားမင်စာ၌ 'သကရစ် ၅၅၈ ခု၊ အာသတ်နှစ်သန်တူ လဆန်း ၁၃ ရက်နေ့' ဟူ၍လည်းကောင်း၊ မဟာထီးဘုရားကျောက်စာတွင် 'သန္တျူလဆုတ် ၇ ရက်၊ ကြာသပတိယ်နိယ်' ဟူ၍လည်းကောင်း၊ စာသင်ဂူဘုရားကျောက်စာ၌ 'သျက္ကရဇ် ၆၃၃ ခု၊ သန္တျူလဆန်း ၅ ရက်၊ ကြာသပတိယ်နိယ်' ဟူ၍ လည်းကောင်း ရေးထိုးထားကြောင်း တွေ့ရသည်။ ထို့ကြောင့်လည်း ရှေးပညာရှိများက 'တော်သလင်းမူ၊ သစ်ဆင်းဟူ၊ သန်တူ သီတင်းကျွတ်' ဟု စပ်ဆိုခဲ့ကြခြင်းဖြစ်သည်။

'သတင်းကျွတ်' ဟူသောဝေါဟာရနှင့်ပတ်သက်၍ အင်းဝခေတ်မှ စတင် တွေ့ရှိရပုံကို "၈၇၁ ခုနှစ်စွဲ၊ သံဃရာဇာကျောင်းကျောက်စာ၊ ၉၂၅ ခုနှစ်စွဲ စုက္ကတေးကျောက်စာတို့တွင် 'သတင်းကျွတ်' ဟု 'သ' သက်သက်ဖြင့်ရေးချေသည်။ ၉၂၅ ခုနှစ်တွင် မူလမင်းရဲကျော်စွာရေးထိုးခဲ့သော စစ်ကိုင်းပုညရှင် စေတီ ကျောက်စာကို ၁၁၃၇ ခုနှစ်၌ ဘိုးတော်မင်းတရားဆင့်ထိုးတွင် ဆင့်ထိုးအပိုဒ်၌ 'သကရဇ် ၁၁၄၂ ခု၊ သတင်းကျွတ်လပြည့်ကျော်' ဟုပါရှိရာ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်တော်တိုင် 'သတင်းကျွတ်' ဟု 'သ' သက်သက်ဖြင့် ရေးလျက်ရှိသေးကြောင်းတွေ့ရသည်"ဟု မြန်မာလအမည်များစာအုပ်၌ ဖော်ပြထားသည်။

သီတင်းကျွတ်လကို ဗေဒင်အခေါ်အားဖြင့် တူရာသီဟုခေါ်၏။ ထိုရာသီတွင် အဿဝဏီနက္ခတ်သည် စန်းဟုခေါ်သောလမင်းနှင့်အတူ ယှဉ်ပြိုင်ထွန်းပသည်။ ရာသီရုပ်မှာ ချိန်ခွင်ကိုကိုင်စွဲသော ယောကျ်ားရုပ်သဏ္ဌာန်ဖြစ်၍ ကြာမျိုးငါးပါးတို့သည် ထိုလ၏ရာသီပန်းများဖြစ်ကြသည်။ ကြာမျိုးငါးပါးမှာ ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ကြာတံဆိပ်(ကြာပုဏ္ဍရိက်)၊ ကြာခေါင်းလောင်း (ပဒုမ္မာ)တို့ဖြစ်ကြသည်။ သီတင်းကျွတ်လတွင် ရွှာသွန်းသောမိုးကို 'သီတင်းကျွတ်တွင်၊ ပလ္လင်ဆေးမိုး၊ ရွာသွန်းဖြိုး' ဟုရှေးစာဆိုတို့က စပ်ဆိုထားကြသည်။

ယခုခေတ်၌ မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်၌ ဝါတွင်းသုံးလ ပတ်လုံး အဘိဓမ္မာတရားတော်မြတ်ဟောကြားပြီး သီတင်းကျွတ်လပြည့်နေ့တွင် လူ့ပြည်သို့ ပြန်လည်ကြွမြန်းတော်မူသည်ကို ရည်မှန်း၍ 'အဘိဓမ္မာအခါတော်နေ့' ကို ကျင်းပကြသည်။ နံနက် ၆ နာရီတွင် နေထွက်၍ ညနေ ၆ နာရီတွင် နေဝင်သော နေ့တာ၊ ညတာ ညီမျှသောလဖြစ်သည်။ ထို့ကြောင့် ကင်းဝန်မင်းကြီးက 'သီတင်းကျွတ်ပြီ၊ တူရာသီ၊ အဿဝဏီရှိန်ဝါရွှန်း၊ ကြာမျိုးလည်းစုံ၊ မီးမြင်းမိုရ်၊ ဗဟိုအချာထွန်း' ဟု သံပေါက်စပ်ဆိုခဲ့ပါသည်။

ပဝါရဏာပွဲတော်သည် လူဝတ်ကြောင်များနှင့်သက်ဆိုင်သော ပွဲတော်မဟုတ်၊ သာသနာ့ဝန်ထမ်း ရဟန်း၊ သံဃာများနှင့်သာသက်ဆိုင်သော ပွဲတော်ဖြစ်သည်။ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်က ကောသလတိုင်းတစ်နေရာတွင် ဝါဆိုကြသော ရဟန်းတော်တစ်စုသည် ဝါတွင်းသုံးလပတ်လုံးအချင်းချင်း စကားမပြောဘဲ အတူဝါကပ်ခဲ့ကြသည်။ ဝါကျွတ်၍ ဘုရားရှင်ထံသွားရောက် ဖူးမြော်ကြရာ ဘုရားရှင်က 'ချမ်းသာစွာဝါကပ်ခဲ့ရပါ၏လော'ဟု မေးရာ 'အချင်းချင်းစကားမပြောဘဲနေခြင်းဖြင့် ချမ်းသာစွာဝါကပ်ခဲ့ရကြောင်း' လျှောက်ထားကြ၏။ ဘုရားရှင်က ဤအပြုအမူသည် နွားတို့၏ အပြုအမူ၊ ရန်သူတို့၏ အပြုအမူ ဖြစ်သည်ဟု ပြစ်တင်ဆုံးမတော်မူပြီးနောက် ဝါကျွတ်တိုင်း ရဟန်းတို့ ပဝါရဏာပြုရမည်ဟု ပညတ်တော်မူခဲ့၏။ ထို့ကြောင့် ပဝါရဏာပွဲတော်သည် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် ရှိခဲ့သောပွဲတော်ဖြစ်၍ နှစ်ပေါင်း ၂၅၀၀ ကျော်ကြာခဲ့ပြီဖြစ်သည်။

ပဝါရဏာပြုပုံမှာ ဝါတွင်းသုံးလတွင် အတူကပ်ခဲ့ကြသော ရဟန်းတော်တို့သည် သီတင်းကျွတ်လပြည့်နေ့တွင် သိမ်၌စုဝေး၍ မထေရ်ကြီးဖြစ်သော ရဟန်းကစတင်၍ 'ငါ့ရှင်တို့သံဃာအား ဖိတ်ကြားပါ၏။ မြင်၍ဖြစ်စေ၊ ကြား၍ဖြစ်စေ၊ ယုံမှား၍ဖြစ်စေ၊ အရှင်တို့သည် ကျွန်ုပ်အား အစဉ်သနားခြင်းကို အကြောင်းပြု၍ ပြောဆိုကုန်လော့။ အပြစ်ကိုမြင်သော် ကုစားပါအံ့ဟု သုံးကြိမ်ပြောကြားရသည်။ ဤနည်းအတိုင်း ဝါစဉ်အလိုက် တစ်ပါးပြီးတစ်ပါး ပြောကြားရသည်။ အပြစ်ရှိက ကုစားရပါသည်။ အပြစ်ငယ်လျှင် ဝန်ခံခြင်းနှင့်လုံလောက်၍ အပြစ်ကြီးလျှင် အာပတ်ပြေအောင် လိုအပ်သလို ကုစားရသည်။ အပြစ်မရှိပါက ဆိတ်ဆိတ်နေရပါသည်။ ဤသည်မှာ ရဟန်းတော်တို့၏ ပဝါရဏာပွဲတော်ဖြစ်သည်။

မြန်မာနိုင်ငံတွင် သီတင်းကျွတ်မီးထွန်းပွဲတော်ကို ပုဂံခေတ်မှစတင်၍ ခေတ်အဆက်ဆက် ကျင်းပလာခဲ့ကြသည်။ သီတင်းကျွတ်လပြည့်နေ့တွင် ဗုဒ္ဓမြတ်စွာသည် တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်မြို့သို့ ကြွဆင်းလာပုံကို ပီပြင်စွာသရုပ်ဖော်ရေးဆွဲထားသော ပန်းချီကားကို မြင်းကပါ ဂူပြောက်ကြီး ဘုရား၌ တွေ့ရသည်။ သရုပ်ပေါ်လွင်လှသဖြင့် အလွန်နှစ်သက်ကြည်ညိုဖွယ်ရာ



**ဘုရားရှင်သည် ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားဟောကြားပြီး သီတင်းကျွတ်လပြည့်နေ့တွင် တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်မြို့သို့ ပတ္တမြားစောင်းတန်းဖြင့် ဆင်းတော်မူ၏။ နတ်တို့က ရွှေစောင်းတန်း၊ ပြဟ္မာတို့က ငွေစောင်းတန်းတို့ဖြင့် လိုက်ပါပို့ဆောင်ကြ၏။ ထိုအခါ မြို့သူမြို့သားများက ဆီမီးများထွန်းညှိပူဇော်၍ ဘုရားရှင်အား ကြိုဆိုကြ၏။ ထို့ကြောင့် သီတင်းကျွတ်ပွဲတော်ကို မီးထွန်းပွဲတော်ဟု ခေါ်ဆိုကြခြင်းဖြစ်သည်။**

လည်း ကောင်းသည်။ အင်းဝခေတ်၊ တောင်ငူခေတ်နှင့်ညောင်ရမ်းခေတ်တို့တွင်လည်း ဆီမီးမြင်းမိုရ်ခေါ် မီးထွန်းပွဲတော်ကို ဘုရင်များကိုယ်တိုင်ဦးစီး ပြုလုပ်ခဲ့ကြသည်။

ဂေါတမဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့်နေ့ ညနေပိုင်း၌ သာဝတ္ထိပြည်မှ တာဝတိံသာနတ်ပြည်သို့ ခြေလှမ်းနှစ်လှမ်းတည်းဖြင့်ကြွတော်မူ၍ သတ္တမဝါကပ်တော်မူ၏။ တာဝတိံသာနတ်ပြည်တွင်မယ်တော် မိနတ်သားအား ကျေးဇူးဆပ်ခြင်းဖြင့် အဘိဓမ္မာတရားတော်ကို ဝါတွင်းသုံးလပတ်လုံးဟောကြားတော်မူ၏။ ဘုရားရှင်သည် အဘိဓမ္မာတရားတော်ကို နေ့ညမပြတ် ဟောကြားတော်မူရာ သီတင်းကျွတ်လပြည့်နေ့၌ ပြီးဆုံးတော်မူ၏။ ထို့ကြောင့် သီတင်းကျွတ်လပြည့်နေ့ကို 'အဘိဓမ္မာအခါတော်နေ့' အဖြစ်သတ်မှတ်၍ ထိုနေ့တွင် အဘိဓမ္မာတရားတော်တို့ကို ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

ဘုရားရှင်သည် ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားဟောကြားပြီး သီတင်းကျွတ်လပြည့်နေ့တွင် တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်မြို့သို့ ပတ္တမြားစောင်းတန်းဖြင့် ဆင်းတော်မူ၏။ နတ်တို့က ရွှေစောင်းတန်း၊ ပြဟ္မာတို့က ငွေစောင်းတန်းတို့ဖြင့်လိုက်ပါပို့ဆောင်ကြ၏။ ထိုအခါ မြို့သူမြို့သားများက ဆီမီးများထွန်းညှိပူဇော်၍ ဘုရားရှင်အား ကြိုဆိုကြ၏။ ထို့ကြောင့် သီတင်းကျွတ်ပွဲတော်ကို မီးထွန်းပွဲတော်ဟု ခေါ်ဆိုကြခြင်းဖြစ်သည်။ ထိုအကြောင်းကို ဂူပြောက်ကြီးဘုရား နံရံဆေးရေးပန်းချီကားတွင်လည်း တွေ့ရသည်။ သီတင်းကျွတ်မီးထွန်းပွဲတော်သည် ပုဂံခေတ်ကတည်းက စတင်ခဲ့ကြောင်း သိရှိရသည်။ ရှေးအခါက မီးထွန်းပွဲတော်ကို မြင်းမိုရ်ပွဲဟုလည်းခေါ်သည်။ မြင်းမိုရ်တောင်ထိပ်၌ တာဝတိံသာနတ်ပြည် တည်ရှိသည်ကို အစွဲပြု၍ ခေါ်ဆိုခြင်းဖြစ်သည်။

ယခုခေတ်တွင် မီးထွန်းပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၄ ရက်၊ ၁၅ ရက်၊ လပြည့်ကျော် ၁ ရက်နေ့အထိ သုံးရက်တိုင်တိုင်ကျင်းပကြသည်။ ဘုရား၊ ကျောင်းကန်၊ ဇရပ်နှင့်လမ်းများ၊ အိမ်များတွင် ရောင်စုံလျှပ်စစ်မီးများပူဇော်ခြင်း၊ ဖယောင်းတိုင်များ ထွန်းညှိပူဇော်ခြင်း၊ မီးရှူး၊ မီးပန်းများ ပစ်လွှတ်ခြင်း စသည်တို့ကို ပျော်ပွဲ၊ ရွှင်ပွဲတို့နှင့်အတူ ခမ်းနားသိုက်မြိုက်စွာ ကျင်းပကြသည်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ပူဇော်သည်သာမက နောက်ဆုံးရက်တွင် နတ်များကိုပါ ရည်စူး၍ ခြံတံခါး၊ မီးဖို၊ မြေကြီး၊ အိမ်လှေကားစသည့်နေရာများတွင်ပါ မီးထွန်းညှိကြသည်။

မြန်မာနိုင်ငံသမိုင်းတွင် အထင်အရှားမှတ်တမ်းတင်ခဲ့သော သီတင်းကျွတ်မီးထွန်းပွဲတော်များအနက် သီပေါမင်းလက်ထက် မြန်မာသက္ကရာဇ် ၁၂၄၄ ခုနှစ် သီတင်းကျွတ်လတွင် ကျင်းပခဲ့သည့် မီးထွန်းပွဲတော်သည် အလွန်ကြီးကျယ်စည်ကားလှပေသည်။

ထိုအကြောင်းကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယတွဲ၌ ဖော်ပြထားပါသည်။။ ထိုအထဲမှ အချုပ်ကိုဖော်ပြပါမည်။ ကုန်းဘောင်ခေတ် နောက်ပိုင်းမန္တလေး၊ နေပြည်တော် မီးမြင်းမိုရ်ပွဲကြီးသည်ကား "တစ်ဌာနမှ တစ်ဌာနသို့ တစ်လမ်းမှတစ်လမ်းသို့ ဆင်၊ မြင်း၊ ရထား၊ ခြေကျင်အားဖြင့် သွားရောက်လှည့်လည်ကြည့်ရှုကြသော ပရိသတ်တို့သည် တစ်ဦးနှင့်တစ်ဦး၊ မရှောင်မလွှဲသာရှိကြသောဟူ၏" ဟု မှတ်တမ်းတင်ရလောက်အောင် ကြီးကျယ်ခမ်းနားစည်ကားလှလေသည်။

"မီးစောင်းတန်း သွယ်တန်းပူဇော်တော်မူရန်၊ အရပ်ရပ်မီးစောင်းတန်း၊ လမ်းအရှည် တာတစ်သောင်းခြောက်ထောင်၊ တစ်တာလျှင် သုံးလုံးကျ မှန်မီးအိမ်လုံးရေလေးသောင်းရှစ်ထောင် တစ်ညလျှင် လေးလဲကျ၊ ခြောက်ညသင့် ကျောက်ဖယောင်းတိုင်ပေါင်း တစ်သန်း၊ တစ်သိန်းငါးသောင်းနှစ်ထောင် ပန်းထီးကိုးထောင်ကျော်၊ ပန်းတံခွန်ကိုးထောင်ကျော်" ဟုကုန်ကျစာရင်းကိုလည်း မှတ်တမ်းပြုထားသည်။

သီတင်းကျွတ်လပြည့်နေ့သည် ဘုရားရှင်အဘိဓမ္မာတရားတော်ကို ဟောကြားပြီးဆုံးတော်မူခြင်း၊ တာဝတိံသာနတ်ပြည်မှလူ့ပြည်သို့ ဆင်းသက်တော်မူခြင်း၊ ရဟန်းတော်များ ပဝါရဏာပြုတော်မူခြင်း၊ မီးထွန်းပွဲတော်ကျင်းပခြင်း၊ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာဓလေ့များဖြင့် အမိ၊အဖ၊အဘိုး၊အဘွား သက်ကြီးဝါကြီး ဆရာသမားများအား ရှိခိုးပူဇော်ခြင်းစသည့် ကောင်းမြတ်သော အင်္ဂါရပ်များနှင့်ပြည့်စုံသော နေ့ထူး၊ နေ့မြတ်ဖြစ်ပေသည်။ ။

**ဒေါက်တာအောင်သန်းဝင်း**
**(အရှေ့တိုင်းပညာ)**

## စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

**နေပြည်တော် အောက်တိုဘာ ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ပြဇာတ်စာပေ တတိယဆုရရှိသည့် မောင်(မကွေး)၏ "လှေခွက်ချည်းကျန် အလံမလဲဟေ့" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်သည် တတိယအင်္ဂလိပ်-မြန်မာပွဲတွင် မြန်မာတို့က မင်းလှခံတပ်မှနေ၍ နယ်ချဲ့အင်္ဂလိပ်တို့အား ခုခံတိုက်ခိုက်ပုံကို စင်တင်ပြဇာတ်ပုံစံဖြင့် ရေးဖွဲ့ထားခြင်းဖြစ်သည်။ ဇာတ်အိမ်ကျယ်သည်နှင့်အမျှ ဇာတ်လမ်းခိုင်ခံ့ပြီး ဇာတ်ဆောင်များစွာကို အသုံးပြုကာ နယ်ချဲ့ကို မြန်မာတစ်မျိုးသားလုံးက တိုက်ထုတ်သည့်ပုံဖြင့် အားမာန်တက်ဖွယ်ရေးထားခြင်းဖြစ်သည်။ ယနေ့မြန်မာစာပေလောကတွင် ရှားရှားပါးပါးဖြစ်နေသော ပြဇာတ်စာပေကောင်း မျှော်လင့်နေသူများအတွက် မျှော်ရကျိုးနပ်စေမည့် စာအုပ်ဖြစ်သည်။

ရောင်းဈေး ကျပ် ၁၅၀၀ ဖြင့် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း -၀၆၇-၄၁၄၆၈၁၊ (၈၆) လမ်း၊ (၂၁) လမ်းနှင့်(၂၂)လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကား မှာယူလိုပါက အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်သည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့်ပတ်သက်၍ နိုင်ငံတကာတွင် သတင်းမှားများပျံ့နှံ့နေမှုအပေါ် ပူးပေါင်းအဖြေရှာမည်

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် လက်ရှိဖြစ်ပေါ်နေသော ရခိုင်ပြည်နယ်မြောက်ပိုင်းကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာ အသိုင်းအဝိုင်းအချို့တွင် သတင်းမှားများ ပျံ့နှံ့နေမှုများအပေါ် သတင်းမီဒီယာအဖွဲ့အစည်းများ၊ ပြည်တွင်းအခြေစိုက် မီဒီယာများနှင့် တွေ့ဆုံပြီး မီဒီယာဆိုင်ရာကိစ္စရပ်များဆွေးနွေးမှုကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်း အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် သတင်းမီဒီယာအဖွဲ့အစည်းများနှင့် ပြည်တွင်းအခြေစိုက် မီဒီယာများက ၎င်းတို့၏ ထင်မြင်ယူဆချက်၊ ကိုယ်ပိုင်အမြင်များကို Brainstorming ပုံစံမျိုးဖြင့် ကဏ္ဍအလိုက် ဆွေးနွေးအကြံပြုခဲ့ကြပြီး ဆွေးနွေးမှုတွင်ပါဝင်ခဲ့ကြသည့် သတင်းမီဒီယာအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် သတင်းစာဆရာများကို တွေ့ဆုံမေးမြန်းခဲ့သည်။



ဦးသီဟစော



ဦးကိုကို



ဦးကျော်စွာမင်း



ဦးကျော်မင်းဆွေ

**ဦးသီဟစော (မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအတွင်းရေးမှူး)**

ဒီနေ့ကတော့ ပြန်ကြားရေးဝန်ကြီးဌာနကနေ ဖိတ်ကြားပြီးတော့ Brainstorming Section ပုံစံမျိုးဆွေးနွေးတာပါ။ ကျွန်တော်တို့ သတင်းမီဒီယာမှာရှိတဲ့ မီဒီယာသမားအစုံပါရှိပါတယ်။ အဲဒီလိုပဲ သတင်းမီဒီယာ အဖွဲ့အစည်းတွေအပြင် နိုင်ငံရေးနဲ့ပတ်သက်တဲ့ အဖွဲ့အစည်းတွေက သူတွေလည်း ပါဝင်ပါတယ်။ အဓိကကတော့ Information Policy နဲ့ Media Policy မှာ ဘာတွေအားသာချက်၊ အားနည်းချက်တွေရှိသလဲ၊ ဘာတွေလုပ်စေချင်ကြသလဲဆိုတာတွေကို ဝိုင်းဝန်းဆွေးနွေးကြပါတယ်။ အဓိကအချက် နှစ်ချက်ကတော့ ဘာသာစကားအနေနဲ့ ပြန်ထိုးဖောက်ဖို့ရယ်၊ ဘာသာစကားကျွမ်းကျင်မှုလိုတဲ့အပြင် မီဒီယာတွေရဲ့ထိုးဖောက်နိုင်စွမ်းတဲ့ Capacity ရယ်၊ ကျွန်တော်တို့ဘက်က မီဒီယာတွေက Professional ပီသဖို့ အဓိကအချက်နှစ်ချက်လိုတယ်လို့ပြောတယ်။ ဒါပေမယ့် သတင်းသမားတွေက ပြန်ပြောတယ်။ အဲဒီနှစ်ခုရှိတယ်ပဲထားဦး။ သတင်းရယူခွင့်တွေ အားနည်းနေမယ်ဆိုလို့ရှိရင်တော့ သတင်းက အားနည်းနေမှာပဲ။ သတင်းသမားက သတင်းရယူခွင့် ရမှ၊ သတင်းရှိတဲ့နေရာကိုသွားခွင့်ရမှ သူ့ရဲ့ သတင်းဦး၊ သတင်းထူးရမယ်။ အဲဒါဆိုရင်တော့ အဲဒီသတင်းက ဘယ်ဘာသာစကားနဲ့ထုတ်ထုတ် ထိရောက်မှုရှိမယ်ဆိုပြီး သတင်းသမားတွေဘက်ကထောက်ပြပါတယ်။

ဒီဆွေးနွေးပွဲကနေ အများကြီးအထောက်အကူဖြစ်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အစိုးရမှာမီဒီယာပေါ်လစီနဲ့ပတ်သက်လို့ ပြင်စေချင်တဲ့ အဆင့်အထိပြောတာတွေရှိတယ်။ မီဒီယာပေါ်လစီမှာရှိတဲ့ အားနည်းချက်တွေကို ထောက်ပြတာတွေလည်းရှိပါတယ်။ ဒီနေ့မှာတော့ သုံးသပ်ချက်တွေ အဖြေတွေ မထွက်သေးပါဘူး။ အားလုံးတင်ပြသွားတာတွေကို ဝန်ကြီးအနေနဲ့ မှတ်သားသွားပါတယ်။ တင်ပြတဲ့အထဲက ဘုံတူတဲ့အချက်တွေကို စုဆောင်းပြီးတော့ ဒီကနေ့ဆွေးနွေးကြတဲ့ သူတွေကို ပြန်ပြီးဖြန့်ဝေလိမ့်မယ်။ အဲဒီလိုဖြန့်ဝေပြီးတော့မှ နောက်တစ်ဆင့် ဘာလုပ်မလဲဆိုတာမျိုးဖြစ်ပါတယ်။

**ဦးကိုကို(စက်မှုတက္ကသိုလ်)**

**သတင်းစာဆရာ**

ဒီနေ့အဓိကတွေ့တာကတော့ ရခိုင်ပြည်နယ်မှာ ဖြစ်ပွားနေတဲ့ ကိစ္စတွေနဲ့ဆက်စပ်ပြီး မြန်မာနိုင်ငံအပေါ်မှာ နိုင်ငံတကာကမီဒီယာကြီးအချို့အပါအဝင် မဟုတ်မမှန် လုပ်ကြံနေတဲ့ သတင်းတုတွေနဲ့ ပတ်သက်ပြီး သတင်းမှန်တွေနဲ့ မှားယွင်းနေတဲ့ သတင်းတွေအပေါ်မှာဘယ်လိုပြန်ချေဖျက်သင့်သလဲ။ ဒါတွေနဲ့ပတ်သက်ပြီးတော့ ဝန်ကြီးအနေနဲ့ အကြံဉာဏ်ယူတယ်။ ပွင့်ပွင့်လင်းလင်း ဆွေးနွေးတယ်။ အဲ့ဒီအထဲမှာ တစ်ယောက်ချင်းစီဆွေးနွေးပြီးတော့ တူညီတဲ့အချက်အလက်တွေ စုစည်းတယ်။ ချက်ချင်းအကောင်အထည်ဖော်လို့ရတဲ့အရာတွေကို ချက်ချင်းအကောင်အထည်ဖော်မယ်လို့ ဝန်ကြီးကပြောတယ်။ အချို့ကတော့ ဝန်ကြီးလုပ်ပိုင်ခွင့်ထက် ကျော်လွန်စဉ်းစားရမယ့် ကိစ္စဆိုရင် သက်ဆိုင်ရာကိုဆက်တင်ပြမယ့်သဘောရှိပါတယ်။ မီဒီယာသမားတွေရဲ့ ဆွေးနွေးချက်တွေ အတော်များများက တူညီကြတော့ အဲ့ဒီအရာတွေပေါ်မှာ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ဘယ်လိုဆက်လက် အကောင်အထည်ဖော်မလဲဆိုတာပဲ စောင့်ကြည့်ရပါမယ်။

တော်တော်များများ ဆွေးနွေးတဲ့အချက်ထဲမှာတော့ အဖွဲ့တွေ ဖွဲ့သွားရင်ကောင်းမလားပေါ့။ စိတ်ပါလက်ပါရှိတဲ့ မီဒီယာသမားတွေနဲ့ ကျွမ်းကျင်တဲ့သူတွေ ဖွဲ့ပြီးတော့ ဒီပေါ်မှာလုပ်ကြမလား။ အချို့ပြောတာကတော့ သတင်းအချက်တွေ ဒီဘက်မှာပေးနိုင်မှုက နှေးကွေးတယ်။ ဒါတွေကို ဒီထက်ပိုပြီး မြန်မြန်ဆန်ဆန်ပေးနိုင်မလားပြောတယ်။ ဒီအထဲမှာ စိတ်ဝင်စားစရာကောင်းတဲ့ အချက်ကတော့ ကျွန်တော်တို့ပြည်တွင်းမီဒီယာတွေက ရခိုင်အရေးကိစ္စနဲ့ပတ်သက်ပြီး မှန်ကန်တဲ့ အနေအထားဘက်ကရေးသားနေတာပဲ။ ဒါပေမယ့် ကမ္ဘာကဘာကြောင့် မသိသလဲဆိုတော့ ကိုယ့်ပြည်တွင်းမှာပဲ မြန်မာစာနဲ့ ရေးသားနေကြလို့ပါ။ အဲ့ဒီအတွက် နိုင်ငံတကာသုံးဘာသာစကားဖြစ်တဲ့ အင်္ဂလိပ်ဘာသာနဲ့ ပြည်တွင်းမီဒီယာတွေကရေးသားတဲ့ ကောင်းတဲ့အချက်တွေပေါ့။ အဲ့ဒါတွေကိုစုပေါင်းပြီးတော့ အင်္ဂလိပ်လိုဘာသာပြန်ပြီး ပြန်ဖြန့်မလားပေါ့။ ရောဂါကိုပျောက်ကင်းအောင် ကုသဖို့အတွက်ကတော့ ရေရှည်မှာဒီထက်ပိုစနစ်ကျတဲ့ ကျွမ်းကျင်ပြီး ပရော်ဖက်ရှင်နယ်ဆန်တဲ့ စီမံချက်တစ်ခုကတော့ လိုလိမ့်မယ်ထင်ပါတယ်။

ဒီနေ့လုပ်တာက မီဒီယာကိုမီဒီယာနဲ့ ပြန်တိုက်ဖို့ အစည်းအဝေးလုပ်တာ မဟုတ်ဘူး။ အဓိကအချက်ကမှန်ကန်တဲ့သတင်းတွေကို ကမ္ဘာ့ပရိသတ်ဆီ ဘယ်လိုရောက်အောင် ပို့မလဲဆိုတာကို စဉ်းစားတာ။ တူညီတဲ့ရလဒ်ကိုပြောတဲ့အခါမှာ ရည်မှန်းချက်တူပေမယ့် သွားတဲ့လမ်းကြောင်းက တူချင်မှတူမှာပေါ့။ ဒါပေမယ့် အများစုဆွေးနွေးချက်တွေက တော်တော်တူညီပါတယ်။ ရခိုင်အရေးကိစ္စနဲ့ပတ်သက်ပြီး ဘာလုပ်ရမယ်ဆိုတာ ဝိဝါဒကွဲပြားတာ မရှိဘူး။ တစ်ခုပဲပြောကြတယ်။ သတင်းအမှားကို သတင်းအမှားနဲ့ ပြန်မတုံ့ပြန်မိဖို့၊ ကျင့်ဝတ်စည်းကမ်းနဲ့အညီ လုပ်ကိုင်ဖို့၊ လုပ်တဲ့အခါမှာလည်း မီဒီယာတွေ ကိုယ်နှိုက်က အစွန်းရောက်စေမယ့် ကိစ္စတွေကို သတိထားဖို့ဆိုတာတွေတော့ တူညီပါတယ်။

**ဦးကျော်စွာမင်း (မြန်မာနိုင်ငံသတင်းစာဆရာအသင်း အထွေထွေအတွင်းရေးမှူး)**

ထူးခြားတာက ကျွန်တော်တို့သတင်းမီဒီယာတွေမဟုတ်ဘဲ နိုင်ငံရေးနယ်ပယ်မှာ လူသိထင်ရှားဖြစ်တဲ့ ကိုမင်းကိုနိုင်နဲ့ ကိုမြအေးတို့ရော ဝင်ရောက်ဆွေးနွေးတာတွေ့ရတယ်။ အဓိကအကြောင်းအရာက သတင်းအမှန်တွေကို ကမ္ဘာကသိအောင် သတင်းမီဒီယာအားနဲ့ ဘယ်လိုချပြမလဲဆိုတဲ့ စုစည်းမှုနဲ့ ပတ်သက်ပြီးအားနည်းတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ စွမ်းဆောင်ရည် (capacity)ကို မြှင့်ရမယ်။ အင်္ဂလိပ်ဘာသာနဲ့ထုတ်တဲ့ သတင်းမီဒီယာနည်းတယ်။ အင်္ဂလိပ်လိုဘာသာပြန် ထုတ်နိုင်ဖို့ဆိုတာတွေဆွေးနွေးတယ်။ နောက်တစ်ခါ ရခိုင်မှာပဲဖြစ်ဖြစ်၊ မောင်တောမှာပဲဖြစ်ဖြစ် စင်တာကြီးတစ်ခုလုပ်ပြီးသတင်းတွေကိုဖြန့်ကြက်ပေးနိုင်အောင်ဆိုတာမျိုးတွေ ကျွန်တော်တို့ဘက်က အကြံပြုဆွေးနွေးတယ်။ နောက်ဌာနဆိုင်ရာအချင်းချင်း ပူးပေါင်းနိုင်အောင်၊ သတင်းစာရှင်းလင်းပွဲတွေ အမြန်ဆုံးလုပ်ပေးနိုင်အောင်မျိုးတွေ အကြံပြုပြောဆိုဆွေးနွေးခဲ့တာရှိတယ်။ ပုဂ္ဂလိကမီဒီယာရော၊ နောက်အစိုးရအနေနဲ့ရော ပူးပေါင်းပြီး institution ကောင်းကောင်းနဲ့ နိုင်ငံတကာစာမျက်နှာဆီကို၊ နိုင်ငံတကာအသိုင်းအဝိုင်းကို မြေပြင်သတင်းအမှန်တွေ ဖော်ထုတ်ပေးနိုင်အောင် ကျွန်တော်တို့ဆောင်ရွက်ဖို့ သဘောတူဆွေးနွေးတာရှိတယ်။ ဒါပေမယ့် အချိန်လုံလောက်မှု မရှိလို့ ပြည်ထောင်စုဝန်ကြီးကပဲ ပူးပေါင်းဆောင်ရွက်မယ်ပြောတယ်။

နိုင်ငံတကာကထုတ်ပြန်တဲ့ သတင်းအမှားတွေဆိုတာတော့ စာနယ်ဇင်းကောင်စီက ဦးသီဟစော တင်ပြတာက ကျန်တဲ့အဖွဲ့တွေနဲ့ ပူးပေါင်းပြီး monitoring committee လုပ်မယ်။ အဲ့ဒီလို စောင့်ကြည့်မယ့် ကော်မတီက ဘယ်သတင်းတွေကတော့ ဘယ်လိုပုံစံမျိုးဖြစ်တယ်။ ဘက်လိုက်မှုဖြစ်တယ်။ သတင်းအမှားဆိုတာမျိုးကို ပြန်စိစစ်မယ်။ ဒါကတစ်ဖက်တည်းလုပ်မှာမဟုတ်ဘဲ ပြည်တွင်းသတင်းကော၊ နိုင်ငံတကာသတင်းတွေပါ ကြည့်ပြီးသုံးသပ်ပြီး ဆောင်ရွက်သွားဖို့ပုံစံမျိုး ဦးသီဟစောက ဆွေးနွေးတယ်။

ပြည်တွင်းသတင်းဂျာနယ်တွေမှာ ရခိုင်ပဲဖြစ်ဖြစ်၊ မောင်တောနဲ့ပဲဖြစ်ဖြစ် ပတ်သက်တဲ့ သတင်းကောင်းတွေရှိတယ်။ ဒါကို ပြန်ကြားရေးဘက်ကအဖွဲ့အစည်းတွေကဘာသာပြန်ပြီး တင်ပေးဖို့ ဆွေးနွေးတယ်။ ပြည်တွင်းမှာရှိတဲ့ ပုဂ္ဂလိက သတင်းမီဒီယာတွေက ကိုယ်တိုင်ရပ်တည်ဖို့တောင် ခဲယဉ်းနေတော့ ကျွမ်းကျင်တဲ့ ဘာသာပြန်မငှားနိုင်ဘူး။ ဒါကြောင့် ပြန်ကြားရေးကပဲဘာသာပြန်ပေးနိုင်တဲ့ အဖွဲ့တစ်ခုထားပြီး တင်ပေးနေဖို့ ကျွန်တော်တို့ အကြံပြုခဲ့တယ်။

ဒါကနိုင်ငံတကာကိုရောက်မလားဆိုတော့ ရောက်နိုင်တဲ့နည်းက နိုင်ငံတကာမီဒီယာတွေကိုလည်း ရန်သူလိုသဘောမထားဘဲ သတင်းအမှန်ဖြစ်ပါတယ်ဆိုတဲ့ ပုံစံမျိုးဖြန့်ပေးဖို့လိုတယ်။ အဖြစ်အပျက်တစ်ခုဖြစ်ပြီဆိုတာနဲ့ အစိုးရပိုင်းက အရေးကြီးတဲ့တာဝန်ရှိပုဂ္ဂိုလ်က ချက်ချင်းထွက်ပြီး ပြောပြနိုင်ရမယ်။ ကျွန်တော်တို့ ပြောပြတာထက်စာရင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်လို လူမျိုးကပြောရင် ပိုထိရောက်တယ်။

**ဦးကျော်မင်းဆွေ (The Voice အယ်ဒီတာချုပ်)**

လက်ရှိရခိုင်ပြည်နယ်မှာဖြစ်ပေါ်နေတဲ့ အရေးကိစ္စနဲ့ပတ်သက်ပြီး မီဒီယာတွေကဘယ်လို ဝိုင်းပြီးကူညီမလဲ၊ နိုင်ငံတကာမှာပုံဖျက်ပြီး သတင်းအမှားတွေ တင်နေတဲ့ကိစ္စတွေ၊ မြန်မာနိုင်ငံရဲ့ ပုံရိပ်ကို ထိခိုက်နေတဲ့ကိစ္စတွေကို မီဒီယာနည်းနဲ့ ဘယ်လိုပြန်ပြီးတုံ့ပြန်ကြမလဲဆိုတာတွေကို အဓိကထားပြီးဆွေးနွေးကြတယ်။ အားလုံးကဝိုင်းပြီးတော့ အကြံပေးကြတာပါ။ မီဒီယာတွေအနေနဲ့ ပြန်လည်ပြီး တုံ့ပြန်နိုင်ဖို့အတွက် စုဖွဲ့ထားတဲ့မီဒီယာစင်တာတစ်ခုပေါ်ဖို့ အများစုကဆွေးနွေးကြတာရှိတယ်။ နောက်တစ်ခုက အမှားဖြစ်နေတဲ့သတင်းတွေကို သတင်းအမှန်နဲ့ပြန်ပြီးတုံ့ပြန်ကြဖို့၊ တကယ်မြေပြင်မှာဖြစ်နေတဲ့ သတင်းတွေနဲ့တုံ့ပြန်ဖို့ ၊ တုံ့ပြန်တဲ့အခါမှာလည်း နိုင်ငံတကာမီဒီယာတွေအတွက် ဘယ်လိုနည်းလမ်း၊ ဒေသတွင်းနဲ့ ပြည်တွင်းအတွက် ဘယ်လိုနည်းစတဲ့ နည်းလမ်းတွေကို ဆွေးနွေးတာရှိတယ်။

နောက်တစ်ချက်ကတော့ တုံ့ပြန်တဲ့အခါမှာ သတင်းရယူခွင့်ပေါ့။ မြေပြင်မှာ ဖြစ်နေတဲ့ ပကတိအခြေအနေမှန်ကိုသိဖို့ အဲဒီနေရာကိုသွားပြီး သတင်းရယူတဲ့အခါမှာ အခက်အခဲမရှိဖို့၊ အဆင်ပြေပြေ သတင်းရယူခွင့်ရှိဖို့၊ သတင်းသမားတွေရဲ့ လုံခြုံရေးအတွက်ကိုလည်း သက်ဆိုင်ရာလုံခြုံရေး တာဝန်ရှိသူတွေက အကာအကွယ်ပေးနိုင်ဖို့အတွက်ကိုလည်း ဆွေးနွေးကြတယ်။ သတင်းအမှန်သိမှ ဒီသတင်းအမှန်နဲ့ ခြေခြေမြစ်မြစ် ပိုင်ပိုင်နိုင်နိုင်ပြန်ပြီးတော့ ချေပတုံ့ပြန်လို့ရမှာပါ။ နောက်ထပ် အရေးကြီးတဲ့ တစ်ချက်ကတော့ ပြန်ကြားရေးဝန်ကြီးဌာနက ကမကထပြုပြီး ဒီပွဲကိုစီစဉ်တာ အင်မတန်ကောင်းတဲ့အချက်ပါ။ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး နိုင်ငံတကာက ထိထိရောက်ရောက်လုပ်နေတဲ့ အချိန်မျိုးမှာ ကျွန်တော်တို့က တုံ့ပြန်တာနည်းနည်းလေးအထနှေးတာမျိုးရှိပေမယ့် အခုအချိန်မှီသေးတယ်လို့ပြောရမှာပါ။ ကျွန်တော်ကတော့ လက်ရှိ ဖြစ်ပေါ်နေတဲ့ အနေအထားပေါ်မူတည်ပြီး နိုင်ငံတကာကိုတုံ့ပြန်တဲ့နည်းလမ်းတွေ၊ သက်ဆိုင်ရာအဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်နိုင်မယ့် နည်းလမ်းတွေကို ဥပမာတွေနဲ့ ထောက်ပြပြီးတင်ပြဆွေးနွေးခဲ့ပါတယ်။

**တွေ့ဆုံမေးမြန်း-ရဲခေါင်ညွန့်၊ ဇော်ကြီး(ပဏီတ)၊ဓာတ်ပုံ-ရဲထွန့်**

## ပြင်ဆင်ဖတ်ရှုပါရန်

စက်တင်ဘာ ၂၁ ရက်ထုတ် ကြေးမုံသတင်းစာကျောဖုံးပါ ချောင်းရေကြီးမှုကြောင့် ဖလမ်းခရိုင် ခိုင်ကမ်းမြို့ရှိ ကြိုးတံတားအန္တရာယ်ရှိနေ သတင်းရေးသားဖော်ပြခဲ့ရာ မွာလ်ဇန်(ကွဲ)ချောင်းကူးကြိုးတံတားမှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေ(အစား) နယ်စပ်ဒေသဖွံ့ဖြိုးရေး ချင်းပြည်နယ်ရန်ပုံငွေဖြင့် ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း ပြင်ဆင်ဖတ်ရှုပေးပါရန်။

**ဖလမ်းခရိုင်(ပြန်/ဆက်)**

## ✻ ကျောက်ဆည်မှ

ယင်းနောက် ပြိုင်ပွဲဝင်ဆင်အဖွဲ့များက “မြန်မာပြည်သား”သီချင်းဖြင့် ဆင်ပြိုင်ပွဲကွင်းမှ ပြန်လည်ထွက်ခွာသွားသည်။ ၂၀၁၇ခုနှစ် ဆင်အကအလှပြိုင်ပွဲတွင် ရိုးရာဆင် ၁၆ ဖွဲ့၊ ဘောကြယ်ဆင်လေးဖွဲ့၊ ကလေးဆင်လေးဖွဲ့တို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ကျောက်ဆည်ဆင်ပွဲတော်ကို အနော်ရထာမင်းလက်ထက်မှ စတင်ပြီး ၁၃၇၉ခုနှစ်တိုင်အောင် နှစ်စဉ်ရိုးရာမပျက် ကျင်းပခဲ့ကြသည်။ ကျောက်ဆည်မြို့နယ်ရှိ ရပ်ကွက်အလိုက် ပြိုင်ပွဲဝင် ဆင်အဖွဲ့များသည် ဒိုးပတ်၊နှဲ၊လင်းကွင်း၊ မောင်း၊ ဝါးလက်ခုပ်များတီး၍ ရိုးရာအတိုင်းရိုးရိုးအက၊အရိုင်းအကများဖြင့် ကျောက်ဆည်မြို့မဈေးကြီးကို သုံးပတ် လှည့်လည်ကပြကြပြီး ဗဟိုပြိုင်ပွဲမဏ္ဍပ်နှင့် ရပ်ကွက်များရှိ အကဲဖြတ်အမှတ်ပေးဒိုင်အဖွဲ့ မဏ္ဍပ်များတွင် အဖွဲ့လိုက်စုစည်းညီညွတ်စွာ ပြိုင်ပွဲဝင်ကြသည်။ ကျောက်ဆည်ဆင်ပွဲတော်သည် ရိုးရာပွဲတော်ဖြစ်၍ကမ္ဘာလှည့်ခရီးသည်များ၊ အနယ်နယ်အရပ်ရပ်မှ ပြည်တွင်းဧည့်သည်များ လာရောက်ကြည့်ရှုအားပေးကြရာ ကျောက်ဆည်မြို့ လမ်းများပြည့်လျှံသည်အထိ အထူးစည်ကားခဲ့သည်။

**သီဟကိုကို(မန္တလေး)**

## KBZ Bank Women's League ပြိုင်ပွဲတွင် သစ္စာအားမာန်အသင်း အနိုင်ရ

**ရန်ကုန် အောက်တိုဘာ ၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိက ပံ့ပိုးမှုဖြင့် ကျင်းပနေသည့် KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ် (၁၀) ဒုတိယနေ့အဖြစ် သစ္စာအားမာန်အသင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းတို့ ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားရာ သစ္စာအားမာန်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ထိပ်ဆုံးမှ မြဝတီအသင်းကို ဆက်လက်ဖိအားပေးနိုင်ရန် နှစ်သင်းစလုံး အားကုန်ထုတ်ကစားခဲ့ပြီး သစ္စာအားမာန်အသင်းက အပြန်အလှန်သွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။သစ္စာအားမာန်အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ထိပ်ဆုံးမှ မြဝတီအသင်းထက် တစ်ပွဲပိုကစားထားပြီး တစ်မှတ်လျော့ဖြင့် ဒုတိယနေရာတွင် ဆက်လက်ရပ်တည်နေသည်။ နောက်ဆုံးနေ့ကို အောက်တိုဘာ ၆ ရက် ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဇွဲကပင်အသင်းနှင့် ဂန္ဓမာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်ရှိန်း**

ပြည်တွင်းရေးရာ

# တာဝတိံသာဘုရားကြီး ဝါကျွတ်မီးထွန်းပွဲတော် ကျင်းပ

**ပုသိမ် အောက်တိုဘာ ၄**

ပုသိမ်မြို့ သမိုင်းဝင်တာဝတိံသာဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လဆန်း ၈ ရက်မှ အစပြု၍ တာဝတိံသာနတ်ပြည်၌ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားအား အကြောင်းပြု၍ ဩဝါဒါဆရာတော်ကြီး ကိုးပါးအမှူးပြုပြီး ဓမ္မဘဏ္ဍာကာရိကသံဃာ ၂၈ ပါးတို့က အဘိဓမ္မာ(၇)ကျမ်းမသံမစဲ ငါးရက်တိုင် ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ထို့နောက် ဝါကျွတ်မီးထွန်းပွဲတော်နှင့် ဆွမ်းတော်ကြီးကပ်လှူပွဲ၊ ပျော်ပွဲရွှင်ပွဲဇာတ်သဘင်ပွဲများကို သီတင်းကျွတ်လဆန်း ၁၃ ရက်မှ စတင်၍ တိုင်းကျော်ဇာတ်သဘင်မှဗလာပွဲများဖြင့် လေးညတိုင်ကျင်းပမည့် ပွဲဦးအစညပိုင်းတွင် ဘုရားဖူးများစည်ကားလျက်ရှိသော်လည်း ည ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် ရုတ်တရက်မိုးများရွာသွန်းမှုကြောင့် ဖျော်ဖြေရေးဇာတ်ပွဲများ တစ်ညတာရပ်နားခဲ့ရကြောင်း သိရသည်။



တာဝတိံသာဘုရားဝါကျွတ်မီးထွန်းပွဲတော်သည် နှစ်ပေါင်း ၄၀ ကျော်အတွင်း ဂေါပကဥက္ကဋ္ဌ သီရိရတနာဦးတင့်လွင် အမှူးပြုသောအဖွဲ့က ဦးစွာပထမ အခမဲ့ဖျော်ဖြေရေးဇာတ်များဖြင့်သာ ခမ်းနားစွာကျင်းပခဲ့ကြောင်း သိရသည်။

**(ပုသိမ်လှကြည်)**

## သံအမတ်ကြီး ဦးမြင့်ဆွေ မောရစ်ရှပ်နိုင်ငံသမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၅**

မောရစ်ရှပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးမြင့်ဆွေသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့တွင် ပေါ့(ထ်) လူးဝစ်မြို့၌ မောရစ်ရှပ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် အမီနာဂူရစ်ဘ်-ဖာကမ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**



ရန်ကုန်တိုင်းဒေသကြီးသုံးခွမြို့ အမှတ်(၁၂) ရပ်ကွက် ရွှေပြည်အေးစေတီတော်ရှိ နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီ လှည့်လည်အပူဇော်ခံကြွရောက်လာသည်ကို ယနေ့ညနေပိုင်းက အမှတ်(၄)ရပ်ကွက် ဗာဒံပင်ဆိပ်လမ်းထိပ်၌ တွေ့မြင်ရစဉ်။ **ကိုကျော်(သုံးခွ)**

## သီတင်းကျွတ် ဆီမီးပူဇော်ပွဲ မင်းပြား၌ ကျင်းပ

**မင်းပြား အောက်တိုဘာ ၄။** ။ မင်းပြားမြို့နယ်တွင် အောက်တိုဘာ ၄ ရက်မှစတင်ကာ မင်းပြားမြို့နယ် ကျိန်းတောင်ဇီဝှာစေတီတော်၌ အဘိဓမ္မာအခါတော်နေ့ တရားတော်မြတ်အား ဝတ်ရွတ်အသင်းများက ရွတ်ဖတ်ပူဇော်ခြင်း၊ ငါးပါးသီလဆောက်တည်ကြခြင်း၊ ကုသိုလ်ကောင်းမှုများပြုလုပ်ကြခြင်း၊ ပျော်ပွဲရွှင်ပွဲများပြုလုပ်ကြခြင်းနှင့် ရပ်ကွက်၊ ကျေးရွာများ၌ အသင်းအဖွဲ့များ၊ ရပ်ရွာအဖွဲ့အစည်းများ၊ လူငယ်မောင်မယ်များက သီတင်းကျွတ်ဆီမီးပူဇော်ပွဲများကို စိတ်အားထက်သန်စွာဖြင့် ပူးပေါင်းဆောင်ရွက်နေကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ❒ သီတင်းကျွတ်လပြည့်နေ့မှ

သီတင်းကျွတ်မီးထွန်းပွဲတော် ဖျော်ဖြေရေးအနေဖြင့် အောက်တိုဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် Lady Boy တေးသရုပ်ဖော်အဖွဲ့ကလည်းကောင်း၊ အောက်တိုဘာ ၄ ရက်တွင် မြန်မာ့ဒီမိုကရေစီပွဲတော်အငြိမ့်ပြိုင်ပွဲမှ ပထမဆုရရှိခဲ့သည့် ဇွဲအငြိမ့်အဖွဲ့ကလည်းကောင်း ကပြဖျော်ဖြေတင်ဆက်ခဲ့ပြီး အောက်တိုဘာ ၅ ရက်တွင် နိုင်ငံကျော်တေးသံရှင်များ၏ ဂီတဖျော်ဖြေမှုနှင့် အောက်တိုဘာ ၆ ရက်တွင် 5 Star အငြိမ့်အဖွဲ့ဖြင့် ပွဲတော်လာ ပြည်သူများအား ဖျော်ဖြေပေးရန် စီစဉ်ထားကြောင်း သိရသည်။

ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်ကို ပုဇွန်တောင်မြို့နယ် အမှတ် (၉) ရပ်ကွက်မှ ဦးဆောင်ပြုလုပ်ခဲ့ပြီး အမှတ်(၇)ရပ်ကွက်၊ အမှတ်(၁၀)ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျိုက်တော်ရပ်ကွက်နှင့် ဗိုလ်တထောင်မြို့နယ်ရှိ အမှတ် (၁၀)ရပ်ကွက်များကပါ ပူးပေါင်းပြုလုပ်ခဲ့ကြသည်။ ပွဲတော်အတွင်း သက်ဆိုင်ရာလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ဆယ်အိမ်မှူးများနှင့် ရပ်ကွက်အသီးသီးရှိ လူငယ်များ ပူးပေါင်းပါဝင်ကာ ပွဲတော်ကျင်းပရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပုဇွန်တောင်မြို့နယ် စည်ပင်သာယာရေးကော်မတီကလည်း ဈေးဆိုင်ခန်းပေါင်း ၃၀၀ ကျော်အား စနစ်တကျအမှိုက်စွန့်ပစ်နိုင်ရန်အတွက် အမှိုက်အိတ်များ ပေးထားကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်ကျင်းပရေးကော်မတီမှ ဦးအောင်နိုင်က "ဒီနှစ် ပွဲတော်ကျင်းပနိုင်ဖို့အတွက် အော်ရာမင်းဂျီက စပွန်ဆာပေးပါတယ်။ ဒီနှစ်အတွက် ပြည်ထောင်စုလွှတ်တော်က ရန်ပုံငွေနဲ့ အမှတ်(၉)ရပ်ကွက်အတွင်းမှာရှိတဲ့လမ်း ကိုးလမ်းကို စီစီတီဗွီကင်မရာအပြည့်တပ်ဆင်ထားပါတယ်။ လုံခြုံရေးအတွက်လည်း စတိတ်ဇာတ်စင်ဘေးပတ်ဝန်းကျင်မှာလည်း စီစီတီဗွီကင်မရာ လေးလုံးကို အပိုတပ်ဆင်ထားပြီး ကျွန်တော်တို့ အမှတ်(၉) ရပ်ကွက်အတွက် စတိတ်ရှိုးစင်ပြုလုပ်တာနဲ့ လုံခြုံရေးစရိတ်၊ စားစရိတ်အပါအဝင် အခြားကုန်ကျစရိတ်ကလည်း ဒီနှစ်အတွက် ငါးရက်တာကို ငွေကျပ်သိန်း ၂၀၀ နီးပါးကုန်ကျပါတယ်။ ပွဲတော်ကျင်းပရေးကော်မတီအနေနဲ့ ဆိုင်ခန်းနေရာ ၁၀ ပေပတ်လည်အတွက် ငါးရက်ကို ငွေကျပ် ရှစ်သောင်းယူပါတယ်။ ပွဲတော်လာရောက် လည်ပတ်ကြတဲ့သူတွေနဲ့ နေ့စဉ် စည်ကားလျက်ရှိပါတယ်"ဟု ပြောသည်။

အမှတ်(၉)ရပ်ကွက် အိမ်ကြီးလမ်းမှ ပွဲတော်လာပြည်သူတစ်ဦးက "ဒီနှစ်ကျင်းပတဲ့ ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်မှာ လုံခြုံရေးအပြည့်အဝထားရှိထားတော့ ပွဲတော်လာပြည်သူတွေအတွက် ဘေးအန္တရာယ်ကင်းစေပါတယ်။ ပွဲတော်က တစ်နှစ်ထက်တစ်နှစ် ပိုမိုစည်ကားလာပါပြီ။ ကျွန်တော့်ကလေးတွေလည်း ရဟတ်ယာဉ်တွေ၊ အခြားကစားစရာတွေနဲ့ ဆော့ကစားနေပါတယ်။ ကလေးတွေလည်း အလွန်ပျော်နေကြပါတယ်။ နှစ်စဉ်ပြုလုပ်မယ့် ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်မှာ ကလေးတွေကို လိုက်ပြမှာပါ"ဟု ပြောသည်။

သီတင်းကျွတ်မီးထွန်းပွဲတော်ရက်များအတွင်း ပြည်သူများအကြိုက် မြန်မာ့ရိုးရာ ရှေးအစားအစာများ၊ တိုင်းရင်းသားအစားအစာများ စုံလင်စွာရှိနေခြင်းနှင့် စိတ်ပျော်စရာ ရဟတ်ကြီး သုံးစင်း၊ အသေးသုံးစင်း၊ ကလေးများစားစရာ အာတာပူဇီ(ငှက်သိုက်)မုန့်များ၊ အခြားစားစရာများ၊ ကလေးများကြည့်ရှုဆော့ကစားရန်အတွက် နယ်လှည့်တောတွင်းတိရစ္ဆာန်များပြပွဲအပါအဝင် ပင်လယ်ဒမြအပျော်စီးလှေကြီးတစ်စင်းနှင့် အခြားပျော်ရွှင်စရာများလည်း ရှိပါသည်။

ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်ကို ၁၉၆၂ ခုနှစ်မှစတင်၍ ပုဇွန်တောင်မြို့နယ် အမှတ်(၈)ရပ်ကွက်မှစတင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယခင်အခေါ် ခရစ်လမ်း(ယခု)ဗိုလ်မြတ်ထွန်းလမ်းတွင် ရာမဇာတ်ပွဲဖြင့် ခုနစ်ရက် ခုနစ်ညတိုင်တိုင်စတင်ကျင်းပဖွင့်လှစ်ခဲ့ခြင်းဖြစ်ကာ ၁၉၆၂ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ ရာမဇာတ်ပွဲ၊ ရုပ်သေးရုပ်များဖြင့်မီးထွန်းပွဲတော်ကို မင်းခမ်းမင်းနားဖြင့် စတင်ဆောင်ရွက်ခဲ့ကြောင်း ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်ကျင်းပရေးကော်မတီမှတစ်ဆင့် သိရသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

### ❂ အမြန်လမ်းမကြီးမှ

ယခုနှစ် သီတင်းကျွတ်ကာလတွင် ပိတ်ရက် ငါးရက်ရှိခဲ့သည့်နည်းတူ စတိတ်ရှိုးပွဲများ၊ ဖျော်ဖြေပွဲများ၊ မီးပူဇော်ပွဲများ၊ ရေကျော်ပွဲဈေး စသည့် ပွဲလမ်းသဘင်များနှင့် ပြည့်နှက်လျက်ရှိသည့်အပြင် ပြည်တွင်းခရီးသွားကဏ္ဍတွင် ခရီးသွားခြင်းအလေ့အထများ ခေတ်စားလာသောကြောင့် ရက်တို/ရက်ရှည်ခရီးသွားများဖြင့် အထူးများပြားလျက်ရှိကြောင်း ပြည်တွင်းခရီးသွားဝန်ဆောင်မှုကုမ္ပဏီများထံမှ သိရသည်။

**(ဝဝ၁)**

## မြန်မာ့စီးပွားရေးဘဏ်တွင် E-Pension Card ဖြင့် အငြိမ်းစားလစာများ အလွယ်တကူထုတ်ယူနိုင်

**နေပြည်တော် အောက်တိုဘာ ၄**

အငြိမ်းစားများအနေဖြင့် ဘဏ်ဖွင့်ရက်များတွင် E-Pension Card အသုံးပြု၍ ပင်စင်လစာများကို အလွယ်တကူ ထုတ်ယူနိုင်ကြောင်း သိရသည်။

E-Pensoin Card အသုံးပြု၍ ပင်စင်လစာ ထုတ်ယူမည်ဆိုပါက ဘဏ်သို့ နှစ်ကြိမ်လာရောက်ရန် မလိုဘဲ လစဉ် ၂၁ ရက်မှစ၍ မိမိတို့အဆင်ပြေမည့်နေ့တွင် ထုတ်ယူနိုင်ကြောင်း သိရသည်။

ထိုသို့ ထုတ်ယူရာတွင် အောက်တိုဘာလအတွက် ပင်စင်လစာထုတ်ယူမည်ဆိုပါက အဆိုပါလ၏ ၂၁ရက်မှစ၍ နိုဝင်ဘာ ၂၀ ရက်အတွင်း ရုံးဖွင့်ရက်တိုင်းတွင် ထုတ်ယူနိုင်ပြီး နှစ်လစာထုတ်ယူရရှိမည်ဖြစ်သည်။ သို့သော် နိုဝင်ဘာ ၂၁ ရက်တွင် သွားရောက်ထုတ်ယူပါက အောက်တိုဘာ၊ နိုဝင်ဘာ နှစ်လစာထုတ်ယူရရှိနိုင်မည်ဖြစ်သည်။

လက်ရှိတွင် အငြိမ်းစားများက ပထမဆုံးပင်စင်ပေးရက်ဖြစ်သည့် ၂၁ ရက် တစ်ရက်တည်းကို စုပြုံတိုးဝှေ့ထုတ်ယူနေခြင်းထက် အခြားနေ့ရက်များတွင်လည်း ထုတ်ယူနိုင်ခြင်းအားဖြင့် အငြိမ်းစားများအတွက် အဆင်ပြေသလို ဘဏ်ဝန်ထမ်းများအနေဖြင့်လည်း အဆင်ပြေသည်။ ထို့အပြင် သက်ကြီးရွယ်အိုနှင့် မသန်စွမ်း၊ အငြိမ်းစားများ ပင်စင်ထုတ်ယူရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ဝန်ထမ်းများကိုလည်း သီးသန့်တာဝန်ချထားပေးပြီး ပင်စင်လစာငွေကို လက်ဝယ်အရောက် ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ဘဏ်သို့လာရောက်ရန် မလွယ်ကူသော အငြိမ်းစားပုဂ္ဂိုလ်များအား ဘဏ်ခွဲသက်ဆိုင်ရာ အရာရှိက အိမ်အရောက် သွားရောက်တွေ့ဆုံပြီး ပင်စင်လစာကို ထုတ်ပေးသည့် အပြင် ပင်စင်လစာကို E-Pension Card မှ ငွေစုဘဏ်စာရင်း၊ စာရင်းရှင်စာရင်း၊ Mobile Payment စာရင်းနှင့် ATM စာရင်းများသို့လည်း လွှဲပြောင်း၍ ထုတ်ယူရရှိနိုင်ကြောင်း သိရသည်။ ထိုကဲ့သို့ စာရင်းပြောင်းထုတ်ယူမည်ဆိုပါက မိမိတို့၏ ပင်စင်လစာအား မည်သည့်စာရင်းသို့ ပေးသွင်းစေလိုကြောင်းကို ထုတ်ယူမည့်ဘဏ်သို့ standing Instruction ပေးထားရမည်ဖြစ်ကြောင်း သိရသည်။ ထိုကဲ့သို့ စာရင်းပြောင်းထုတ်မည်ဆိုပါက မည်သည့်စာရင်းသို့ စာရင်းပြောင်းသည်ဖြစ်စေ ဘဏ်ဝန်ဆောင်ခအနေဖြင့် တစ်ကြိမ်လျှင် ငွေကျပ် ၂၀၀ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

### ❖ ကျောဖုံးမှ

ဒီလယ်တွေကို ရိတ်သိမ်းဖို့အတွက် ရိတ်သိမ်းခြွေလှေ့စက်တွေ ရန်ကုန်ကနေ မောင်တောဒေသအရောက် သယ်လာပါပြီ။ ရိတ်သိမ်းတဲ့နေရာမှာ တောင်သူတွေကလည်း သူတို့လုပ်အားနဲ့ တစ်ဖက်ကရိတ်သိမ်းခြွေလှေ့မယ်။ အစိုးရအဖွဲ့ကလည်း နိုင်သလောက်အစွမ်းကုန် စက်ကိရိယာတွေ ထုတ်ပေးပြီးတော့ ဆောင်ရွက်မှာဖြစ်ပါတယ်။ နည်းပညာနဲ့ မျိုးစပါးကအစ တောင်သူတွေကို အကောင်းဆုံးဖြစ်အောင် ပူးပေါင်းပံ့ပိုးပေးနေပါတယ်"။

"ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် တည်ငြိမ်အေးချမ်းဖို့ လိုပါတယ်။ ပြည်ထောင်စုအစိုးရ၊ တပ်မတော်၊ လွှတ်တော်၊ ပြည်နယ်အစိုးရအပါအဝင် စီမံခန့်ခွဲရေးပိုင်းမှာရှိတဲ့ သူတွေနဲ့ပေါင်းစပ်ပြီးတော့ တည်ငြိမ်အေးချမ်းရေးအတွက် ပထမဦးစားပေးဆောင်ရွက်နေပါတယ်။ တည်ငြိမ်အေးချမ်းလာတာနဲ့အမျှ တရားဥပဒေစိုးမိုးမှုရှိလာမယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ဖန်တီးပေးနိုင်မယ်။ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်မှသာ ဒီဒေသကို လူတွေဝင်ရောက် နေထိုင်ကြမယ်။ ရေခံမြေခံကောင်းတဲ့ ဒီဒေသအတွက် အကျိုးရှိလာမှာဖြစ်ပါတယ်" ဟု ဦးကျော်လွင်က ပြောသည်။

မောင်တောဒေသတွင် ဒေသခံများ စားဝတ်နေရေး အဆင်ပြေရန်အတွက် စိုက်ပျိုးရေးနှင့်ပတ်သက်၍ နည်းပညာ၊ မျိုးစပါး၊ စက်ကိရိယာများ ထောက်ပံ့ပေးမည့်အပြင် ရေချိုရေငန် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းအတွက်လည်း ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်း လည်ပတ်နိုင်ရန်အတွက် ဘတ်ဂျက် ၁ ဒသမ ၅ ဘီလီယံကျထားပြီးဖြစ်ကြောင်း၊ လက်ရှိတွင် အကြမ်းဖက်မှုပြဿနာကြောင့် ခေတ္တရပ်နားထားရကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့်လည်း ယခုနှစ်တွင် နယ်စပ်ကုန်သွယ်မှုမြှင့်တင်ရန်အတွက် စီစဉ်ဆောင်ရွက်နေချိန်တွင် အကြမ်းဖက်ပြဿနာ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**သတင်း-နိုင်လင်းကြည်၊ ဓာတ်ပုံ-သန့်ဇင်ဝင်း**

# နှစ်စဉ် တိုးတက်လာတဲ့ ဓာတ်အားသုံးစွဲမှုအတွက် ဓာတ်အားပေးစက်ရုံသစ်များ တိုးချဲ့တည်ဆောက်သွားမည်

ဖိုးသက်

*မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှု၊ ဓာတ်အားစက်ရုံများ ထပ်မံတည်ဆောက်မည့် အစီအစဉ်၊ လျှပ်စစ်ကဏ္ဍဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်နေမှုများ၊ လိုအပ်မှုများ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ကျန်မြို့များ၏ လျှပ်စစ်ကဏ္ဍဆိုင်ရာတို့နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း(YESC) ဥက္ကဋ္ဌ ဦးမောင်မောင်လတ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးတို့အား မေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည် -*

**ဦးဝင်းခိုင် (ပြည်ထောင်စုဝန်ကြီး)**
**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန**

**မေး။ ။ လက်ရှိမြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲမှု အမြင့်ဆုံးအခြေအနေကို သိလိုပါတယ်။**

ဖြေ။ ။ အရင်နှစ် မေလမှာ ၂၈၀၂ မဂ္ဂါဝပ် သုံးစွဲခဲ့ပြီး ၂၀၁၇ ခုနှစ် မေလရဲ့လျှပ်စစ်ဓာတ်အား အမြင့်ဆုံးသုံးစွဲမှုက ၃၀၇၅ မဂ္ဂါဝပ်ရှိပါတယ်။ အဲဒီဓာတ်အားတွေအတွက် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ၂၇ ရုံက ၁၈၀၄ မဂ္ဂါဝပ်၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေး စက်ရုံ ၁၄ ရုံ၊ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ တစ်ရုံတို့ကနေ ၁၂၇၁ မဂ္ဂါဝပ် ထုတ်လုပ်ပေးခဲ့ပါတယ်။ အရင်နှစ်ထက် သုံးစွဲမှု ၂၇၃ မဂ္ဂါဝပ် ပိုလာပါတယ်။

**မေး။ ။ နှစ်စဉ်ဓာတ်အား တိုးတက်သုံးစွဲလာမှုအရ ဆက်လက်ဆောင်ရွက်မယ့် အစီအစဉ်ကို ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ နှစ်အလိုက် ဓာတ်အားတိုးတက်သုံးစွဲနှုန်းက ၁၅ ရာခိုင်နှုန်းတိုးတက်လျက်ရှိပါတယ်။ ဒီလိုတိုးတက်လာတာ ၂၀၂၀-၂၀၂၁ ခုနှစ်မှာ ၄၅၃၁ မဂ္ဂါဝပ်ထိသုံးစွဲမယ်လို့ ခန့်မှန်းထားပြီး လက်ရှိ ၃၀၇၅ မဂ္ဂါဝပ်အထိ ထုတ်လုပ်နိုင်တာမို့ ၁၄၅၆ မဂ္ဂါဝပ် ထပ်မံလိုအပ်မှာဖြစ်ပါတယ်။

**မေး။ ။ ဓာတ်အားပေးစက်ရုံတွေ ထပ်မံတည်ဆောက်ဆောင်ရွက်မယ့် အစီအစဉ်ကိုလည်း ပြောပြပေးပါ။**

ဖြေ။ ။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွေမှာရှိတဲ့ အလယ်ရဲရွာ၊ အထက်ရဲရွာ၊ ဒီးဒုတ်၊ အထက်ဆည်တော်ကြီးနဲ့ အလယ်ပေါင်းလောင်း၊ ချင်းပြည်နယ်မှာရှိတဲ့ လေးမြို့(၁)၊ ရခိုင်ပြည်နယ်မှာရှိတဲ့ လေးမြို့(၂)၊ ရှမ်းပြည်နယ်တောင်ပိုင်းမှာရှိတဲ့ အထက်ကျိုင်းတောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှာရှိတဲ့ ရွှေလီ(၃) စတဲ့ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေအပြင် နေရောင်ခြည်ကောင်းစွာရတဲ့ မြန်မာပြည်အလယ်ပိုင်းဒေသဖြစ်တဲ့ မင်းဘူး၊ ဝမ်းတွင်း၊ မြင်းခြံ(နဘူးအိုင်) စတဲ့ဒေသတွေမှာ နေရောင်ခြည်သုံး ဓာတ်အားပေးစက်ရုံတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ကမ်းရိုးတန်းဒေသတွေမှာလည်း LNGနဲ့ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ။ အခုနှစ်မှာ ဓာတ်အားလိုင်းတွေ၊ ခွဲရုံတွေ တိုးတက်ဆောင်ရွက်ခဲ့မှုနဲ့ ဓာတ်အားပျောက်ဆုံးမှု အခြေအနေကို သိရှိလိုပါတယ်။**

ဖြေ။ ။ လက်ရှိ မြန်မာနိုင်ငံမှာ ခွဲရုံ ၆၂ ရုံရှိပြီး ၇၀၆၅ MVA ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ် မဟာဓာတ်အားလိုင်း မိုင် ၅၄၀ နဲ့ ဓာတ်အားခွဲရုံတွေမှာ အမ်ဗွီအေ ၅၂၀၊ ၂၀၁၇-၂၀၁၈ ခုနှစ် ဩဂုတ်လအထိ မဟာဓာတ်အားလိုင်း ၁၈၅ မိုင်နဲ့ ခွဲရုံတွေမှာ အမ်ဗွီအေ ၄၅၀ တိုးချဲ့တည်ဆောက်နိုင်ခဲ့ပါတယ်။ လက်ရှိမှာ ဓာတ်အားပျောက်ဆုံးမှုက မဟာဓာတ်အားလိုင်းတွေမှာ လေးရာခိုင်နှုန်းရှိပါတယ်။ နိုင်ငံတကာနဲ့ နှိုင်းယှဉ်ရင် လက်ရှိဓာတ်အားဆုံးရှုံးမှုက ပုံမှန်အတိုင်းဖြစ်ပါတယ်။ မြို့တွင်းသုံးစွဲတဲ့ ဖြန့်ဖြူးရေးလိုင်းမှာ ၁၂ ရာခိုင်နှုန်းမှ ၁၈ ရာခိုင်နှုန်းခန့်ရှိပါတယ်။ ဒီဓာတ်အား ပျောက်ဆုံးမှုစုစုပေါင်းကို ၁၀ ရာခိုင်နှုန်းအောက် လျှော့နည်းသွားဖို့ ရည်မှန်းချက်ထား ဆောင်ရွက်နေပါတယ်။

**မေး။ ။ မြေယာ၊သီးနှံလျော်ကြေးပေးချေရာမှာ ကြန့်ကြာမှုဖြစ်ရတာတွေ၊ လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်နေမှုတွေနဲ့ပတ်သက်ပြီးလည်း အနည်းငယ်ထပ်မံပြောပြစေလိုပါတယ်။**

ဖြေ။ ။ ဓာတ်အားတိုးတက်သုံးစွဲနေတဲ့အတွက် ဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲရုံတွေကို တိုးချဲ့တည်ဆောက်ရာမှာ မြေယာနဲ့သီးနှံတွေကို ဖြတ်သန်းတည်ဆောက်ရပါတယ်။ ဖြတ်သန်းတည်ဆောက်ရမှုကြောင့် မြေယာ၊သီးနှံလျော်ကြေးတွေကိုလည်း နိုင်ငံတော်အနေနဲ့ စနစ်တကျပေးလျော်လျက်ရှိပါတယ်။ မြေယာ၊သီးနှံတွေအတွက် ပေးလျော်ရာမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ် အစိုးရအဖွဲ့က ဖွဲ့စည်းပေးထားတဲ့ မြေယာ၊ သီးနှံလျော်ကြေး စိစစ်ရေးကော်မတီတွေကနေ သတ်မှတ်ထားတဲ့ နှုန်းထားတွေအတိုင်း ပေးချေလျက်ရှိပါတယ်။ အဲဒီလို မြေယာ၊သီးနှံ လျော်ကြေးပေးချေရာမှာ ပြည်သူတွေက အမြန်ဆုံးလိုချင်ကြပါတယ်။



ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး)

ဌာနအနေနဲ့ လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ရတာကြောင့် နားလည်ပေးစေလိုပါတယ်။ ပြည်သူတစ်ယောက်ချင်းစီအတွက် ထိခိုက်နစ်နာမှုတွေရှိပေမယ့် နိုင်ငံတစ်ဝန်းမှာရှိတဲ့ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲလိုတဲ့ အခြားအခြားသော ပြည်သူတွေရဲ့ဆန္ဒကို ဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်းဖြစ်တာကြောင့် ပြည်သူလူထုအနေနဲ့ ကျွန်တော်တို့ဌာနနဲ့ ပူးပေါင်းကူညီ ဆောင်ရွက်ပေးစေလိုပါတယ်။

နောက်တစ်ခုကတော့ အိမ်ထောင်စုသုံး လျှပ်စစ်သုံးစွဲမှုကို လေ့လာရာမှာ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ ထူးခြားစွာ မြင့်တက်မှုရှိတာကို တွေ့ရပါတယ်။ ဆန်းစစ်ချက်အရ ထမင်းဟင်းချက်ချိန်တွေမှာ အထွတ်အထိပ်ဝန်ပိုဖြစ်မှု (Peak Load) ဖြစ်ပေါ်နေတာကို လေ့လာတွေ့ရှိရပါတယ်။ ဒီ Peak Load အနေအထားကို ဓာတ်အားပေးစက်တွေက တစ်ရက်နှစ်ကြိမ် တွေ့ကြုံရတဲ့ အတွက် တစ်ဖက်တစ်လမ်းကနေ Peak Load ကို ဖြေလျှော့နိုင်ဖို့ LPG ခေါ် ရေနံဓာတ်ငွေ့ရည်အိုးတွေကို ဖြန့်ဖြူးပေးပြီး အိမ်သုံးထမင်းဟင်းချက်တဲ့ကိစ္စကို အထောက်အကူပြုဖို့ ရည်ရွယ်ပြီး LPG အိုးတွေကို မြို့ရွာကျေးလက်ပါ စနစ်တကျ ဖြန့်ဖြူးပေးနိုင်ဖို့ စီစဉ်လျက်ရှိပါတယ်။

အိမ်တိုင်ရာရောက်ပို့စနစ်သုံးမှာဖြစ်လို့ သုံးစွဲသူပြည်သူတွေအတွက် စွမ်းအင်တစ်မျိုးကို စိတ်ချယုံကြည်စွာ သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ သစ်တောပြုန်းတီးမှုကာကွယ်ရေးအတွက်လည်း ထင်းအစား ထိရောက်တဲ့အစားထိုးမှုဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ LPG အိုးတွေကို ဝယ်ယူသုံးစွဲခြင်းဖြင့် ပူးပေါင်းဆောင်ရွက်စေလိုပါတယ်။

ဒါ့အပြင် ဝန်ကြီးဌာနအနေနဲ့ ပြည်သူတွေရဲ့ ဓာတ်အားလိုအပ်ချက်ဖြည့်ဆည်းပေးဖို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ မူလကဆိုထားတဲ့ ၂၀၂၀-၂၀၂၁ ခုနှစ်မှာ တိုးတက်သုံးစွဲမယ့် ၄၅၃၁ မဂ္ဂါဝပ်အထိ ပြည့်မီဖို့အတွက် ဓာတ်အားပေးစက်ရုံ အသစ်တွေ၊ မဟာဓာတ်အားလိုင်းနဲ့ ပင်မခွဲရုံတွေကို တည်ဆောက်ဆောင်ရွက်ပေးနေသလို တစ်ဖက်မှာ ဓာတ်အားစနစ်တည်ငြိမ်ကောင်းမွန်စေရေး ဗို့အားပြည့်မီရေး၊ ဓာတ်အားပျောက်ဆုံးမှုလျော့ကျစေရေး၊ ပြည်သူတွေ လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးတို့အပြင် မြို့၊ကျေးရွာများ ဓာတ်အားစနစ်ကနေ အမြန်ဆုံး ဓာတ်အားရရှိရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

ပြည်သူတွေ လျှပ်စစ်ဓာတ်အားလုံလောက်စွာ အသုံးပြုနိုင်ဖို့အပြင် နိုင်ငံအတွင်း နိုင်ငံတကာက ရင်းနှီးမြှုပ်နှံဖို့အတွက် လျှပ်စစ်ဓာတ်အားက အဓိကကျပါတယ်။ နိုင်ငံတကာက ရင်းနှီးမြှုပ်နှံသူတွေ ဝင်ရောက်လုပ်ကိုင်နိုင်ရေးမှာ အဓိကကျတဲ့ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်ဖို့အတွက် ဝန်ကြီးဌာနကနေ စီမံကိန်းတွေကို စနစ်တကျ စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။



ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး)

**ဒေါက်တာ ထွန်းနိုင်(ဒုတိယဝန်ကြီး)**
**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**

**မေး။ ။ အခုလို မဟာဓာတ်အားလိုင်းနဲ့ ပင်မဓာတ်အားခွဲရုံကြီးတွေကို ဘယ်လိုထိန်းသိမ်းမောင်းနှင်ဆောင်ရွက်နေတယ်ဆိုတာ သိရှိလိုပါတယ်။**

ဖြေ။ ။ မဟာဓာတ်အားလိုင်းနဲ့ ပင်မဓာတ်အားခွဲရုံကြီးတွေကို ဓာတ်အားပို့လွှတ်ရေးနဲ့ ကွပ်ကဲရေးဦးစီးဌာန ဓာတ်အားစနစ်ဌာနမှာရှိတဲ့ Load Dispatch Center (LDC) ကနေ ထိန်းသိမ်းမောင်းနှင် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီ LDC ဟာ ဓာတ်အားပေးစက်ရုံတွေကနေ ထွက်ရှိတဲ့ ဓာတ်အားတွေ၊ မဟာဓာတ်အားလိုင်းတွေမှာ ဓာတ်အားတွေစီးဆင်းနိုင်မှုနဲ့ ဓာတ်အားခွဲရုံတွေကနေ သုံးစွဲနေတဲ့ ဝန်အားတို့ကို တွက်ချက်ဆောင်ရွက်ပြီး ဓာတ်အားစနစ်အတွင်း တည်ငြိမ်စွာဓာတ်အားပို့လွှတ်သုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ဓာတ်အားစနစ်ပြတ်တောက်ခြင်း ဖြစ်ပွားမှု အခြေအနေကို ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ ဓာတ်အားစနစ်ပြတ်တောက်ခြင်းဆိုတာ လေပြင်းတိုက်ခတ်ခြင်း၊ တောင်ပြိုခြင်းစတဲ့ သဘာဝဘေးအန္တရာယ်တွေ၊ ဓာတ်အားလိုင်းအပြစ်၊ တောင်ယာမီးရှို့ခြင်းနဲ့ ဆောင်းခိုငှက်တွေကြောင့် ဖြစ်ပွားရခြင်းဖြစ်ပါတယ်။ ဒါကြောင့် သစ်ပင်ကြီးတွေကို ဓာတ်အားလိုင်းအောက်နဲ့ အနီးတစ်ဝိုက်မှာ စိုက်ပျိုးခြင်းမပြုလုပ်ဖို့၊ ရာသီသီးနှံ အပင်တွေကိုသာ စိုက်ပျိုးဖို့နဲ့ ဓာတ်အားလိုင်းအောက်မှာ အဆောက်အအုံတွေ မဆောက်လုပ်ဖို့ လိုအပ်ပါတယ်။ လျှပ်စစ်ဥပဒေ ပုဒ်မ (၅၁) အရလည်း ဓာတ်အားလိုင်းတွေအတွင်း သစ်ပင်စိုက်ပျိုးခြင်း မပြုလုပ်ဖို့နဲ့ အဆောက်အအုံ မဆောက်လုပ်ဖို့ လိုအပ်ပါတယ်။

**မေး။ ။ ၂၀၁၇ ခုနှစ်အတွင်း ဓာတ်အားပြတ်တောက်မှုများ တစ်ကြိမ်သာဖြစ်ပွားခဲ့မှုအရ ဘယ်လိုတိုးတက်အောင် ဆောင်ရွက်ခဲ့လဲဆိုတာ ပြောပြပေးပါ။**

ဖြေ။ ။ ဓာတ်အားလိုင်းနဲ့ မလွတ်တဲ့သစ်ပင်ဝါးပင်တွေ ရှင်းလင်းခြင်း၊ ကြွေသီးတွေလဲလှယ်ခြင်း၊ ဆေးကြောသန့်စင်ခြင်း၊ တာဝါတိုင်တွေပေါ်မှာ ဆောင်းခိုငှက်တွေ မနားစေဖို့ ကိရိယာတပ်ဆင်ခြင်း၊ ထရန်စဖော်မာတွေ တိုးချဲ့တပ်ဆင်ခြင်း၊ ပင်မခွဲရုံရှိတဲ့ လျှပ်စစ်ပစ္စည်းတွေကို စစ်ဆေးပြုပြင်ခြင်း၊ ဓာတ်အားစနစ်ဗို့အား တည်ငြိမ်အောင် ဆောင်ရွက်ခြင်းတို့ကြောင့် ၂၀၁၇ ခုနှစ်အတွင်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှုလျော့နည်းရခြင်းဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေအတွက် အရာထမ်း ၉၉ ဦး၊ အမှုထမ်း ၉၄၁ ဦး စုစုပေါင်း ၁၀၄၀ နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ လက်ရှိဓာတ်အားခ ကောက်ခံဆောင်ရွက်နေမှု အခြေအနေကို ရှင်းပြပေးပါဦး။**

ဖြေ။ ။ လက်ရှိမှာ ဓာတ်အားခနှုန်းထားအရ အိမ်သုံးအတွက် ယူနစ်သုံးစွဲမှုအပေါ် မူတည်ပြီး ၃၅ ကျပ်ကနေ ၅၀၊ စက်မှု/စီးပွားရေးသုံးအတွက် ယူနစ်သုံးစွဲမှုအပေါ် မူတည်ပြီး ၇၅ ကျပ်ကနေ ၁၅၀ကျပ် အထိ အလွှာလိုက် ကောက်ခံဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ဓာတ်အားခဈေးနှုန်း ကောက်ခံဆောင်ရွက်ဖို့အတွက် နှုန်းထားပြင်ဆင်ဖို့ ဆောင်ရွက်နေတဲ့ အခြေအနေကို သိရှိလိုပါတယ်။**

ဖြေ။ ။ ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားလိုင်းခွဲရုံတွေ တည်ဆောက် ဆောင်ရွက်ရာမှာ ရင်းနှီးမြှုပ်နှံမှုပမာဏများစွာလိုအပ်ပါတယ်။ လက်ရှိနှုန်းထားနဲ့ လျှပ်စစ်ရောင်းချရာမှာ လျှပ်စစ်ထုတ်လုပ်ရေးစရိတ်ကို မကာမိတဲ့အတွက် အရှုံးပေါ်ပြီး ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားလိုင်းနဲ့ ခွဲရုံအသစ်တွေအတွက် ရင်းနှီးမြှုပ်နှံဖို့ အခက်ကြုံရပါတယ်။ ဒါကြောင့် နှုန်းထားပြုပြင်ပြောင်းလဲဖို့အတွက် အလုပ်ရုံဆွေးနွေးပွဲတွေကျင်းပပြီး ညှိနှိုင်းဆောင်ရွက်လျက် ရှိပါတယ်။ ယူနစ်အနည်းငယ်သာ သုံးစွဲတဲ့ပြည်သူတွေကို တတ်နိုင်တဲ့ဈေးနှုန်းနဲ့ ကောက်ခံဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။ ဒီလိုဈေးနိမ့်နိမ့်နဲ့ ရောင်းချတဲ့အတွက် ဆုံးရှုံးငွေကို ဓာတ်အားများများစားစား သုံးစွဲသူတွေဆီကနေ ဈေးနှုန်းတစ်မျိုးနဲ့ ရောင်းချပြီး ရရှိလာမယ့်အမြတ်ငွေနဲ့ ပြည်သူအချင်းချင်း မျှဝေစိုက်ထုတ်ကျခံတဲ့ ပုံစံနဲ့ ရောင်းချသွားဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ကျေးရွာမီးလင်းရေးကော်မတီတွေ ဖွဲ့စည်းဖြစ်ပေါ်လာတာနဲ့ပတ်သက်ပြီး သိချင်ပါတယ်။**

ဖြေ။ ။ ကျေးရွာမီးလင်းရေးကော်မတီဆိုတာ ကျေးရွာအသီးသီးမှာ မိမိတို့နိုင်ငံတော်ရဲ့ ကျေးလက်မီးလင်းရေး ဆောင်ရွက်မှုထက် ဆောလျင်စွာ မီးလင်းနိုင်ဖို့အတွက် မိမိတို့ ကျေးရွာပြည်သူတွေ အစီအစဉ်နဲ့ စုပေါင်းဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ကျေးရွာမီးလင်းရေး ကော်မတီဝင်ကို ကျေးရွာပြည်သူတွေက လွတ်လပ်တဲ့ဆန္ဒ သဘောထားနဲ့ ရွေးချယ်ကြပါတယ်။ မီးလင်းရေးအတွက် ကျသင့်ငွေကို သူတို့ ငွေကြေးတတ်နိုင်မှု စွမ်းအားအလျောက် ကျေးရွာမီးလင်းရေးကော်မတီမှာ ထည့်ဝင်ကြပါတယ်။ ဆောင်ရွက်ရမယ့် လုပ်ငန်းပမာဏအနည်းအများ ကွာခြားချက်အပေါ် မူတည်ပြီး စုဆောင်းရတဲ့ ငွေပမာဏခြားနားကြပါတယ်။ မီးလင်းရေးကော်မတီဖွဲ့ပြီး လျှပ်စစ်ရရှိအောင် ဆောင်ရွက်ခဲ့ပြီးတဲ့ ကျေးရွာပေါင်းက တစ်နိုင်ငံလုံးမှာ ၇၄၄၁ ရွာရှိပြီး အများစုက အောင်မြင်စွာ ဆောင်ရွက်နေတာကို လေ့လာတွေ့ရှိရပါတယ်။ လက်ရှိမှာ တည်ဆောက်ဆဲ ၁၁၉၈ ရွာနဲ့ တည်ဆောက်ခွင့်ပြုဖို့ ၃၀၃ ရွာ တင်ပြလျှောက်ထားတာရှိပါတယ်။

**မေး။ ။ လက်ရှိကျေးရွာမီးလင်းရေး ကော်မတီတချို့ရဲ့ ဆောင်ရွက်မှုအတွက် အခက်အခဲပြဿနာတွေ ရှိနေတယ်လို့သိရပါတယ်။ အဲဒါကို ဖြေရှင်းနိုင်ဖို့ ဆောင်ရွက်မယ့် အခြေအနေကို ရှင်းပြစေလိုပါတယ်။**

ဖြေ။ ။ လက်ရှိကြုံတွေ့ရတဲ့ အခက်အခဲပြဿနာတွေ ပြေလည်စေဖို့အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူတွေ ပါဝင်တဲ့ အဖွဲ့တွေနဲ့ ကျေးလက်မီးလင်းရေးကော်မတီတွေ ဖွဲ့စည်းဆောင်ရွက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ပြင်ဆင်ရေးဆွဲပြီး ကျေးရွာမီးလင်းရေး ကော်မတီတွေကို လိုအပ်ရင် အသစ်ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျေးရွာမီးလင်းရေးကိစ္စအတွက် ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ရာမှာ ရန်ပုံငွေလုံလောက်မှုမရှိတဲ့ ကျေးရွာတွေအတွက် ချေးငွေရရှိနိုင်မယ့် အစီအစဉ်တွေ ဖြစ်ထွန်းလာစေဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ တစ်ဖက်မှာ ကျေးရွာမီးလင်းရေးအစီအစဉ်နဲ့ ဆောင်ရွက်နေသလို နိုင်ငံတော် ဘတ်ဂျက်နဲ့ ကျေးရွာတွေ ဓာတ်အားသုံးစွဲနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတာရှိရင် ပြောပြပေးစေ လိုပါတယ်။**

ဖြေ။ ။ လက်ရှိ နိုင်ငံတော်ဘတ်ဂျက်ကနေ ကျခံသုံးစွဲဆောင်ရွက်ပေးခဲ့တဲ့ ကျေးရွာ ၂၉၅၇ ရွာ ရှိပါတယ်။ ၂၀၀၉ ခုနှစ်မတိုင်မီက တစ်နှစ်ပျမ်းမျှ ၁၀ ရွာ၊ ၂၀၀၉ ခုနှစ်ကနေ ၂၀၁၃ ခုနှစ်အတွင်း တစ်နှစ် ပျမ်းမျှ ရွာ ၅၀ နဲ့ ၂၀၁၄ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အတွင်း တစ်နှစ်ပျမ်းမျှ ရွာ ၄၄၀ အထိ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

# ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး



**နေပြည်တော် အောက်တိုဘာ ၄**
ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက နစ်နာကြေး၊ လျော်ကြေးပေးချေရန်ကိစ္စများ၊ တိုင်းဒေသကြီး၊ ပြည်နယ် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များမှ စိစစ်ထောက်ခံတင်ပြပေးပို့လာသည့် လယ်ယာမြေအခြားနည်းအသုံးပြုခွင့် လုပ်ငန်းစာတွဲ(၃၄)နှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုချက်ရယူရန် ရှင်းလင်းတင်ပြရာ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

အဆိုပါအစည်းအဝေးတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၅/၂၀၁၇)နှင့် (၆/၂၀၁၇) အစည်းအဝေးများတွင် ထည့်သွင်းဆွေးနွေးခဲ့သည့် လိုအပ်ချက်များ တောင်းခံခဲ့သည့်အပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက ပြန်လည်စိစစ်တင်ပြလာသည့်ကိစ္စရပ်များကို ခွင့်ပြုရန် သင့်၊ မသင့်၊ ပြီးပြည့်စုံစွာ တင်ပြလာသည့် လယ်ယာမြေဥပဒေပုဒ်မ ၃၀ (က) အရ လယ်ယာမြေ အခြားနည်းသုံးစွဲခွင့်လုပ်ငန်းစာတွဲများနှင့်ပတ်သက်သော ကိစ္စရပ်များ၊ (၇/၂၀၁၇) လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်အရ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ဒဏ်ကြေးပေးဆောင်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အသီးသီးသို့ အကြံပြုချက်တောင်းခံခဲ့သည့်အပေါ်တွင် ကယားပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှစ်ခု၏ ပြန်ကြားချက်ကို လက်ခံရရှိခဲ့ပြီး အကြံပြုချက်များအပေါ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

■

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားစခန်းအသစ်များကို ပြီးခဲ့သည့်နှစ်အတွင်းမှစ၍ ဖော်ဆောင်လာ

**စစ်ကိုင်း အောက်တိုဘာ ၄**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားစခန်းအသစ်များကို ပြီးခဲ့သည့်နှစ်အတွင်းမှစတင်၍ သိသိသာသာ ဖော်ဆောင်လာနေသောကြောင့် ပြည်တွင်းခရီးသွား ဝန်ဆောင်မှုလုပ်ငန်း လုပ်ဆောင်သူများ အနေဖြင့်လည်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားနေရာအများစုကို စိတ်ဝင်စားလာကာ ခရီးသွားတို့၏ စုံစမ်းမေးမြန်းမှုများကလည်း ပိုမိုလာကြောင်း သိရသည်။

ခရီးသွားစခန်း နေရာသစ်များ ဖော်ထုတ်ကာ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ သဘာဝအမွေအနှစ်များ ကျန်ရှိနေသည့်နယ်မြေများအတွင်း သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်မှုမရှိစေသည့် ခရီးသွားလုပ်ငန်း အဆောက်အအုံများ၊ အပန်းဖြေစခန်းများကို တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ခရီးသွားဝန်ဆောင်မှုလုပ်ငန်းလုပ်ဆောင်သူ ကိုလင်းထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်သည့် သမိုင်းဝင်နေရာ၊ ရှေးဟောင်းဘုရားများ၊ ရှေးလက်ရာများ စသည်တို့သည် မြို့နယ်အသီးသီးတွင် တည်ရှိနေသော်လည်း တိမ်မြုပ်ပျောက်ကွယ် လူသိနည်းနေသည့်နေရာများလည်း ရှိနေသည်။

"ရှိပြီးနေရာတွေကို ပိုမိုပြည့်စုံတဲ့ ခရီးသွားဒေသအဖြစ် အကောင်အထည်ဖော်နေပြီး လေ့လာနိုင်မယ့် နေရာသစ်တွေကို တိုင်းဒေသကြီးအစိုးရက မိတ်ဆက်ဖို့ကြိုးစားနေပါတယ်။ ဇလုံတောင်ခရီးစဉ်ပါဝင်သလို မြန်မာ့လက်မှုပညာစခွဲထည် လုပ်ငန်းနဲ့ ပြည်ပခရီးသွားတွေကို ဆွဲဆောင်နေတဲ့ ရွှေဘိုခရိုင် နွယ်ငြိမ်းကျေးရွာနဲ့ မြန်မာ့ကျေးလက်လေ့လာစရာအဖြစ် ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းထူထောင်ဖို့ ကြိုးပမ်းနေတဲ့ မုံရွာမြို့ အရှေ့တောင်ဘက်မှာရှိတဲ့ လယ်ဇင် စံပြကျေးရွာတို့လည်း ပါဝင်ပါတယ်"ဟု ခရီးသွားဝန်ဆောင်မှုလုပ်ငန်း လုပ်ဆောင်သူက ပြောသည်။



**မျိုးဝင်းထွန်း(မုံရွာ)**

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၄**
၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဇူလိုင်လအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၃၆ ဒသမ ၀၄ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၁၉ ဒသမ ၅၅ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၅၅ ဒသမ ၅၉ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၈၈ ဒသမ ၉၀ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၁၂ ဒသမ ၈၁ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၀၁ ဒသမ ၇၁ သန်းဖြစ်ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဇူလိုင်လအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၇၅၇ ဒသမ ၃၀ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၄၆ ဒသမ ၁၂ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၉၆၄ ဒသမ ၅၃ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၁၇ ဒသမ ၉၇ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၄၈၂ ဒသမ ၅၀ သန်း တင်ပို့နိုင်ခဲ့သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၁၅၂ ဒသမ ၄၂ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၂၇ ဒသမ ၉၅ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၀၈၀ ဒသမ ၃၇ သန်းဖြစ်သဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ ၁၀၅၆၂ ဒသမ ၈၇ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁၅၉၇ ဒသမ ၈၇ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေအစီရင်ခံစာအရ သိရသည်။

**(သတင်းစဉ်)**

# ပြည်သူ့အချစ်တော် ဆင်မကြီးမိုမို (၆၄)နှစ်ပြည့် မွေးနေ့ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၄**
တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)တွင် နှစ်ပေါင်းများစွာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရင်း ယနေ့ထိတိုင် ပြည်သူ့အချစ်တော်ဖြစ်နေဆဲဖြစ်သည့် ဆင်မကြီးမိုမို၏ (၆၄)နှစ်ပြည့်မွေးနေ့ကို အောက်တိုဘာ ၂၁ ရက်မှ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) မိုမိုမွေးနေ့ကျင်းပရေးအဖွဲ့မှ သိရသည်။

"ဒီနှစ်မှာလည်း အောက်တိုဘာ ၂၁ ရက် မနက် ၆ နာရီမှာ မိုမိုကိုယ်တိုင် သံဃာတော်တွေကို ဆွမ်းကပ်မယ်။ ၁၁ နာရီထိုးတာနဲ့ သူ့အတွက် စီစဉ်ထားတဲ့ မွေးနေ့ကိတ်ကို သူ့ကိုချစ်တဲ့ ပရိသတ်တွေနဲ့အတူ မွေးနေ့ကိတ်ခွဲပြီး သူ့ရဲ့မွေးနေ့ကို ဆင်နွှဲမှာပါ။ မိုမိုက အသက်ကြီးပြီဖြစ်တဲ့အတွက် ပင်ပန်းတာတွေ မလုပ်ခိုင်းပါဘူး။ သူ့မွေးနေ့ကို သီးသန့်လုပ်ပေးမှာပါ။ အားလုံးကို မိုမိုနဲ့အတူ ဆင်နွှဲပေးဖို့ဖိတ်ခေါ်ပါတယ်"ဟု တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)မှ စီမံမန်နေဂျာ ကိုမျိုးကျော်သူက ပြောသည်။

ယခုနှစ် ဆင်မကြီးမိုမို၏မွေးနေ့တွင် နှစ်စဉ်ဖျော်ဖြေနေကျအစီအစဉ်များအပြင် တစ်မူထူးခြားစွာတင်ဆက်နိုင်ရန် မိုမို၏သူငယ်ချင်း ဆင်များဖြစ်သည့် ဆင်မမျိုးမျိုး၊ မလှချော၊ မေသဲဖြူတို့အား လေ့ကျင့်သင်ကြားမှုများ ပြုလုပ်နေကြောင်း သိရသည်။

ဆင်များကို လေ့ကျင့်သင်ကြားပေးနေသည့် ဆင်ထိန်း ဦးစိုးစံဝင်းက "ဆင်မလေး မလှချောက အသစ်ဆိုတော့ ခုံပေါ်တက်ပြီး ကိုယ်ဟန်ပြတဲ့ ပြကွက်အတွက် လေ့ကျင့်ပေးနေတယ်။ ဆင်တွေရဲ့ ဘောလုံးကန်တာတို့၊ ကိုယ်ဟန်ပြတာတို့ စတဲ့ ပရိသတ်တွေအကြိုက် ချစ်စဖွယ်ဖျော်ဖြေမှုတွေနဲ့ အတူ ပရိသတ်တွေအံ့သြစေမယ့် ပြကွက်တွေလည်း ပါဝင်မှာဖြစ်ပါတယ်"ဟု ပြောသည်။

နှစ်ရက်တာကျင်းပမည့် ဆင်မကြီးမိုမို၏ (၆၄)နှစ်ပြည့် မွေးနေ့တွင် မျက်လှည့်ပြကွက်ဆန်းများ၊ ဖျော်ဖြေမှု၊ ကံစမ်းမဲအစီအစဉ်များ၊ ချစ်စရာတိရစ္ဆာန်အကောင်ငယ်လေးများ၏ ဖျော်ဖြေမှုပြကွက်များ၊ ဆင်ပြကွက်များ၊ KISS Show အစီအစဉ်များ၊ ဧည့်သည်အဆိုတော် ဘရိတ်ကီ၏ တေးသီချင်းဖျော်ဖြေမှု၊ Life & Dance အဖွဲ့၏ ဖျော်ဖြေမှုများ၊ နာမည်ကျော်အဆိုတော်များ၏ တေးဂီတဖျော်ဖြေမှုများဖြင့် ကျင်းပသွားမည်ဖြစ်သည်။ **(သီသီမင်း)**



# အင်းစိန်သဘင်ပညာရှင်များအစည်းအရုံး ဥက္ကဋ္ဌသစ်ခန့်အပ်

**ရန်ကုန် အောက်တိုဘာ ၄**
ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မြို့သစ်(ဂ)ရပ်ကွက် ဇေယျာသီရိ ဓမ္မာရုံ၌ အောက်တိုဘာ ၁ ရက် မွန်းလွဲ ၁ နာရီတွင် အင်းစိန်မြို့နယ် သဘင်ပညာရှင်များအစည်းအရုံး ဥက္ကဋ္ဌသစ် ဦးဟန်မင်းထွန်းအား ခန့်အပ်မိတ်ဆက်ပွဲကျင်းပရာ သဘာပတိ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို) အတွင်းရေးမှူး ဆိုင်းပညာရှင် မြန်မာပြည်ဦးကျော်စိမ်းက မှုဒိတာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သဘင်ပညာရှင်များ အစည်းအရုံး ဥက္ကဋ္ဌ ဆိုင်းပညာရှင် ဦးစိန်ကြည်မိုး၊ ဒု-ဥက္ကဋ္ဌ ဆိုင်းပညာရှင် မလိုင်သန်းထွန်းတို့က မြန်မာ့ရိုးရာသဘင်သုခုမအနုပညာ ရှင်သန်ဖွံ့ဖြိုးစေရန် ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်နိုင်သဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု သဘင်ပညာ မပျောက်ပျက်ရေး မျိုးချစ်စိတ်ရှိသူတိုင်းက ဝိုင်းဝန်းထိန်းသိမ်းရန်လိုအပ်ပြီး မြန်မာ့ဇာတ်သဘင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘင်ပညာရှင်များ စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်သွားကြပြီး မြန်မာ့ရိုးရာသဘင်ပညာ အရိုးပေါ် အရွက်မဖုံးဘဲ ခေတ်နှင့်အညီဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားယဉ်ကျေးမှု မပျောက်စေရေး သဘင်ပညာရှင်များ ညီညီညွတ်ညွတ်ဆောင်ရွက်ကြရန် ပြောကြားခဲ့ကြသည်။

ထို့နောက် အင်းစိန်မြို့နယ် သဘင်ပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌသစ် ဦးဟန်မင်းထွန်းနှင့် အတွင်းရေးမှူး ဦးမြင့်ဌေးတို့က ရှေ့ဆက်ဆောင်ရွက်သွားရမည့် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြဆွေးနွေးကြကာ သဘာပတိထံမှ အတည်ပြုချက်ရယူခဲ့ကြောင်း သိရသည်။

**(ညဏ်ဟိန်း)**

# ARSA အစွန်းရောက်အကြမ်းဖက်သမားများက တစ်ဖက်နိုင်ငံသို့ ဖမ်းဆီးခေါ်ဆောင်သွားသည့် ဟိန္ဒူဘာသာဝင် အမျိုးသမီး ရှစ်ဦးနှင့် ကလေးငယ် ရှစ်ဦး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၄**

ရခိုင်ပြည်နယ်မြောက်ခြမ်း၌ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုခံရပြီး တစ်ဖက်နိုင်ငံသို့ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသည့် မောင်တောမြို့နယ် ရဲဘော်ကျကျေးရွာမှ ဟိန္ဒူဘာသာဝင် အမျိုးသမီး ရှစ်ဦးနှင့် ကလေးငယ် ရှစ်ဦး စုစုပေါင်း ၁၆ ဦး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဝင်များအား မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်ရှိ ဒုက္ခသည်စခန်းတွင် အသက်မသေဘဲ ရောက်ရှိနေသည်ဟု သတင်းထွက်ပေါ်နေသော ဟိန္ဒူဘာသာဝင်အမျိုးသမီး ခြောက်ဦးနှင့် ကလေးငယ်သုံးဦးတို့အား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူနိုင်ရေး နယ်ခြားစောင့်တပ်များအချင်းချင်း တောင်းခံထားပြီးဖြစ်သော်လည်း သံတမန်လမ်းကြောင်းမှတစ်ဆင့်လည်း ထပ်မံတောင်းခံသွားရန် လမ်းညွှန်ခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာနက သံတမန်လမ်းကြောင်းမှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးရန် တောင်းခံခဲ့သည့်အပြင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အောက်တိုဘာ ၂ ရက်မှ ၃ ရက်အထိ သွားရောက်ခဲ့သော ခရီးစဉ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းတွင် ရောက်ရှိနေသော ဟိန္ဒူဘာသာဝင် အမျိုးသမီးများအား မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးရန် တောင်းဆိုခဲ့သည်။

ယခုအခါ ARSA အစွန်းရောက်အကြမ်းဖက်သမားများက တစ်ဖက်နိုင်ငံသို့ ဖမ်းဆီးခေါ်ဆောင်သွားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကူတူပါလောင်ဒုက္ခသည်စခန်းမှ ဟိန္ဒူဘာသာဝင် အမျိုးသမီးရှစ်ဦးနှင့် ကလေးငယ်ရှစ်ဦး စုစုပေါင်း ၁၆ ဦးမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အကူအညီဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ပြန်လည်ရောက်ရှိလာသူများမှာ မရီခါး(၂၅ နှစ်)၊ မအော်နီကာ(၂၀နှစ်)၊ မဖော်မီလာ(၁၈နှစ်)၊ မဂေါင်ဂါ (၂၀နှစ်)၊ မဂူရဘူနီ(ခေါ်)ရှူရှီလာ(၁၉နှစ်)၊ မဘီနာဖာလာ (၂၂နှစ်)၊ မပူရ်ဂျာ(ခေါ်)ရစ်စနာ(၁၈နှစ်)၊ မရာခ်ျကူမာရီ (၁၅နှစ်) တို့ဖြစ်ကြပြီး ၎င်းတို့မှာ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ရဲဘော်ကျကျေးရွာမှ ဟိန္ဒူဘာသာဝင်များအား



ဘင်္ဂါလီအကြမ်းဖက်သမားများက အဓမ္မဖမ်းဆီးခေါ်ဆောင်၍ ၎င်းတို့၏ မျက်စိရှေ့တွင် အစုလိုက်အပြုံလိုက် ရက်စက်စွာ သတ်ဖြတ်ခဲ့မှုကို ကိုယ်တိုင်မြင်တွေ့ခဲ့ရကြောင်းသိရသည်။

ပြန်လည်ရောက်ရှိလာသည့် ဟိန္ဒူဘာသာဝင် အမျိုးသမီးများ၏ ဖွင့်ဟပြောဆိုချက်များအရ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက် နံနက် ၈ နာရီခန့်တွင် ဝတ်စုံအမည်းဝတ်ဆင်ထားသည့် နိုင်ငံခြားသားအကြမ်းဖက်ခေါင်းဆောင် အပါအဝင် ခမောင်းဆိပ်ကျေးရွာမှ ဘင်္ဂါလီအကြမ်းဖက်ခေါင်းဆောင် နိုရူလောက်တို့ဦးဆောင်သော ခမောင်းဆိပ်ကျေးရွာမှ ဘင်္ဂါလီရွာသား ၅၀၀ ခန့်သည် ရဲဘော်ကျကျေးရွာသို့ ရောက်ရှိလာကြောင်း၊ ယင်းရွာသားများတွင် ရော်ဖီး၊ ဟာမိ၊ ဟယ်ရာ၊ လာကိုရာ၊ မာမက်ဒူလောက်၊ ဖာရီကာနှင့် ဖေရယ်နာ ဆိုသူများ ပါဝင်သည်ကို မှတ်မိကြောင်း၊ လက်နက်ငယ်များ၊ လက်လုပ်ဗုံးများနှင့် တုတ်၊ ဓား လက်နက်များကိုင်ဆောင်ထားသည့် လူအုပ်စုကြီးသည် ရွာအတွင်းရှိ ဟိန္ဒူဘာသာဝင်နေအိမ်များသို့ တစ်ပြိုင်တည်း ဝင်ရောက်၍ ရွှေ၊ ငွေ အဖိုးတန်ပစ္စည်းများနှင့် တယ်လီဖုန်းများကို လုယူသိမ်းဆည်းပြီး ဘုရားကျောင်းဆောင်များအား ဖျက်ဆီးခဲ့ကြောင်း။

ယင်းနောက် ကျေးရွာအတွင်းရှိ အမျိုးသားများ၏ မျက်နှာအား အဝတ်နှင့် စည်းနှောင်ခြင်း၊ လက်နောက်ပြန်ကြိုးတုပ်ခြင်းများပြုလုပ်၍ ရွာသူ ရွာသားများအား ယောက်ျား၊ မိန်းမ သီးခြားစီခွဲ၍ ဘော်တလာကျေးရွာဘက်သို့ ဖမ်းဆီးချုပ်နှောင်ခေါ်ဆောင်ခဲ့ပြီး လိုက်ပါရန် ငြင်းဆန်ရုန်းကန်သူများအား တုတ်များဖြင့် ဝိုင်းဝန်းရိုက်နှက်ခေါ်ဆောင်ခဲ့ကြောင်း၊ ဘော်တလာကျေးရွာအနီးတွင် မြေကျင်းနှစ်ကျင်းတူးထားသည်ကို တွေ့ရှိရပြီး ရွာသားများ ရောက်ရှိပြီးနောက် နောက်ထပ်ကျင်းတစ်ကျင်း ထပ်မံတူးခဲ့ကြောင်း၊ ထို့နောက် အကြမ်းဖက်သမားများက ယောက်ျားများအား ဦးစွာ လည်လှီး၍ သတ်ခြင်း၊ ဓားများဖြင့် ခုတ်၍သတ်ဖြတ်ခြင်းများပြုလုပ်ပြီး ကျင်းများအတွင်း မြှုပ်နှံခဲ့ကြောင်း။

ယင်းနောက် ကျန်ရှိသည့် မိန်းမများနှင့်ကလေးများအား ထပ်မံသတ်ဖြတ်ပြီး ကျင်းများအတွင်း မြှုပ်နှံခဲ့ကြောင်း၊ မိန်းကလေးများအထဲမှ အသက်(၁၅)နှစ်နှင့် (၂၅)နှစ်အကြားရှိ ရုပ်ရည်ချောမောလှပသည့် မိန်းမငယ် ရှစ်ဦးကို အကြမ်းဖက်ခေါင်းဆောင် နိုရူလောက်က မသတ်ဘဲထားရှိခဲ့ကြောင်း၊ ထို့နောက် ဟိန္ဒူအမျိုးသမီးငယ် ရှစ်ဦးနှင့် ၎င်းတို့၏ကလေးငယ်များအား ဘော်တလာကျေးရွာအနီးရှိ နွားခြံမှတစ်ဆင့် ဘော်တလာရွာမှ ရော်ဖီဆိုသူ၏နေအိမ်သို့ ဆက်လက်ခေါ်ဆောင်သွားခဲ့ကြောင်း။

ဩဂုတ် ၂၆ ရက်အထိ ယင်းအိမ်တွင်ပင် အစောင့် ငါးဦးနှင့်ထားရှိကြောင်း၊ ဩဂုတ် ၂၇ ရက် ညနေ ၃ နာရီခန့်တွင် ရော်ဖီဦးဆောင်သည့် အစောင့် ငါးဦးတို့က ၎င်းတို့အား ခေါ်ဆောင်၍ ရွာမှ ထွက်ခွာခဲ့ကြောင်း၊ ညနေ ၅ နာရီခန့်တွင် နယ်စပ်ခြံစည်းရိုးသို့ရောက်ရှိပြီး ပါလာသည့် အစောင့်များက ခြံစည်းရိုးသံဆူးကြိုးများအား ဖြတ်တောက်ခဲ့ကြောင်း၊ ၎င်းအချိန်တွင် BGB တပ်အချို့ ရောက်ရှိလာ၍ မြန်မာနယ်စပ်အတွင်းရှိ တောင်ကုန်းတစ်ကုန်းသို့ ပြန်လည်ဝင်ရောက်ညအိပ်ခဲ့ကြောင်း၊ ဩဂုတ် ၂၈ ရက် နံနက် ၆ နာရီခန့်တွင် နယ်စပ်ခြံစည်းရိုးအား ဖြတ်ကျော်ဝင်ရောက်၍ ကူတူပါလောင်ဒုက္ခသည်စခန်းသို့ ကားဖြင့်ခေါ်ဆောင်ခဲ့ရာ နံနက် ၁၁ နာရီတွင် ဒုက္ခသည်စခန်းသို့ ရောက်ရှိကြောင်း သိရှိရသည်။

အဆိုပါ ကူတူပါလောင်ဒုက္ခသည်စခန်းတွင် အစ္စလာမ်အမျိုးသမီးဝတ်စုံ ဘူခါကို ခြုံခိုင်းပြီး မွန်းလွဲ ၁ နာရီခန့်တွင် နိုင်ငံခြားသားမီဒီယာများတွေ့ဆုံမေးမြန်းရာတွင် ၎င်းတို့ သင်ကြားပေးသည့်အတိုင်း မိမိတို့၏ ခင်ပွန်းများနှင့် မိသားစုဝင်များအား စစ်တပ်နှင့် တိုင်းရင်းသားများက သတ်ဖြတ်ခဲ့ပြီး မိမိတို့မှာလည်း စစ်တပ်က သတ်မည်စိုး၍ ထွက်ပြေးခဲ့ခြင်းဖြစ်သည်ဟု လိမ်လည်ပြောဆိုခဲ့ရကြောင်း၊ ၎င်းတို့က ခိုင်းသည့်အတိုင်း မပြောပါက မိမိတို့၏ကလေးငယ်များအား လည်လှီး၍ သတ်ပစ်မည်ဟု ခြိမ်းခြောက်ပြောဆိုခြင်းကြောင့် ၎င်းတို့သင်ပေးသည့်အတိုင်း ပြောဆိုခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

၎င်းတို့နှင့်ပတ်သက်၍ ကူတူပါလောင်ဒုက္ခသည်စခန်းတွင် အလုပ်လုပ်ကိုင်နေသည့် ဟိန္ဒူဘာသာဝင် ဘာဘူဆိုသူက ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဟိန္ဒူဘာသာရေးခေါင်းဆောင် ရှော်ဖော်နံရှော်ရိမာရော်နီထံ ဆက်သွယ်သတင်းပို့ပေးခဲ့ကြောင်း၊ အဆိုပါ ဘာသာရေးခေါင်းဆောင်မှ BGB တပ်ဖွဲ့ဝင် ဟိန္ဒူဘာသာဝင်တစ်ဦးနှင့် ဆက်သွယ်၍ ကူတူပါလောင်ဒုက္ခသည်စခန်းကို သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာမှ ဟိန္ဒူဘာသာဝင် အမျိုးသမီးငယ် ရှစ်ဦးနှင့် ကလေးငယ်များကို တွေ့ရှိခဲ့ကြောင်း၊ ဒုက္ခသည်စခန်းတွင် ရောနှောနေထိုင်သည့် အစွန်းရောက်အကြမ်းဖက်သမားများမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရှိရသည်။

ပြန်လည်ရောက်ရှိလာသော ဟိန္ဒူဘာသာဝင် ၁၆ ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘေးကင်းလုံခြုံစွာ စောင့်ရှောက်ထားရှိပြီး လိုအပ်သည့် ထောက်ပံ့ကူညီမှုများ၊ နှစ်သိမ့်ဆွေးနွေး၍ စိတ်ဓာတ်မြှင့်တင်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၃၄ စီး၊ သွင်းကုန် ၃၇၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၇ စီး၊ သွင်းကုန် ၁၉၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉ ဒသမ ၃၆၆ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၉ ဒသမ ၄၉၈ သန်းခန့် စုစုပေါင်းတားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၈ ဒသမ ၈၆၄ သန်းခန့်အား သိမ်းဆည်းရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မြဝတီမှရန်ကုန်သို့သွားရောက်မည့် ၁၂ ဘီးယာဉ်အား မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်သွားရောက်စစ်ဆေးခဲ့ရာ တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် Blue Lable(1 × 6 btt) 1 liter (20)Pkgs၊ Gold Lable Reserve FI Official( 1 × 6 btt) 1 Liter (50)Pkgs ၊ Gold Lable Reserve (1× 6 btt) 1 Liter (25)Pkgs ၊ Black Lable (1×12 btt)1 liter (50)Pkgs ၊ Double Black (1×12 btt)1 liter (156)Pkgs၊ Double Black (Inspirin Stories) (1 × 12 btt) 1 liter(72) Pkgs နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၉ ဒသမ ၆၅၈ သန်းခန့်ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ပြည်ကြီးတံခွန်မြို့နယ်တွင် နေအိမ်ငါးလုံး မီးလောင်မှုဖြစ်ပွား

**မန္တလေး အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (င)ရပ်ကွက် (၅၉)လမ်း × လမ်း(၆၀)ကြား မင်းကြီးရန်နောင်လမ်းနှင့် မင်းရဲကျော်စွာလမ်းကြားရှိ အကွက်အမှတ် ညည/(၄)ရပ်ကွက်တွင် ယနေ့ညနေ ၆ နာရီ မိနစ် ၄၀ ခန့်က မီးအားမြှင့်စက် အပူလွန်ကဲရာမှ နေအိမ်ငါးလုံး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး ည ၇ နာရီခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ အုပ်ချုပ်မှုယာဉ်နှစ်စီး၊ မီးသတ်ယာဉ် ၃၀၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ပြီး မီးစတင်လောင်ကျွမ်းသော နေအိမ်ပိုင်ရှင် ဦးလင်းထွန်းအောင်အား ပြည်ကြီးတံခွန်မြို့နယ်ရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# အာရှ ယူ-၁၉ ခြေစစ်ပွဲအတွက် မြန်မာ ယူ-၁၉ အသင်းကို ပြင်ဆင်ဖွဲ့စည်း


အာရှ ယူ-၁၉ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၉ အသင်း

မြန်မာ ယူ-၁၉ အသင်းသည် ၂၀၁၈ အာရှ ယူ-၁၉ ခြေစစ်ပွဲယှဉ်ပြိုင်ရန် ပဏာမကစားသမား ၂၈ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး ခြေစစ်ပွဲအကြို နိုင်ငံတကာခြေစမ်းပွဲနှင့် ပြည်တွင်းခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိသည်။

မြန်မာ ယူ-၁၉ အသင်းတွင် နည်းပြချုပ် ဦးချစ်နိုင်၊ လက်ထောက်နည်းပြ ဦးမင်းသူ၊ ဂိုးနည်းပြ ဦးစိုင်းမောင်မောင်ဦး၊ ဂိုး-ထွန်းနန္ဒာဦး၊ ထက်ဝေယံစိုး၊ အောင်မြင့်မြတ်၊ ဟန်နိုင်စိုး၊ အာကာလင်းမြတ်၊ နောက်တန်း-သက်ပိုင်ထွေး၊ သန်းထိုက်ဇင်၊ စိုးမိုးကျော်၊ ကျော်ဖြိုးဝေ၊ စည်သူမိုးခန့်၊ သူရစံ၊ အောင်ဝဏ္ဏစိုး၊ နိုင်ကိုကို၊ ပြည့်ဖြိုးမောင်၊ အလယ်တန်း-လွင်မိုးအောင်၊ အံ့မော်ဦး၊ သက်ပိုင်ထူး၊ မင်းထူးအိမ်လင်း၊ နန်းထိုက်ဇော်၊ ဝဏ္ဏထွန်း၊ ထက်ဖြိုးဝေ၊ ဇော်မွန်အောင်၊ ဒွေးကိုကို၊ မြတ်ကောင်းခန့်၊ ဝေယံဦး၊ ရှေ့တန်း -ဝင်းနိုင်ထွန်း၊ ပြည့်စုံနိုင်၊ ဟိန်းထက်အောင်တို့ ပါဝင်ကြသည်။ မြန်မာ ယူ-၁၉ အသင်းသည် အောက်တိုဘာ ၁၀ ရက်မှ ၂၁ ရက်အထိ ဂျပန်နိုင်ငံ၌ သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် မူလက ယခုလအတွင်း ပြင်သစ်နိုင်ငံသို့ သွားရောက်လေ့ကျင့်ရန် စီစဉ်ထားသော်လည်း နည်းပြချုပ်နေရာအပြောင်းအလဲကြောင့် သွားရောက်လေ့ကျင့်မည့် နိုင်ငံပါ ပြောင်းလဲခဲ့ရခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် အာရှခြေစစ်ပွဲအတွက် စက်တင်ဘာ ၂၀ ရက်မှစ၍ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိပြီး လက်ရှိတွင် ပဏာမကစားသမား ၂၈ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အသင်းသည် ဂျပန်ခရီးစဉ်တွင် ခြေစမ်းပွဲများအဖြစ် အောက်တိုဘာ ၁၅ ရက်တွင် ဟန်နင်းတက္ကသိုလ်အသင်း၊ အောက်တိုဘာ ၁၈ ရက်တွင် ဂျေလိဂ်ကလပ် ဂမ်ဘာအိုဆာကာအသင်း၊ အောက်တိုဘာ ၂၀ ရက်တွင် ဟန်နင်းတက္ကသိုလ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ဂျပန်ခြေစမ်းခရီးစဉ်အပြီးတွင် ခြေစစ်ပွဲကျင်းပမည့် ကမ္ဘောဒီးယားနိုင်ငံသို့ တိုက်ရိုက်သွားရောက်မည်ဖြစ်ပြီး အပြီးသတ် ၂၃ ဦးကိုလည်း ကမ္ဘောဒီးယားသို့ မသွားရောက်မီ ရွေးချယ်မည်ဖြစ်သည်။ မြန်မာအသင်း ပါဝင်နေသည့် အာရှ ယူ-၁၉ ခြေစစ်ပွဲ အုပ်စု(G) ပွဲစဉ်များကို ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ကမ္ဘောဒီးယားဘောလုံးအဖွဲ့ချုပ်၏ တောင်းဆိုမှုကြောင့် ခြေစစ်ပွဲကျင်းပမည့်ရက်ကို ရွှေ့တိုးခဲ့ခြင်းဖြစ်သည်။ ယင်းအုပ်စုတွင် တရုတ်၊ မြန်မာ၊ ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်အသင်းတို့ ပါဝင်မည်ဖြစ်ပြီး မြန်မာအသင်းသည် အောက်တိုဘာ ၂၄ ရက်တွင် ဖိလစ်ပိုင်အသင်း၊ အောက်တိုဘာ ၂၆ ရက်တွင် ကမ္ဘောဒီးယားအသင်း၊ အောက်တိုဘာ ၂၈ ရက်တွင် တရုတ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ခြေစစ်ပွဲကို အုပ်စု ၁၀ ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ပထမနေရာရ ၁၀ သင်းနှင့် အကောင်းဆုံးအုပ်စုဒုတိယနေရာရ ငါးသင်းတို့ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် စက်တင်ဘာ ၃၀ ရက်တွင် စီးတီးရန်ကုန်အသင်းနှင့် ခြေစမ်းကစားရာ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး အောက်တိုဘာ ၇ ရက်တွင် ဟံသာဝတီအသင်းနှင့် ထပ်မံခြေစမ်းမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**




## ညတိုင်း ငိုရလေ့ရှိကြောင်း စီရိုနယ်လ်ဒို ဖွင့်ဟ

ရီးယဲလ်ရဲ့စူပါစတား စီရိုနယ်လ်ဒိုက ဘောလုံးကစားခြင်းကနေ သူ့အတွက် အရာအားလုံးကိုရခဲ့ပေမယ့် အောင်မြင်အောင် လျှောက်လှမ်းရတဲ့လမ်းကြောင်းကတော့ ခက်ခဲတယ်လို့ ဆိုလိုက်ပါတယ်။ စီရိုနယ်လ်ဒိုက အိမ်နဲ့ခွဲဖို့ အဆင်သင့်မဖြစ်သေးတဲ့ အသက်(၁၁)နှစ်အရွယ်မှာ ဇာတိမြေ မာဒီးရားကျွန်းလေးကနေ စပို့တင်းလစ္စဘွန်းလူငယ်အကယ်ဒမီကို သွားရောက်ခဲ့ရခြင်းက သူ့ဘဝအတွက် အခက်ခဲဆုံးဖြစ်ခဲ့ကာ အိမ်ကိုလွမ်းတဲ့စိတ်ကြောင့် ညတိုင်းငိုခဲ့ရကြောင်း ဖွင့်ဟခဲ့ပါတယ်။

စီရိုနယ်လ်ဒိုဟာ ဘလွန်းဒီအောဆု လေးဆုရရှိထားတဲ့ ကစားသမားဖြစ်ပြီး ကလပ်အသင်းကစားသမားဘဝမှာ မြောက်မြားစွာသော ဆုဖလားအောင်မြင်မှုတွေကို ရရှိထားခဲ့သူဖြစ်ပါတယ်။ ဒီလိုအောင်မြင်မှုတွေ အလီလီသိမ်းပိုက်ခဲ့တဲ့ စီရိုနယ်လ်ဒိုက "ကျွန်တော့်သား ခရစ္စတီယာနို ဂျူနီယာက အခုဆို အသက်(၇)နှစ်ရှိပါပြီ။ ဒါကြောင့် ကျွန်တော် ဒီအကြောင်းကို ရေးလိုက်တာပါ။ နောက်လေးနှစ်နေလို့ သူ ပါရစ်(ဒါမှမဟုတ်) လန်ဒန်ကိုသွားဖို့ အထုပ်အပိုးတွေ ထည့်ပေးလိုက်ရရင် ကျွန်တော် ဒီအကြောင်း တွေးတောင်မတွေးနိုင်ပါဘူး။ ဒါက ဘယ်လိုမှမဖြစ်နိုင်တဲ့ကိစ္စပါ။ ကျွန်တော့်မိဘတွေလည်းပဲ ကျွန်တော်နဲ့ပတ်သက်ပြီး မဖြစ်နိုင်လောက်ဘူးလို့ တွေးမိမယ်ဆိုတာ သေချာပါတယ်။ ဒါပေမယ့် ကျွန်တော့် အိပ်မက်တွေ ဖြစ်တည်လာဖို့အတွက် လိုက်ပါဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်" လို့ ဆိုပါတယ်။

ဒါ့အပြင် စီရိုနယ်လ်ဒိုက သူဟာ ပေါ်တူဂီနိုင်ငံအတွင်းမှာပဲ ဆက်လက်နေထိုင်တာဖြစ်ပေမယ့် ဘာသာစကား၊ အစားအသောက်၊ နေထိုင်မှုပုံစံအားလုံးကွဲပြားခဲ့တာကြောင့် နိုင်ငံရပ်ခြားရောက်နေသလို တစ်ခါတစ်ရံ အလွန်အမင်း အထီးကျန်မှုကို ခံစားခဲ့ရတယ်လို့လည်း ဖွင့်ဟခဲ့ပါတယ်။ စီရိုနယ်လ်ဒိုက သူ့မိဘတွေကလည်း လေးလမှ တစ်ကြိမ် လောက်သာ လာတွေ့နိုင်ခဲ့တာဖြစ်ပြီး အိမ်ကိုလွမ်းဆွတ်တဲ့စိတ်နဲ့ နာကျင်မှုခံစားခဲ့ရကြောင်း ဆိုခဲ့ပါတယ်။

## ဟယ်ရီကိန်းကို ပေါင် ၁၇၇ သန်းဖြင့် ခေါ်ယူရန် ရီးယဲလ်အသင့်ပြင်

**မေလ့သင်း စုစည်းသည်**



ရီးယဲလ်မက်ဒရစ်အသင်းသည် စပါးအသင်းအတွက် ခြေစွမ်းပြ ဂိုးသွင်းနေသော တိုက်စစ်မှူး ဟယ်ရီကိန်းကို လာမည့် နွေဈေးကွက်အတွင်း ပေါင် ၁၇၇ သန်း (ယူရိုသန်း ၂၀၀)အထိ အသုံးပြုခေါ်ယူသွားရန် အသင့်ပြင်ထားပြီးဖြစ်ကြောင်း မေးလ်အွန်လိုင်းသတင်းဌာနက ဖော်ပြသည်။

ရီးယဲလ်ဥက္ကဋ္ဌကြီး ပီရက်ဇ်က ကမ္ဘာ့ထိပ်တန်းတိုက်စစ်မှူးတစ်ဦးကို ခေါ်ယူရန် နှစ်အတန်ကြာ ပစ်မှတ်ထားနေခဲ့သော်လည်း နည်းပြ ဇီဒန်းနှင့် စူပါစတား စီရိုနယ်လ်ဒိုတို့က ကာရင်ဘင်ဇီမာအပေါ် ထောက်ခံချက် အပြည့်အဝပေးထားသဖြင့် ပီရက်ဇ်က သူ၏ ရည်ရွယ်ချက်ကို အကောင်အထည်မဖော်ခဲ့ခြင်း ဖြစ်သည်။ ယခုမူ ဘင်ဇီမာရဲ့ စွမ်းဆောင်ရည်မှာ အမြင့်မားဆုံးအဆင့်တစ်ရပ်မှ တဖြည်းဖြည်း လျော့ကျလာပြီဖြစ်ရာ ဟယ်ရီကိန်းကို ခေါ်ယူရန် အစီအစဉ်ချလာခြင်းဖြစ်သည်။ အသက်(၂၄)နှစ်အရွယ်ကိန်းမှာ ယခုနှစ် ဘောလုံးရာသီအတွင်း စပါးအတွက် ပြိုင်ပွဲစုံ သွင်းဂိုး ၁၁ ဂိုး သွင်းယူနိုင်ခဲ့ပြီးဖြစ်ရာ ပရီမီယာလိဂ်ရွှေဖိနပ်ဆု (ဂိုးသွင်းဘုရင်ဆု)ကို သုံးနှစ်ဆက်တိုက်ရရှိရန် အကောင်းဆုံးအခြေအနေတစ်ရပ်ကို ပိုင်ဆိုင်ထားပြီးဖြစ်သည်ဟု သတ်မှတ်နိုင်သည်။


လန်ဒန်ဇာတိဖွား ကိန်းသည် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှစပြီး ယခုထိ သွင်းဂိုး ၄၄ ဂိုးသွင်းယူထားနိုင်ခဲ့ပြီးဖြစ်ရာ အနီးဆုံးပြိုင်ဘက် အဂွဲရိုးထက်ပင် ရှစ်ဂိုးပိုမို သွင်းယူနိုင်သည့် အနေအထားပင်ဖြစ်သည်။ ယင်းကဲ့သို့သော စွမ်းဆောင်ရည်များကြောင့် ရီးယဲလ်အသင်းက ကိန်းကို ငွေကြေးပမာဏအမြောက်အမြားဖြင့် ကမ်းလှမ်းရန် ချက်ချင်းဆိုသလို ပြင်ဆင်လာခြင်းဖြစ်သည်။ သို့သော် စပါးက သူတို့အသင်း၏ အကောင်းဆုံးကစားသမားလည်းဖြစ်၊ ထိပ်တန်းဂိုးသွင်းရှင်လည်းဖြစ်သော ဟယ်ရီကိန်းကို ရောင်းချရန် ဆန္ဒမရှိရာ ရီးယဲလ်က စပါးအသင်းပိုင်ရှင် ဒန်နီယယ်လက်ဗီ၏စိတ်ကို ပြောင်းလဲနိုင်ရန်အတွက် နေမာအတွက် ပီအက်စ်ဂျီမှ အသုံးပြုခဲ့သည့် ကမ္ဘာ့စံချိန်တင်ကြေးနီးပါးသုံးကာ ခေါ်ယူရန် ရီးယဲလ်ဘက်မှ စီစဉ်လာခြင်းဖြစ်သည်။

ကိန်းသည် ပြင်သစ်နှင့် စကော့တလန်တို့နှင့် ကစားခဲ့သည့်ပွဲစဉ်များတွင်လည်း အင်္ဂလန်အသင်း ခေါင်းဆောင်လက်ပတ်ကို ဆင်မြန်းခွင့်ရရှိခဲ့သူဖြစ်ပြီး သူ၏ လတ်တလောစွမ်းဆောင်ရည်များက အင်္ဂလန်ရဲ့ အမြဲတမ်းအသင်းခေါင်းဆောင်ဖြစ်လာရန် ပိုမိုနီးစပ်သည့် ခြေလှမ်းတစ်ရပ် လှမ်းနိုင်ခဲ့ခြင်းပင်ဖြစ်သည်။ အင်္ဂလန်နည်းပြ ဆောက်ဂိတ်က ကိန်း၏ စွမ်းဆောင်ရည်မှာ အင်္ဂလန် ဂန္ထဝင်တိုက်စစ်မှူးများဖြစ်သည့် အလန်ရှီးယားနှင့် ရော်ဘီဖောင်လာတို့ကိုပင် သတိရစေသည် ဟူသောစကားရပ်ဖြင့် ချီးကျူးမှုပြုခဲ့သည်။

❑❑

# ဆရာဝေါဟာရနှင့် ဆရာ့ဂုဏ်

မောင်ခင်မင်(ဓနုဖြူ)




"ဆရာ"ဟူသော ဝေါဟာရကို ပုဂံခေတ်ကျောက်စာ၊ မင်စာများတွင် စ၍တွေ့ရသည်။ စာလုံးပေါင်းမှာမူ အမျိုးမျိုးဖြစ်သည်။ 'ဆယာ၊ ဆရျာ၊ ဆာရျာ၊ ဆြျာ' ဟူ၍ အမျိုးမျိုးတွေ့ရသည်။ သက္ကတဘာသာတွင် "အာစာယ"ဟူသော ဝေါဟာရသည် ပါဠိဘာသာ "အာစရိယ"နှင့် ရင်းမြစ်တူပြီး "ဆရာ" ဟု အဓိပ္ပာယ်ရသည်။ ဖော်ပြပါရေးထုံးများအရ "ဆရာ" ဟူသော ဝေါဟာရသည် သက္ကတဘာသာ "အာစာရျ"မှ ဆင်းသက်ကြောင်း၊ ရေးပုံအဆင့်ဆင့်ပြောင်းလဲပြီး "ဆရာ"ဟူ၍ဖြစ်လာကြောင်း အထင်အရှားတွေ့ရသည်။ "အာစာရျ"မှ 'ဆရျာ" ဟူသော ဝေါဟာရသို့ပြောင်းလဲလာပြီး အသွင်အမျိုးမျိုးပြောင်းကာ "ဆရာ" ဟူသော ဝေါဟာရမှာမူ ယနေ့အထိ အသုံးတွင်ပြီး တည်တံ့နေကြောင်း တွေ့ရသည်။

ရှေးမွန်ကျောက်စာများတွင်မူ "အာစာရ်"ဟု တွေ့ရပြီး ယခုခေတ်တွင် "အစာ"ဟု ပြောင်းလဲလာသည်။ "အကျာ" ဟုအသံထွက်သည်။ "အာစာရ်"သည်လည်း "အာစာရျံ"မှ ပြောင်းလဲလာကြောင်း ထင်ရှားပါသည်။ "ဆရာ"ဟုပင် အဓိပ္ပာယ်ရသော ဝေါဟာရဖြစ်သည်။

ထိုင်းလူမျိုးတို့က ဆရာကို "အာဂျန်"ဟု ခေါ်သည်ကို ကြားဖူးသည်။ မွန်က "အကျာ"ဟု အသံထွက်ပြီး ထိုင်းက "အာဂျန်"ဟု အသံထွက်သည်။ "မွန်၊ မြန်မာ၊ ထိုင်း"တို့သည် သက္ကတဝေါဟာရကို အသီးသီး မွေးစားယူခဲ့ကြခြင်းဖြစ်ကြောင်း တွေ့ရပါသည်။

မြန်မာစာအရေးအသားပေါ်စတွင် ထိုဝေါဟာရကို တွင်တွင်ကျယ်ကျယ်သုံးနေသည်ကို ထောက်၍ မြန်မာစာအရေးအသား မပေါ်မီကတည်းက မြန်မာတို့၏နှုတ်တွင် အသုံးတွင်နေပြီဖြစ်ကြောင်း မှန်းဆနိုင်ပါသည်။

"ဆရာ"ကို "ပညာသင်ကြားပေးသူ၊ သွန်သင်ဆုံးမနည်းလမ်းပြသူ"ဟု အဘိဓာန်တွင် အနက်ဖွင့်သည်။ မူလအနက်တွင် ကျား၊မ မခွဲခြားဘဲသုံးသည်။ "ဆရာ့ကျေးဇူး"၊ "ဆရာ့ဂုဏ်"၊ "ဆရာကန်တော့ပွဲ"ဟူသော အသုံးများတွင် ဆရာသည် သင်ကြားဆုံးမသူ ကျား၊မ မရွေး အကျုံးဝင်သည်။ နောက်ပိုင်းတွင် ကွဲကွဲပြားပြား ရှိစေရန် "ဆရာ" "ဆရာမ" ဟူ၍ ခွဲခြားခေါ်လာသည်။ "ဆရာ"ကို အခြေခံ၍ ဆရာကြီး၊ ဆရာမကြီး၊ ဆရာလေး၊ ဆရာမလေး စသည့် ဝေါဟာရများ ပေါ်လာသည်။ ရှေးက "ဆရာစောင်"ဟူသော ဝေါဟာရ အသုံးတွင်သည်။ "လက်ထောက်ဆရာ"ဟု အဓိပ္ပာယ်ရသည်။ ဆရာကို ကူ၍ သင်ပေးရန် အရန်အဖြစ်ထားသော ဆရာဖြစ်သည်။ စာသင်သည့် ဆရာကို "ကျောင်းဆရာ"ဟုလည်း ခေါ်သည်။

"ဆရာ"သည် လုပ်ငန်းတစ်ခုခု၊ ပညာတစ်ခုခုကို ကျွမ်းကျင်သူဟူ၍ အနက်အဓိပ္ပာယ်များလာသည်။ "ဆေးဆရာ၊ ပန်းချီဆရာ၊ စာရေးဆရာ၊ ပန်းထိမ်ဆရာ" စသည့် အသုံးများမှသည် "ကားဆရာ၊ ဆိုက်ကားဆရာ"၊ (လက်ဖက်ရည်ဆိုင်မှ) "အဖျော်ဆရာ"အထိ "ဆရာ" အသုံးကျယ်ပြန့်လာသည်။

အကြီးအကဲကို ရိုသေလေးစားသည့်သဘောဖြင့် "ဆရာ"ဟု ခေါ်ကြသည်။ "ဗျို့ဆရာ၊ ဟိုဆရာကြီး ဘာလုပ်နေသလဲ"စသည့် အသုံးများမှာမူ ရင်းနှီးကျွမ်းဝင်သည့်အသုံးဖြစ်ပါသည်။ "ဆရာ"ဝေါဟာရ၏ အသုံးအမျိုးမျိုး ကျယ်ပြန့်လာပုံကို တစေ့တစောင်း အကဲခတ်ကြည့်ခြင်းဖြစ်သည်။

"ဆရာ့ဂုဏ်"နှင့်ပတ်သက်၍ ဖော်ပြရမည်ဆိုပါက ဆရာဟူသည် အနန္တငါးပါးစလုံး အကျုံးဝင်သည့် သဘောဆောင်နေသည်ဟု ဆိုရပါလိမ့်မည်။ မည်သို့ဆောင်နေပါသလဲ။ ဘုရားရှင်၏ ဂုဏ်တော်ကိုးပါးတွင် သတ္တမမြောက် ဂုဏ်တော်ဖြစ်သော "သတ္ထာဒေဝမနုဿာနံ"သည် လူ၊ နတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားဟု အဓိပ္ပာယ်ရသည်။ ဘုရားရှင်သည် လူ၊ နတ်တို့၏ ဆရာဖြစ်သည်။ ဘုရားဆုတောင်းရာတွင် "သုံးလူ့ဆရာ ငါဖြစ်လို၏"ဟု သုံးသည်။ ဘုရားရှင် ပရိနိဗ္ဗာန်မပြုမီ မိန့်မှာသော စကားတော်များတွင် "ငါဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် ငါဟောကြားသော တရားတော်များသည် သင်တို့ကို ဆရာအဖြစ် ဆုံးမလမ်းညွှန်လိမ့်မည်"ဟု အဓိပ္ပာယ်သက်ရောက်သော စကားလည်းပါသည့်အတွက် တရားသည်လည်း ဆရာဖြစ်သည်။ သံဃာတော်များသည် ဒါယကာ၊ ဒါယိကာမတို့၏ ကိုးကွယ်ရာဆရာများဖြစ်သည်။ သံဃာတော်နှင့် ကျွမ်းကျင်သူများ "ဆရာရင်း၊ ဒကာရင်း" ဟု သုံးပုံကိုလည်း တွေ့ရသည်။ ထို့အတူ "လက်ဦးဆရာ မည်ထိုက်စွာသား၊ ပုဗ္ဗာစရိယ မိနှင့်ဖ"ဟူသော စကားနှင့်အညီ မိဘသည်လည်း သားသမီး၏ ဆရာပင်ဖြစ်သည်။ ထို့ကြောင့် ဆရာသည် အနန္တငါးပါးစလုံး အကျုံးဝင်သော ဂုဏ်ရှိသည့် ပုဂ္ဂိုလ်ဖြစ်သည်။

ပညာတတ်တစ်ယောက်ဘဝဖြစ်စဉ်ကို ငဲ့စောင်းကြည့်မည်ဆိုလျှင် "ကံ့ကူလက်လှည့် ဆရာ" ဟုခေါ်သော ငယ်ဆရာမှသည် ပညာသင်ကြားမှုပြီးမြောက်သည်အထိ သင်ကြားပို့ချပေးခဲ့သော ဆရာ ဆရာမပေါင်းများစွာ ရှိနေပါလိမ့်မည်။ ထိုဆရာ ဆရာမများ၏ သင်ကြားပို့ချမှုကို ခံယူ၍ ပညာတတ်တစ်ယောက်အဖြစ်သို့ ရောက်ရခြင်းဖြစ်ပေရာ ကျောင်းသားတစ်ယောက်ကို ဆရာပေါင်းများစွာက ပညာအမွေပေးသည့် အစဉ်အလာနှင့်အတူ ဆရာ့ကျေးဇူး၊ ဆရာ့ဂုဏ်သည် မည်မျှကြီးမားကြောင်း ဆင်ခြင်ကြည့်နိုင်ပါသည်။

"ကျွန်တော် ကျွန်မတို့ရဲ့သားကို အပ်ပါတယ်။ မလိမ္မာရင် ရိုက်ပြီးဆုံးမပါ။ မကျိုးမပဲ့ရင် တော်ပါပြီ"ဟု မိဘများက ဆရာ့ကို အနူးအညွတ်ပြောဆိုပြီး ကျောင်းသားကို အပ်နှံသည့် အစဉ်အလာမှသည် ကျောင်းသားကို အနည်းအကျဉ်း ဆုံးမမိသည့် ဆရာ ဆရာမကို မိဘများက ဆတ်ဆတ်ထိမခံဘဲ ရေးပြန်သည့် ဖြစ်ရပ်များ မြင်တွေ့ကြားသိနေရသော ယနေ့ခေတ် ကာလအထိ တစ်စတစ်စ ပြောင်းလဲလာသော ဖြစ်စဉ်တစ်လျှောက်တွင် ဆရာ - တပည့် ဆက်ဆံရေး၊ ဆရာ - မိဘ ဆက်ဆံရေး အခြေအနေများလည်း ပြောင်းလဲလာပါသည်။ ဆရာ ဆရာမ အများစုကမူ အစွန်းနှစ်ဖက်ကိုရှောင်၍ ဆရာ- ကျောင်းသား- မိဘ ဆက်ဆံရေးဘောင်အတွင်း နှိုင်းနှိုင်းချိန်ချိန် ဆောင်ရွက်နေရသည်ဟု မြင်မိပါသည်။

"ကျောင်းသားသည် ဆရာ့ထက်တော်ရမည်၊ သို့မှသာ ပညာတိုးတက်မည်"ဟူသော ဆရာကြီး ဦးဖေမောင်တင်၏ အဆိုအမိန့်သည် ဆရာများခံယူအပ်သည့် သဘောထားကို အလေးအနက် ဖော်ညွှန်းလျက်ရှိသည်။ ဆရာသည် တပည့်များကို မိမိထက်ပို၍တော်အောင် နည်းလမ်းညွှန်ပြပေးနိုင်ဖို့အတွက် ဆရာ၏ ပညာအခံအရေးကြီးသလို သဘောထားကြီးမှုလည်း အရေးကြီးပါသည်။ အနာဂတ်တွင် မိမိထက်ပို၍တော်သော ပညာရှင်များဖြစ်လာအောင် တပည့်များကို စေတနာမှန်ဖြင့် သင်ကြားပေးဖို့လိုပါလိမ့်မည်။ သို့မှလည်း သက်ဆိုင်ရာ ပညာရပ်သည် ဖွံ့ဖြိုးတိုးတက်လာပါလိမ့်မည်။ ဆရာအလုပ်ကို လေးစားမြတ်နိုးစွာ ခံယူသော ဆရာမှန်သမျှသည် တပည့်များကို တော်စေ၊ တတ်စေ၊ ထူးချွန်စေလိုသော စေတနာဖြင့် သင်ကြားပို့ချခဲ့ကြသည်ဖြစ်ရာ ဆရာများ၏ ဂုဏ်ကျေးဇူးကြောင့် "ပညာကမ္ဘာ" ကြီးသည် ဖွံ့ဖြိုးတိုးတက်နေသော ကမ္ဘာကြီးအဖြစ် ကျက်သရေဆောင်လျက်ရှိကြောင်း တွေ့မြင်ရပါသည်။ ။

**အနာဂတ်တွင် မိမိထက်ပို၍တော်သော ပညာရှင်များဖြစ်လာအောင် တပည့်များကို စေတနာမှန်ဖြင့် သင်ကြားပေးဖို့လိုပါလိမ့်မည်။ သို့မှလည်း သက်ဆိုင်ရာ ပညာရပ်သည် ဖွံ့ဖြိုးတိုးတက်လာပါလိမ့်မည်။ ဆရာအလုပ်ကို လေးစားမြတ်နိုးစွာ ခံယူသော ဆရာမှန်သမျှသည် တပည့်များကို တော်စေ၊ တတ်စေ၊ ထူးချွန်စေလိုသော စေတနာဖြင့် သင်ကြားပို့ချခဲ့ကြသည်ဖြစ်ရာ ဆရာများ၏ ဂုဏ်ကျေးဇူးကြောင့် "ပညာကမ္ဘာ"ကြီးသည် ဖွံ့ဖြိုးတိုးတက်နေသော ကမ္ဘာကြီးအဖြစ် ကျက်သရေဆောင်လျက်ရှိကြောင်း. . . . .**

## ဆရာ့တန်ဖိုး

❀ နန်းထိုက်တော်ဝင်
ပန်းသဇင်သည်
နှင်းရည်ဖျန်းမှ ပွင့်လန်း၏။
❀ တန်ခူးမာလာ
ပိတောက်ဝါသည်
မိုးရေဖျန်းမှ ပွင့်လန်း၏။
❀ ကုမုဒြာကြာ
ပန်းမာလာသည်
လရောင်ဆမ်းမှ ပွင့်လန်း၏။
❀ ထိုနည်းတူစွာ
ပညာပြည့်ဝ
နှလုံးလှပြား
နိုင်ငံ့သားကောင်း
တပည့်ပေါင်းသည်
ဆရာကောင်းရှိမှ ပေါ်ထွန်း၏။
❀ ဆရာမရှိ မှောင်အတိ။
ဆရာရှိမှ ထွန်းလင်း၏။
ဆရာ့တန်ဖိုးကြီးပါဘိ။

စိုးအောင်(ပညာရေး)



သန်လျင်မြို့နယ် မြို့မတောင်ရပ်ကွက် စေတနာရှင်လူငယ်များ၏ ပဥ္စမအကြိမ်မြောက် သီတင်းကျွတ်နိဗ္ဗာန်စျေးပွဲတော်ကို အောက်တိုဘာ ၃ ရက် ညနေပိုင်းက သီတာရေမြောင်းကြီးလမ်း၌ ကျင်းပစဉ်။

သန်းဝင်း(သန်လျင်)

# အုတ်တွင်း–ပေါက်ခေါင်းလမ်းပေါ်ရှိ စင်ချောင်းတံတားဆောက်လုပ်ပြီးစီး

## တံတားရေရှည်တည်တံ့ခိုင်မြဲရေး ဌာနဝန်ထမ်းများနှင့်ဒေသခံများပူးပေါင်းထိန်းသိမ်းသွားကြရန်လိုအပ်

**ပဲခူး အောက်တိုဘာ ၄**
၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေဖြင့်တည်ဆောက်ခဲ့သော တောင်ငူခရိုင် အုတ်တွင်းမြို့နယ် အုတ်တွင်း-ပေါက်ခေါင်းလမ်းပေါ်ရှိ စင်ချောင်းတံတားဆောက်လုပ် ပြီးစီးသွားပြီဖြစ်သည်။ တံတားရေရှည် တည်တံ့ခိုင်မြဲရေးအတွက် ဌာနဝန်ထမ်းများနှင့်အတူ ဒေသခံများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးရန် လိုအပ်သည်။

အဆိုပါ တံတားသည် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တို့တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ခွင့်ပြုငွေကျပ်သန်း ၉၀၀ ဖြင့် တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၉)မှ ၂၀၁၆ ခုနှစ် ဇွန် ၂၁ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး တံတားအရှည် ၁၆၄ ဒသမ ၀၄၂ ပေ၊ အကျယ်ပေ ၃၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ နှစ်လမ်းသွား၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၃ ပေစီ၊ ရေလမ်းအောက်ကင်းလွတ်နယ်အမြင့် ၅ ပေ၊ တံတားခန်းဖွင့် Pony Truss တစ်ခန်း၊ ခွင့်ပြုယာဉ်အလေးချိန်တန် ၆၀၊ တံတားတည်ဆောက်ပုံမှာ 4' ပိုင် Spum Pipe သံကူကွန်ကရစ်အုတ်မြစ်၊ သံကူကွန်ကရစ်ထိပ်အုပ်နှင့်ကိုယ်ထည်၊ သံကူကွန်ကရစ်ကြမ်းခင်း၊ လက်ရန်းဖြစ်သည်။

တံတားတည်ဆောက်ပြီးစီးမှုအား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းတို့နှင့်အတူ အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးလမ်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးဇော်ထွန်းက ရှင်းလင်းတင်ပြဆွေးနွေးခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က တံတားရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝန်တင်ကားများ ခွင့်ပြုတန်ချိန်ထက်ပိုမို တင်ဆောင်ဖြတ်သန်းမောင်းနှင်မသွားစေရေး တံတားဦးစီးဌာန ဝန်ထမ်းများနှင့်ဒေသခံများ ပူးပေါင်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်သည်ဟု လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

စင်ချောင်းတံတား ဆောက်လုပ်ပြီးစီးသွားခြင်းကြောင့် ပဲခူးတိုင်းဒေသကြီး(အရှေ့)ရှိ အုတ်တွင်း၊ ထန်းတပင်၊ တောင်ငူ၊ ရေတာရှည်၊ ဖြူးစသည့်မြို့နယ်များနှင့် ပဲခူးတိုင်းဒေသကြီး(အနောက်)ရှိ ပေါက်ခေါင်း၊ ပြည်၊ ရွှေတောင်၊ ပေါင်းတည်၊ နတ်တလင်းစသည့်မြို့နယ်များအပြင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့ကို ရိုးမဖြတ်ကျော်လမ်းမှအချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## မလှိုင်မြို့နယ်၌ ပြောက်အိုး၊ မီးရှူး၊ မီးပန်း၊ မီးဒုံး(ရှူးဒိုင်း)များ ရောင်းဝယ်ခြင်းရှိ၊ မရှိကွင်းဆင်းစစ်ဆေး

**မလှိုင် အောက်တိုဘာ ၄**
မိတ္ထီလာခရိုင် မလှိုင်မြို့ မြို့မစည်ပင်သာယာဈေးကြီး အတွင်းအပြင်ရှိ ဈေးဆိုင်များနှင့် စတိုးဆိုင်များတွင် ပြောက်အိုး၊ မီးရှူး၊မီးပန်း၊ မီးဒုံး(ရှူးဒိုင်း)များ ရောင်းဝယ်ခြင်း ရှိ၊ မရှိကို အောက်တိုဘာ ၃ ရက် နံနက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါကွင်းဆင်းစစ်ဆေးရာတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဦးစီးအရာရှိ ဒေါ်လှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်လှမြင့်နှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များသည် မြို့မစည်ပင်သာယာဈေးအတွင်းနှင့် အပြင်ဈေးတန်းရှိ ဈေးဆိုင်များ၊ စတိုးဆိုင်များအားလုံးကို ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ပြီး ပြောက်အိုး၊ မီးရှူး၊ မီးပန်း၊ မီးဒုံး (ရှူးဒိုင်း)များ ရောင်းချခြင်းမပြုလုပ်ရန်နှင့် ရောင်းချခဲ့ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆိုင်ရှင်များအား အသိပေးပြောကြားခဲ့သည်။

"သီတင်းကျွတ်ကာလမှာ မြို့နယ်အတွင်းရှိတဲ့ ပြည်သူတွေ၊ သက်ကြီးရွယ်အိုတွေ၊ ကျန်းမာရေး မကောင်းသူတွေ အထိတ်တလန့်မဖြစ်စေရေး၊ မသမာသူတွေက အခွင့်ကောင်းယူ၍ ပြစ်မှုကျူးလွန်မှုမရှိစေရေး၊ နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို အနှောင့်အယှက်မဖြစ်စေဖို့အတွက်ပြောက်အိုး၊ မီးရှူး၊ မီးပန်း၊ မီးဒုံး(ရှူးဒိုင်း)တွေ ရောင်းချခြင်းမပြုဖို့ ကြိုတင်အသိပေးကြေညာထားပြီးဖြစ်ပါတယ်။ ဒါကြောင့်အမှန်တကယ် ရောင်းချခြင်းရှိ၊ မရှိကို ဝင်ရောက်စစ်ဆေးရခြင်းဖြစ်ပါတယ်"ဟု ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

**အောင်ဌေး(မလှိုင်)**

# အမ်းမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆိုင်းဘုတ်စိုက်ထူ

**အမ်း အောက်တိုဘာ ၄**
ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ဦးဆောင်မှုဖြင့် အသိပညာပေးဆိုင်းဘုတ်စိုက်ထူခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းကို အောက်တိုဘာ ၄ ရက် နံနက် ၈ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အမ်းမြို့နယ်အတွင်း ယာဉ်တိုက်မှုလျော့နည်းကျဆင်းရေးအတွက် ပြည်သူများ ဥပဒေကိုလိုက်နာဆောင်ရွက်ခြင်း၊ မိမိကိုယ်တိုင်နှင့် အများပြည်သူ ယာဉ်အန္တရာယ်မှ ကင်းဝေးကာ အသက်အန္တရာယ်ထိခိုက်မှု ပိုမိုလုံခြုံစိတ်ချရစေရန် ရည်ရွယ်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်၊ ရဲတပ်ကြပ်ကြီး အောင်သူရိန်နှင့်အဖွဲ့၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကော်မတီများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများစုပေါင်း၍ အမ်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအနီး၊ မင်းကျောင်းဘုန်းတော်ကြီးကျောင်းအနီး လမ်းဆုံနှင့် ပျဉ်းတောကျေးရွာအနီး လမ်းဆုံများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆိုင်းဘုတ်များစိုက်ထူခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

အမ်းမြို့နယ်အတွင်း၌ ၂၀၁၇ ခုနှစ်တွင် ယာဉ်တိုက်မှု ၂၀ ဖြစ်ပွားခဲ့ပြီး ယခုကဲ့သို့ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများ ယာဉ်တိုက်မှုအန္တရာယ်မှ ကင်းဝေးပြီး ယာဉ်တိုက်မှုလျော့နည်းကျဆင်းမည်ဖြစ်ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# စမတ်ဖုန်းလောကတွင် နည်းပညာစနစ်သစ်များနှင့် ပေါ်ထွက်လာတော့မည့် Huawei Mate 10




သတင်းအချက်အလက်ပေါက်ကြားမှု အမျိုးမျိုးထွက်ပေါ်နေသည့် Huawei မှ နောက်ဆုံးထွက်ရှိလာတော့မည်ဖြစ်သော Mate 10 အမျိုးအစား စမတ်ဖုန်းသည် Huawei ထုတ်စမတ်ဖုန်းများအားလုံး၏ အဆင့်မြင့်ဆုံးစမတ်ဖုန်း တစ်လုံးဖြစ်လာနိုင်ဖွယ်ရှိနေပြီဖြစ်သည်။ မကြာခင်ကာလက ထွက်ရှိထားသော အမြင့်ဆုံးစမတ်ဖုန်းအမျိုးအစားများဖြစ်ကြသည့် Samsung Galaxy Note 8 နှင့် iPhone X တို့၏ စမတ်ဖုန်းလောကအတွင်း နည်းပညာဂယက်ရိုက်ခတ်မှုမှာ အရှိန်ကောင်းနေဆဲပင်ဖြစ်သော်လည်း မကြာခင်ထွက်ပေါ်လာတော့မည့် Huawei Mate 10 မှာလည်း ၎င်းတို့ယှဉ်ပြိုင်မှုအကြားသို့ တိုးဝင်လာနိုင်ဖွယ်ရှိသည်ဟု လေ့လာသူများက သုံးသပ်ထားကြသည်။

AI စနစ်ပါဝင်သည်ဟု သတင်းများထွက်ပေါ်ထားသည့်အတွက် ပိုမိုစိတ်ဝင်စားဖွယ်ကောင်းနေပြီး Huawei ၏ Mate စီးရီးစမတ်ဖုန်းများ၏ အစဉ်အလာအတိုင်း ကြီးမားကျယ်ပြန့်သည့် မျက်နှာပြင် ၅ ဒသမ ၉ လက်မပါဝင်ကာ နောက်ဆုံးထွက် Android 8.0 ပါဝင်မည်ဟုသိရသည်။ Qcta-Core Hisilicon Kirin 970 ပရိုဆက်ဆာ အသုံးပြုတပ်ဆင်ထားပြီး 6 GB RAM နှင့် ဖုန်းအတွင်းသိုလှောင်သိမ်းဆည်းမှုအတွက် 64 GB နှင့် 128 GB ဟူ၍နှစ်မျိုးရှိနိုင်ပြီး Micro SD 256 GB အထိ ထပ်မံထည့်သွင်းအသုံးပြုနိုင်မည်ဟုသိရသည်။

Mate 10 မှာ စမတ်ဖုန်းတစ်လုံးထက်သာလွန်သော လုပ်ဆောင်မှုများစွာပါဝင်လာနိုင်သည့် Intelligence Machine ဖုန်းဟု ခေါ်ဆိုရမည့် နည်းပညာများပါဝင်လာနိုင်သည့် အဆင့်မြင့်စမတ်မိုဘိုင်းအမျိုးအစားတစ်ခုဖြစ်လာနိုင်ဖွယ်ရှိသည်ဟုလည်း ဥရောပနှင့် အမေရိကတစ်ဝန်းရှိ အိုင်တီမီဒီယာအများအပြားမှဖော်ပြထားကြသည်။ ကင်မရာပိုင်းတွင် Leica မှထုတ်လုပ်ထားသော 20MP+12MP ကင်မရာနှစ်လုံးနှင့် Flash မီးနှစ်လုံး ကျောဘက်တွင်ပါဝင်ပြီး အရှေ့ဘက်ကင်မရာမှာ 8 MP ပါဝင်သည်။ Samsung Galaxy Note 8 ကဲ့သို့ မော်နီတာနှင့်ချိတ်ဆက်ပြီး ကွန်ပျူတာကဲ့သို့ အသုံးပြုနိုင်ရန် Kirin 970 u Mate 10 ကို အထောက်အပံ့ပေးထားသည်ဟု သိရသည်။

4000 mAh ပမာဏရှိသည့် ဘက်ထရီပါဝင်ပြီး အားသွင်းရာတွင်လျင်မြန်သည့် Fast Charging စနစ်လည်းပါဝင်မည်ဟုသိရသည်။ ပိုမိုတိကျသည့် Huawei Mate 10 ၏ အချက်အလက်များမှာ အောက်တိုဘာ ၁၆ ရက် နောက်ပိုင်းတွင် ထွက်ပေါ်လာနိုင်ဖွယ်ရှိပြီး တန်ဖိုးသတ်မှတ်ချက်အနေဖြင့် Mate 10 Pro ကို ယူရို ၉၅၀ ဝန်းကျင်နှင့် Mate 10 ကို ယူရို ၉၀၀ ဝန်းကျင်တွင် သတ်မှတ်သွားနိုင်ဖွယ်ရှိသည်ဟု သိရသည်။

ALEX




## 5G ကွန်ရက်စနစ်ကို အိန္ဒိယတွင် စတင်စမ်းသပ်ဖွယ်ရှိ

တရုတ်နိုင်ငံအခြေစိုက် မိုဘိုင်းနှင့် ဆက်သွယ်ရေးပစ္စည်းများထုတ်လုပ်သည့်လုပ်ငန်းဖြစ်သော ZTE က အိန္ဒိယနိုင်ငံရှိ ဆက်သွယ်ရေးကုမ္ပဏီများနှင့် ပူးပေါင်းကာ 5G ကွန်ရက်ကိုစမ်းသပ်ရန် ပူးပေါင်းသဘောတူညီလိုက်ပြီဟု သိရသည်။ ကမ္ဘာ့ကြီးမားဆုံးဆက်သွယ်ရေးဈေးကွက်တွင် နေရာတစ်ခုရရှိနေပြီး ကုန်ကျစရိတ်သက်သာနိုင်ဖွယ်ရှိသော အိန္ဒိယမှာ မကြာခင်စမ်းသပ်တော့မည့် 5G ကွန်ရက်အတွက် အလားအလာကောင်းများရှိနိုင်သည်ဟု ZTE ၏ ဆက်သွယ်ရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လက်ရှိအိန္ဒိယတွင် ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများကို ထုတ်လုပ်ရောင်းချခြင်းဖြင့် ဈေးကွက်ခိုင်မာနေပြီဖြစ်သော Huawei နှင့် Nokia ကဲ့သို့သော နာမည်ကျော်မိုဘိုင်းကုမ္ပဏီများကို ZTE က ယှဉ်ပြိုင်ရန်အတွက် ယခုကဲ့သို့ 5G စနစ်ကို စမ်းသပ်သွားမှာဖြစ်ကြောင်းသိရသည်။ အိန္ဒိယဆက်သွယ်ရေးလုပ်ငန်းများမှလည်း နိုင်ငံတွင်းမိုဘိုင်းဆက်သွယ်ရေးကဏ္ဍမှာ မည်မျှအရေးပါပြီး ဈေးကွက်လိုအပ်ချက်တိုးတက်မှုများရှိနေသည့်အတွက် 5G ကွန်ရက်စမ်းသပ်မှုကို အောင်မြင်စွာပြုလုပ်သွားနိုင်ရန် မျှော်လင့်လျက်ရှိနေပြီး လိုအပ်သည့်အစိုးရအထောက်အပံ့များကိုလည်း ပေးအပ်သွားဖွယ်ရှိသည်ဟု သိရသည်။ အာရှတွင်သာမက ကမ္ဘာ့ဈေးကွက်အတွင်းမှာပင် အိန္ဒိယ၏ဆက်သွယ်ရေးကွန်ရက်များမှာခိုင်မာမှုရှိနေသောကြောင့် ZTE မှ ယခုကဲ့သို့ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခြင်းဖြစ်ပြီး 5G ကွန်ရက် အောင်မြင်ပါကလည်း နိုင်ငံတွင်းဆက်သွယ်ရေးကုမ္ပဏီများကို ဦးစွာလေလံတင် ရောင်းချပေးသွားမည်ဟုသိရသည်။

ALEX



## ကျောင်းနဲ့ခွဲရတော့မယ်ဆိုတဲ့ ခံစားချက်နဲ့ သီချင်းရေးထားတဲ့ နိုရာမို

၂၀၁၄ ခုနှစ် အောက်တိုဘာလမှာ ပူတူတူးလေးတေးစီးရီးခွေ တစ်ခွေထွက်ရှိထားတဲ့ အဆိုတော် နိုရာမိုက အခုလ ၁၅ ရက်နောက်ပိုင်းမှာထွက်ရှိတော့မယ့် သူ့ရဲ့ ဒုတိယမြောက်တေးစီးရီးဖြစ်တဲ့ စိတ်ဆန္ဒတေးစီးရီးခွေနဲ့ပတ်သက်တဲ့ သတင်းစာရှင်းလင်းပွဲကို ဒီနေ့မွန်းလွဲပိုင်းမှာ ရန်ကုန်မြို့ Orchid ဟိုတယ်မှာ ကျင်းပခဲ့ပါတယ်။

အဲဒီစီးရီးခွေနဲ့ပတ်သက်ပြီး နိုရာမိုက "ပထမအခွေနဲ့ လုံးဝမတူတော့ဘူး။ အသံပိုင်းဆိုင်ရာကအစ ရိုက်တဲ့ပုံစံတွေရော အားလုံးမတူဘူး။ ပိုပြီးတော့ ကြိုးစားထားတယ်။ အကောင်းဆုံးတွေကို ရွေးထုတ်ထားတယ်။ ဒါပေမယ့် အဲဒီထဲမှာ ငါ့အတွက်မပူပါနဲ့ သီချင်းရယ်၊ သက်ရှိရုပ်သေးသီချင်း ကို အကြိုက်ဆုံးပါပဲ"လို့ပြောပါတယ်။ စိတ်ဆန္ဒစီးရီးခွေကို ဇင်ဗိုလ်၊ နေထက်၊ စိုးပိုင်ကြီး အပါအဝင် တေးရေးဆရာလေးဦးက ရေးသားထားပြီး တေးသီချင်း ၁၂ ပုဒ်ပါဝင်ကြောင်း သိရပါတယ်။

"ညီမကိုယ်တိုင်ရေးထားတဲ့ သီချင်းတစ်ပုဒ်လည်းပါတယ်။ အဲဒီသီချင်းက တောင်ကြီးတက္ကသိုလ်အကြောင်းလေးပါ။ နောက်ဆုံးနှစ်တက်ပြီး ကျောင်းနဲ့ခွဲရတော့မယ်ဆိုတဲ့ ခံစားချက်နဲ့ရေးထားတာပါ။ သီချင်းနာမည်က အမိတက္ကသိုလ် ဖြစ်ပါတယ်"လို့ နိုရာမိုက ပြောပါတယ်။

နိုရာမိုဟာ စက်တင်ဘာလတွင် ရူပဗေဒဘာသာရပ်ဖြင့် ကျောင်းပြီးထားကြောင်း သိရပါတယ်။ **(ဇာနည်မောင်)**



## လတ်စ်ဗီးဂတ်စ်မှာ ဒဏ်ရာရခဲ့တဲ့ ရဲဆီ ပန်းလက်ဆောင်ပို့ပေးခဲ့တဲ့ တေလာဆွစ်

ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်က ယခုလအစမှာ ဖြစ်ပွားခဲ့တဲ့ လတ်စ်ဗီးဂတ်စ်ဖျော်ဖြေပွဲတစ်ခုက ပစ်ခတ်တိုက်ခိုက်ခံခဲ့ရမှုမှာ ထိခိုက်ဒဏ်ရာရခဲ့တဲ့ ရဲမေတစ်ဦးဆီကို အမှတ်တရပန်းစည်းလက်ဆောင် ပေးပို့ခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ကဖြစ်ပွားခဲ့တဲ့ တိုက်ခိုက်မှုတစ်ခုအတွင်း လတ်စ်ဗီးဂတ်စ်က ကာစီနိုတစ်ခုရဲ့ ဟိုတယ်တစ်ခုကနေ ကွင်းပြင်မှာ ကျင်းပနေတဲ့ ကန်းထရီးတေးဂီတဖျော်ဖြေပွဲတစ်ခုမှာ လာရောက်အားပေးခဲ့ကြတဲ့ လူအုပ်ဆီကို သေနတ်သမားတစ်ဦးက တရစပ်ပစ်ခတ်ခဲ့တာကြောင့် လူပေါင်း ၅၀ ကျော်သေဆုံးခဲ့ပြီး ၅၀၀ ကျော်ဒဏ်ရာရခဲ့တာဖြစ်ပါတယ်။ ဒီလိုထိခိုက်ဒဏ်ရာရခဲ့ကြသူတွေထဲမှာ ဒေသခံရဲတွေလည်းပါဝင်ခဲ့ပြီး ဒဏ်ရာရခဲ့တဲ့ ရဲမေတစ်ဦးအတွက် အားပေးတဲ့အနေနဲ့ ပန်းစည်းတွေနဲ့ ပန်းတွေကို တေလာဆွစ်က ရဲမေတာဝန်ထမ်းဆောင်ရာ လော့စ်အိန်ဂျလိစ်ရဲဌာနကို ပေးပို့ခဲ့တာဖြစ်ပါတယ်။

လတ်တလောမှာ အသက်(၂၇)နှစ်အရွယ်ရှိပြီဖြစ်တဲ့ တေလာဆွစ်က လတ်စ်ဗီးဂတ်စ် ဖျော်ဖြေပွဲတိုက်ခိုက်ခံရမှုအတွင်း ထိခိုက်ဒဏ်ရာရခဲ့တဲ့ ရဲမေတစ်ဦးဆီကို ပန်းလက်ဆောင်ပေးပို့ခဲ့ရာမှာ လက်ဆောင်ရရှိခဲ့တဲ့ ရဲမေက တေလာဆွစ်ပေးပို့ခဲ့တဲ့လက်ဆောင်တွေထဲက ပန်းစည်းတစ်ခုရဲ့ဓာတ်ပုံကို အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာဖြစ်ပါတယ်။ ဒီလိုဖော်ပြခဲ့ရာမှာတော့ ရဲမေက တေလာဆွစ်ဆီက ပန်းစည်းတွေနဲ့ ပန်းတွေများစွာရရှိခဲ့ပြီး လက်ဆောင်ရခဲ့တဲ့ပန်းတွေထဲက အရွယ်အစားသေးတဲ့ပန်းစည်းတစ်စည်းကိုသာ ဓာတ်ပုံရိုက်ဖော်ပြခဲ့တာဖြစ်ကြောင်းနဲ့ လက်ဆောင်ပေးပို့ခဲ့တဲ့ တေလာကို ကျေးဇူးတင်ပြီး လေးစားပါကြောင်း စာသားတွေကို ဓာတ်ပုံရဲ့ အောက်ခြေမှာ ထည့်သွင်းရေးသားဖော်ပြခဲ့ကြောင်းလည်း သိရပါတယ်။

## တောင်ကိုရီးယားဒရမ်မာဆုပေးပွဲ ကျင်းပပြီးစီး

တောင်ကိုရီးယားရဲ့ အထင်ကရအနုပညာဆုပေးပွဲတစ်ပွဲဖြစ်တဲ့ ဒရမ်မာဆုပေးပွဲကို ပြီးခဲ့တဲ့ အောက်တိုဘာ ၂ ရက်က ဆိုးလ်မှာရှိတဲ့ ဂွန်နမ်ယဉ်ကျေးမှုနဲ့အနုပညာစင်တာမှာ ကျင်းပခဲ့ရာမှာတော့ နာမည်ကျော်အနုပညာရှင်များစွာ တက်ရောက်ခဲ့ကြကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။ ယခုနှစ်အတွက် ရည်ရွယ်ကျင်းပတဲ့ ကိုရီးယားဒရမ်မာဆုပေးပွဲမှာ တစ်နှစ်အတွင်း ထွက်ရှိခဲ့တဲ့ ရုပ်ရှင်တွေနဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တွေမှာ ပါဝင်ထားကြတဲ့ အနုပညာရှင်တွေနဲ့ အနုပညာလက်ရာတွေထဲက ထူးချွန်သူတွေကိုရွေးချယ်ကာ ဆုပေါင်း ၁၈ ဆု ချီးမြှင့်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

ပြီးခဲ့တဲ့ တစ်နှစ်တာကာလအတွင်း ထွက်ရှိခဲ့သမျှသော ဒရမ်မာရုပ်ရှင်တွေအနက် အကောင်းဆုံးအဖြစ်ရွေးချယ်ခံခဲ့ရတဲ့ရုပ်ရှင်ကတော့ နှစ်ကားရှိတာကို တွေ့ရပါတယ်။ ယခုနှစ်ရဲ့ အကောင်းဆုံးရုပ်ရှင်အဖြစ် ရွေးချယ်ခံခဲ့ရတဲ့ ရုပ်ရှင်တွေကတော့ ဇာတ်လမ်းတွဲရုပ်ရှင်တွေဖြစ်ကြပြီး 'Goblin' နဲ့ 'Monarch - Owner of the Mask'တို့ဖြစ်ကြပါတယ်။ 'Goblin'ကတော့ နာမည်ကျော် လူလတ်ပိုင်းမင်းသားတွေဖြစ်ကြတဲ့ ဂွန်ရိုးနဲ့ လီဒေါင်ဝတ်ခ်တို့ ခေါင်းဆောင်ပါဝင်ထားတဲ့ဇာတ်လမ်းတွဲတစ်ကားဖြစ်ပြီး 'Monarch - Owner of the Mask'ကတော့ တက်သစ်စလူငယ်သရုပ်ဆောင်တွေ ခေါင်းဆောင်ပါဝင်ထားတဲ့ရုပ်ရှင်ဖြစ်ပါတယ်။

ယခုနှစ်ရဲ့ အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆုကိုတော့ "Whisper"ရုပ်ရှင်မှ ကွန်ယူလ်နဲ့ "Rebel - The Thief Who Stole People"မှ ကမ်ဂျီဆန်ခ်တို့က ပူးတွဲဆွတ်ခူးခဲ့ကာ အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆုကိုတော့ ဟန်နီလီက "Rebel - The Thief Who Stole People"ရုပ်ရှင်နဲ့ သိမ်းပိုက်နိုင်ခဲ့တာဖြစ်ပါတယ်။ ယခုနှစ်ရဲ့ ကြယ်ပွင့်ဆုကိုတော့ "Goblin"မှ ယွတ်ခ်ဆန်းဂျေးက ရရှိခဲ့ပြီး အကျော်ကြားဆုံးသရုပ်ဆောင်ဆုကိုတော့ "Woman of Dignity"မှ လီတေးအင်မ်က ပိုင်ဆိုင်နိုင်ခဲ့တာဖြစ်ပါတယ်။ ရေပန်းအစားဆုံးဇာတ်ကောင်ဆုကိုတော့ "Goblin" ရုပ်ရှင်မှ ပေ့ါခ်ကွန်ဟီးနဲ့ ကမ်ဗြောင်ချူးတို့က ရရှိခဲ့ကာ အကောင်းဆုံးဇာတ်ဝင်တေးသီချင်းဆုကိုတော့ "Chief Kim" ရုပ်ရှင်မှာပါဝင်တဲ့ တေးသံရှင် ဒင်းန်ဒင်းန်ရဲ့ "Must Be The Money" တေးသီချင်းက ဆွတ်ခူးခဲ့တာဖြစ်ပါတယ်။



အေးပြည့် စုစည်းသည်

## နှစ်နှစ်အတွင်း ပထမဆုံးအကြိမ် ပြန်လည်အသက်ဝင်လာမယ့် Fly to the Sky



တောင်ကိုရီးယားရဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Fly to the Sky"ဟာ မကြာမီမှာတော့ တေးဂီတလှုပ်ရှားမှုအသစ်တွေနဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာတော့မှာ ဖြစ်ပါတယ်။ အဖွဲ့ဝင်နှစ်ဦးနဲ့ ဖွဲ့စည်းထားတဲ့ ယင်းတေးဂီတအဖွဲ့ဟာ တေးသီချင်းသစ်တွေကို ထုတ်လွှင့်နိုင်ခဲ့ခြင်းမရှိတာ နှစ်နှစ်ခန့်ကြာခဲ့ပြီဖြစ်ကာ မကြာမီမှာတော့ ပြန်လည်လှုပ်ရှားအသက်ဝင်လာတော့မှာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာ ၁ ရက်မှာတော့ ယင်းတေးဂီတအဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ အိတ်ရှ်တူးမီဒီယာက အဖွဲ့ရဲ့ လှုပ်ရှားမှုတွေနဲ့ပတ်သက်ပြီး မီဒီယာတွေကို တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့တာလည်း ဖြစ်ပါတယ်။

အိတ်ရှ်တူးမီဒီယာက "အဖွဲ့ဟာ လာမယ့် နိုဝင်ဘာလအတွင်းမှာ ပရိသတ်ရှေ့အရောက်ပြန်လာနိုင်မယ်လို့ မှန်းထားပါတယ်။ အဖွဲ့ရဲ့တေးသီချင်းသစ် ထုတ်လွှင့်မှုတွေနဲ့အတူ ယခုနှစ် ဖျော်ဖြေပွဲတွေ ပြုလုပ်သွားနိုင်ဖို့ကိုလည်း စီစဉ်ထားတာဖြစ်ပါတယ်။ ဒါ့အပြင် တေးဂီတအစီအစဉ်များစွာမှာလည်း ပါဝင်သွားမှာဖြစ်ပါတယ်"လို့ ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။


အဖွဲ့ရဲ့ နောက်ဆုံးထွက်ရှိခဲ့တဲ့ မီနီတေးအယ်လ်ဘမ် "Love & Hate"ကို ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်း စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး လာမယ့် နိုဝင်ဘာလအတွင်း တေးဂီတလှုပ်ရှားမှုအသစ်တွေနဲ့အတူ ပရိသတ်ရှေ့ ပြန်လည်ပေါ်ထွက်လာရာမှာလည်း အဖွဲ့အနေနဲ့ မီနီတေးအယ်လ်ဘမ်ကို စတင်ထုတ်လွှင့်နိုင်ကြောင်း တောင်ကိုရီးယား မီဒီယာတစ်ခုဖြစ်တဲ့ စွန်ပီဒေ့ါကွန်းက ရေးသားဖော်ပြထားတာကိုလည်း တွေ့ရပါတယ်။




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## ချစ်တတ်ရင်ကုသိုလ် မချစ်တတ်ရင်အကုသိုလ်




အရှင်ပုညဇယ(မိုးမေတ္တာအရှင်)စီစဉ်သော ချစ်တတ်ရင်ကုသိုလ် မချစ်တတ်ရင်အကုသိုလ်စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင်ပေးလိုက်သောမက်ဆေ့လေးကတော့ အချစ်ရှိနေသူအားလုံးအတွက် ကုသိုလ်တွေရရှိသွားစေချင်သောစေတနာဖြင့် မက်ဆေ့လေးပဲဖြစ်သည်။ တချို့တချို့သောသူများသည်အချစ်အတွက်နှင့် ခိုက်ရန်ဖြစ်ပွားကြတာတွေ၊ အချစ်အတွက်နှင့်မုဒိတာစကားတွေပြောနေကြတာတွေနှင့်လုံးချာလည်ပြီး အကုသိုလ်တွေဖြင့်သာ အချိန်ကုန်နေကြမည်ကို စိုးရိမ်သောကြောင့်အချစ်ဆိုသောအရာဟာ ချစ်တတ်ရင်ကုသိုလ်တွေရနေသည်ကို အသိလေးတစ်ခုထည့်ပေးလိုက်ခြင်းဖြစ်ကြောင်း အဆိုပါ စာအုပ်တွင် ရေးသားထားသည်။

**စာအုပ်ကို DUTYစာပေ၊ အမှတ် - ၄၉၉၊ ၆ လွှာ(က)၊ ဓမ္မာရုံလမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိသည်။**

## နေပျော်ကြည်မြ ရွှင်လန်းတူရိယာ




မိမိဘဝ၏ပျော်ရွှင်ကြည်နူးမှုများကို ကိုယ်တိုင်ဖန်တီးကာ စိတ်ရွှင်လန်းမှုကိုပြုလုပ်တတ်ကြသဖြင့် အတ္တကျော်စီစဉ်သော နေပျော်ကြည်မြ ရွှင်လန်းတူရိယာစာအုပ်ထွက်ရှိလာသည်။

ကျွန်တော်တို့တစ်ဦးစီရဲ့ဘဝတွင်လည်း တေးသွားလေးများကိုတီးခတ်ဖန်တီးပြီးနေကြရာ ပထမတော့မိမိမှာရှိသောတီးခတ်မှုပြည့်ပြည့်စုံစုံဖြင့် တီးခတ်ကြပြီး ထိုသို့မှမဖြစ်နိုင်သောအခါမိမိတွင်ရှိသောကျန်ရှိသမျှစွမ်းအားနှင့်ပင် အသာယာဆုံးနှင့် အကောင်းဆုံးဖြစ်အောင်ဖန်တီးရမည်မှာ မိမိသာဖြစ်သည်။ ထို့ကြောင့် လူတစ်ယောက်ကကိုယ့်ကိုနာကျင်အောင်လုပ်လိုက်တယ်၊ သစ္စာဖောက်သွားတယ်၊ အသည်းကွဲအောင် လုပ်လိုက်တယ်ဆိုလျှင် ထိုသူကိုခွင့်လွှတ်လိုက်စမ်းပါ၊ ကျေးဇူးတင်လိုက်စမ်းပါ။ ထိုသူသင်ပေးသော ယုံကြည်မှုဆိုတဲ့ အခန်းကဏ္ဍကို ကိုယ်ကနားလည်လိုက်ခြင်းသည် ကိုယ်ကစိတ်ရောကိုယ်ပါနစ်ပြီး ယုံမှတ်ပေါင်းသင်းတတ်သည့်အကျင့်စရိုက်သည် နောင်အခါတွင် သတိနှင့် ဆင်ဆင်ခြင်ခြင်ထိန်းထိန်းသိမ်းသိမ်း နေထိုင်တတ်စေရန် သင်ပေးလိုက်ခြင်းဖြစ်သည်။

**စာအုပ်ကို နန်းဒေဝီစာပေ၊ အမှတ် - ၂၀၀(ပထမထပ်)၊ ၃၆ - လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၃၈၃၀၂၅နှင့် ၀၁ - ၃၉၁၆၃၃တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။**

## ပုထုဇနော ဥမ္မတကော (အရှူးများ)




လောကသားတို့မှာ ယုတ်တာနဲ့မြတ်တာ၊ အကောင်းနဲ့အဆိုး၊ သင့်တာနဲ့ မသင့်တာ ဒွန်တွဲနေသည်ကို အောင်မော်စံဆရာတော်(ကချင်ပြည်နယ်)စကြာကောင်းစံစီစဉ်သည့် ပုထုဇနော ဥမ္မတကော(အရူးများ)စာအုပ်ထွက်ရှိလာသည်။

ဤလောကကြီးတွင် အာဏာရူး၊ ဥစ္စာရူး၊ တဏှာရူး၊ အချစ်ရူး၊ လင်တရူး၊ မယားတရူး၊ ဝမ်းတွင်းရူး၊ သွေးရူး၊ လေရူး၊ ရောဂါရူး၊ နတ်ရူး၊ ဓာတ်ရူး၊ ယဉ်ယဉ်လေးရူး၊ အရိုးထိအောင်ရူး၊ အင်းရူး၊ ဆေးရူး၊ မင်းသားရူး စသည်ဖြင့် အရူးမျိုးစုံရှိလေသည်။ ထိုအရူးများကို သုံးလောကထွဋ်ထား မြတ်စွာဘုရားက ပုထုဇနော ဥမ္မတကောဟုဟောကြားခဲ့လေရာ ပုထုဇဉ် လူသားများအဖို့ တစ်မျိုးမဟုတ်တစ်မျိုးရူးနေတတ်သည်။ အချို့ကလည်း ရူးမှထူးသည်ဟုဆိုကြသည်။ စာရေးဆရာ အောင်မော်စံဆရာတော်၏ပုထုဇနောဥမ္မတကော(အရူးများ)စာအုပ်သည် ရူးတာရော၊ ထူးတာရောအစုံပါဝင်ရေးသားထားသော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ် - ၂၃၇၊ ပထမထပ် - ဝဲ၊ ၃၉ - လမ်း(အပေါ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၈၃၉၂၈၃၅နှင့် ၀၉ - ၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။**

## ဒါတွေသင်သိသလား ၂၀၁၇ အမေးနှင့်အဖြေစွယ်စုံကျမ်း





ဂျူနီယာဝင်းစီစဉ်သော ဒါတွေသင်သိသလား ၂၀၁၇ အမေးနှင့်အဖြေစွယ်စုံကျမ်းစာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် Academic Weekly Journal တွင် စာရေးသူ ၂၀၁၄ ခုနှစ်ကစတင်၍နှစ်နှစ်တာအပတ်စဉ်ရေးသားဖြစ်သော စွယ်စုံကျမ်း အမေးအဖြေများကို စုစည်းကာထုတ်ဝေလိုက်ခြင်းဖြစ်သည်။ ယခုစာအုပ်မှာ စာအုပ်များစွာဖြစ်သော Why, When, How, Environment, Discovery 5000 Amazing Facts, Tell Me Everything 2014, Encyclopedia 2012, 2014 များမှ ကောင်းနိုးရာရာများကို စုစည်းရေးသားထားခြင်းဖြစ်သည်။ ထို့အပြင် အင်တာနက်များ၊ Encyclopedia စာအုပ်များထဲမှ အကြောင်းအရာများကိုရှာဖွေပြီး မေးခွန်းများဖြည့်စွက်ကာပြည့်စုံအောင်ရေးသားထားသည်။

**စာအုပ်ကို ရန်အောင်စာပေ၊ အ - ထ - က(၁) ရန်ကင်းကျောင်းရှေ့၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၅၁၇၉၃၉၈နှင့် ၀၉ - ၇၃၂၂၃၄၂၁တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။**

## လက်ရွေးစင်ဂန္ထဝင်အင်္ဂလိပ်ကဗျာများနှင့် မြန်မာပြန်ဆိုဖွဲ့စည်းခြင်း





မျိုးဆက်သစ် အင်္ဂလိပ်စာမြတ်နိုးသူများအတွက် ကောင်းမြတ်သောပညာအမွေအဖြစ် အကျိုးရှိရှိလေ့လာနိုင်စေရန် ရည်ရွယ်၍ ဦးဘသန်း(မဟာဝိဇ္ဇာ) စီစဉ်တင်ပြထားသော လက်ရွေးစင်ဂန္ထဝင်အင်္ဂလိပ်ကဗျာများနှင့် မြန်မာပြန်ဆို ဖွဲ့စည်းခြင်းစာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့်စုစည်းထားပြီး ရသပြည့်ဝစွာခံစားနိုင်စေရန် ကဗျာတို အပုဒ် ၃၀နှင့် ကဗျာအရှည် သုံးပုဒ်ကို အရွယ်သုံးပါးစလုံး ရသစုံခံစားနိုင်စေရန် အပေ့ါအလေး၊ အတိမ်အနက်၊ အတိုအရှည်စသည်ဖြင့် ကဗျာဖတ်သူများမငြီးငွေ့စေရန် ဘာသာပြန်ဆိုထားသည့်အပြင် အင်္ဂလိပ်နှင့် မြန်မာဘာသာဖြင့် ကဗျာတစ်ပိုဒ်ချင်းစီကိုယှဉ်ကာဖွဲ့နွဲ့ပြန်ဆိုထားသဖြင့် ကဗျာ၏ရသကိုနှစ်နှစ်ကာကာ ခံစားနိုင်မည်ဖြစ်သည်။ ထူးခြားသောတင်ပြမှုအနေဖြင့် မြန်မာကဗျာစာဆိုဇော်ဂျီ၏ “သင်သေသွားသော်”ကဗျာကိုရသခံစားနိုင်စေရန် မူရင်းဖော်ပြပြီး စာရေးသူက When you die ခေါင်းစဉ်ဖြင့် အင်္ဂလိပ်ဘာသာဖြင့်ပြန်ဆိုဖွဲ့စည်းထားသောကြောင့် ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို ဦးဘသန်း(မဟာဝိဇ္ဇာ) ဖုန်း - ၀၉ - ၇၇၇၃၉၂၇၁၀နှင့် ၀၉ - ၇၉၈၂၅၇၆၇၁တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့်ဖြန့်ချိသည်။**

## ခေတ်မီ အသုံးဝင် ပညာရပ်ဆိုင်ရာ အတိုကောက်ဝေါဟာရများ




အတိုကောက်စကားလုံးလေးများသည် နည်းပညာခေတ်ကြီးတွင် လိုက်လို့မမီနိုင်အောင်မြန်ဆန်လွန်းလှသောကြောင့် လူငယ်များသာမက အတွေ့အကြုံရင့်ကျက်သည့်ပညာရှင်တွေကပါ ဘက်ပေါင်းစုံမှပြောဆိုလာနေကြသည့်အတွက် နေမင်းရာဇာ အယ်ဒီတာအဖွဲ့ကစီစဉ်သော ခေတ်မီအသုံးဝင် ပညာရပ်ဆိုင်ရာ အတိုကောက်ဝေါဟာရများစာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် လုပ်ငန်းဝင်အတွေ့အကြုံ၊ ဝင်ခွင့်စာမေးပွဲ၊ ကုမ္ပဏီအင်တာဗျူး၊ ဝန်ကြီးဌာနစသည်တို့တွင်မေးလေ့မေးထရှိသော အတိုကောက်နှင့်ပတ်သက်သည့် ဝေါဟာရများကို အနည်းနှင့် အများသင်သိထားဖို့လိုမည်ဖြစ်သည်။ ဆိုလိုသည်က သင်ဟာ အတန်းပညာ၊ အသက်ဘယ်လောက်ပင်ရှိနေသည်က အရေးမကြီးသော်လည်း ထိုစာအုပ်ကလေးကိုလေ့လာခြင်းဖြင့် မိမိ၏ဘဝအတွက် ဗဟုသုတကြွယ်ဝပြီး တိုးတက်မြင့်မားလာအောင် ပြောင်းလဲပေးနိုင်ခြင်းကြောင့် လေ့လာသင့်သောစာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

**စာအုပ်ကို လင်းထိန်စာပေ၊ အမှတ် - ၂၃၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၇၈၄၄၄၄၀၁၆နှင့် ၀၉ - ၄၄၃၁၀၀၂၇၄ တို့မှတန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။**

## အင်းစိန်လမ်းညွှန်




ဦးဖာရေးသားပြုစုသည့် အင်းစိန်အကျဉ်းထောင်အကြောင်းကို ရည်ညွှန်းထားသော “အင်းစိန်လမ်းညွှန်”စာအုပ်ထွက်ရှိလာသည်။

စာအုပ်ကိုရေးသားပြုစုသူ ဦးဖာ ခေါ် ဇော်ဇော်၏ မျက်မှောက်ကာလ အင်းစိန်အကျဉ်းထောင်အတွင်းမှ အတွေ့အကြုံများကိုတင်ပြထားသည်။ ဆက်သွယ်ရေး ဥပဒေပုဒ်မဖြင့် စတင်အဖမ်းခံရသည်မှအစ ရုံးတင်တရားအစွဲခံရခြင်း၊ အင်းစိန်အကျဉ်းထောင်တွင် အချုပ်သားဘဝနှင့်နေရခြင်းနှင့် ထောင်တွင်းအချုပ်သားဘဝ အတွေ့အကြုံများကို ရှင်းလင်းဖော်ပြထားသည်။ စာရေးသူ၏ အင်းစိန်အကျဉ်းထောင်အတွင်းမှ စိတ်လှုပ်ရှားဖွယ်ရာများ၊ ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာများ၊ စိတ်ညစ်စရာစိတ်ပျက်စရာများကို မနေအပ်သည့်အရပ်၏ အဖြစ်အပျက်များအား ထောင်တွင်းဗဟုသုတများအဖြစ်ပြန်လည်မျှဝေပေးထားသည်။ ဘဝတူ အကျဉ်းကျခံနေရသော အကျဉ်းသားများ သက်သာချောင်ချိမှုရှိစေရေးအတွက် အသိပေးနှိုးဆော်ထားသော စာအုပ်တစ်အုပ်ဟုလည်း ပြောနိုင်ပါသည်။

**စာအုပ်ကို စွယ်တော်စာပေတိုက်မှ ထုတ်ဝေပြီး ကိုဇော်ဇော်၊ ဖုန်း - ၀၉ - ၂၅၄၁၄၆၃၉၉ က တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့်ဖြန့်ချိထားသည်။**

## ဓညဝတီအရေးတော်ပုံနဲ့ မဇ္ဈိမဒေသရဲ့တော်လှန်ရေးအကြောင်း




ဇာနီအောင်(ရမ္မာဝတီ)ရေးသားပြုစုသည့် ရခိုင်သူပုန်၊ ဓညဝတီအရေးတော်ပုံနဲ့ မဇ္ဈိမဒေသရဲ့ တော်လှန်ရေး အကြောင်း စာအုပ်ထွက်ရှိလာသည်။

စာရေးသူသည် နိုင်ငံရေးသမား၊ ပညာရှင်တစ်ဦးမဟုတ်ကြောင်းဝန်ခံထားပြီး ယခုစာအုပ်ကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် အရင်းခံဖြင့် ပြုစုရေးသားတင်ပြထားသည်။ နိုင်ငံသူ၊ နိုင်ငံသားများအတွက် အဖိုးအနဂ္ဃထိုက်တန်သည့် နိုင်ငံချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အနက်အဓိပ္ပာယ်ရသော ဝံသာနုရက္ခိတစိတ်ဓာတ်ကို ပြည်သူတို့၏ ရင်တွင်းအသည်းနှလုံးအတွင်း၌ ကိန်းအောင်းမွေ့လျော်နေစေရန်အတွက် “ဝံသာနုရက္ခိတ” သဘောတရားများကို ဤစာအုပ်တွင် ရှင်းလင်းတင်ပြထားသည်။ စာအုပ်တွင် ရှင်းလင်းဖွင့်ဆိုထားရာ၌ ရခိုင်သမိုင်း အများစုကို ရည်ညွှန်းထားသည်။ သမိုင်းစာအုပ်မဟုတ်သော်လည်း သမိုင်းကိုအခြေခံသည့် အမျိုးသားရေးစိတ်ဓာတ်ကို လှစ်ဟဖွင့်ဆိုထားသောစာအုပ်ဖြစ်သည်။

**အဆိုပါစာအုပ်ကို ရွက်ကျပင်ပေါက်စာစဉ်ဖြန့်ပွားရေး အမှတ် - ၃၃၆၊ (၇)လမ်းသွယ်၊ ဗဟိုရ်လမ်းမ၊ အပိုင်း (၄)ငမိုးရိပ်ရပ်ကွက်၊ သယ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၃၁၅၆၉၃၈၀ က တန်ဖိုးကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားသည်။**




## ပျောက်ဆုံးကြောင်း

ဦးလင်းထက်ကို (၁၀/သသန(နိုင်)၁၀၁၅၇၅) ၏ နိုင်ငံကူးလက်မှတ်မှာ ခရီးသွားစဉ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

